THOE SAING

www.burmeseclassic.com



သိသောသူမည်ကား

# ကြားပါစေ....

သိုးဆောင်း

SHWE THAMIEE PUBLISHING HOUSE

www.burmeseclassic.com

www.burmeseclassic.com



SHWE THAMEE PUBLISHING HOUSE



# သိုးဆောင်း

သိသောသူမည်ကား ကြားပါစေ . . .

ရွှေသမီးစာပေ
အမှတ်၊ ၁၉၂ (၃၉)လမ်း ကျောက်တံတား ၊ရန်ကုန်မြို့။
ဖုန်း ၊ ၀၁ ၂၄၂၂၁၉ ၊ ၀၉ ၅၁၀၁၁၉၀။

www.burmeseclassic.com

www.burmeseclassic.com

[redacted]

သားသား စိစစ်၍

ရွှေ သ မီး စာ ပေ မှ
တင်ဆက်သည်။

အကြိမ်
ပထမအကြိမ်

ထုတ်ဝေသူ
ဦးတင်ကိုကို (ရွှေသမီးစာပေ)
အမှတ်-၁၂၅၊ ၃၉ လမ်း ကျောက်တံတား ရန်ကုန်။

ပုံနှိပ်သူ
Grace Printing House

စာအုပ်ချုပ်
ရွှေသမီး
အဆင့်မြင့်စာအုပ်ချုပ်လုပ်ငန်း

ပုံနှိပ်ခြင်း
၂၀၁၄ ခုနှစ် ၊မေလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၂၀၀၀ ကျပ်

အဆောင်း ၈၉၅.၈၃

( သိသောသူမည်ကား ကြားပါစေ ) သိုးဆောင်း ၊ ရန်ကုန်၊
ရွှေသမီးစာပေ၊ ၂၀၁၄
-စာ၊ ၁၂၅၊ ၁၉.၅ စင်တီ။
(၁) သိသောသူမည်ကား ကြားပါစေ

# သိသောသူမည်ကား ကြားပါစေ . . .

www.burmeseclassic.com

www.burmeseclassic.com

သိသောသူမည်ကား ကြားပါစေ . . .

၆ - JUN 2014

အနုပညာဖန်တီးမှုသက်သက်ဖြစ်ပါသည်။

ရွှေသုန္ဒရီသီချင်း၏ ကောင်းမွန်သော ရည်ရွယ်ချက်နှင့် အဓိပ္ပာယ်အား သွေဖည်ပျက်စီးစေလိုသော ဆန္ဒ တစ်စုံတစ်ရာ မရှိပါ။

ထိုသို့ ဖြစ်သွားပါက ဂီတစာဆို စိန်မောင်မြင့်နှင့် ရွှေသုန္ဒရီ ပရိသတ်ကြီးအား အထူးပင် တောင်းပန်ရပါကြောင်း . . .



www.burmeseclassic.com

www.burmeseclassic.com

သူဟာ ကောင်မလေးတစ်ယောက်ကို ဆောင်းတွင်းလေးတစ်ခု လို ချစ်ခဲ့ဖူးပါတယ်။ ဆောင်းတွင်းလေးနွေးစေဖို့ သူ့ကိုယ်သူ မီးအဖြစ် အကြိမ်ကြိမ် မွေးပေးခဲ့ဖူးတယ်။ ရောင်နီသွေးတိုင်း ဝေးမှာစိုးလို့ နေလုံးကြီးကိုလည်း ကျောအပြည့် ကွယ်ပေးခဲ့ဖူးတယ်။ နွေဆိုတဲ့ အရာနဲ့ မုတ်သုန်ဆိုတဲ့ စကားလုံးကိုလည်း မဆီမဆိုင် အမိုက်ဇာတ် သွင်းပစ်ခဲ့ဖူးပါတယ်။

အဲဒါကြောင့်ပဲလား မသိဘူး။ နောက်ပိုင်း မြန်မာပြည်မှာ မုတ်သုန် အဝင်နည်းသွားတယ်။ နွေကတော့ အပြုံးမပျက်စွာ ဆက်လက်မင်းမူနေရဲ့။ ပြုန်းတီးသွားတဲ့ သစ်တောတွေလိုပါပဲ။ အချစ်ဆိုတဲ့မီးနဲ့ သူဟာ လောင်မြိုက်နေခဲ့တာပါ။ သို့သော်လည်း အချစ်ကြီးတတ်အောင် လေ့ကျင့်ထားတာမို့ ပူလို့ပူမှန်းလည်း မသိခဲ့ဘူးလေ။

မျက်နှာမြင် ချစ်ခင်ပါစေလို့ ဘယ်နတ်ဘုရားထံမှာမှ ဆုတောင်းထားခဲ့ဟန် မတူပါဘူး။ ထိုဆုနဲ့လည်း မပြည့်ခဲ့ပါဘူး။ သူမမျက်နှာက မြင်ရသူအပေါင်းကို တစိမ့်စိမ့်အေးပြီး တသိမ့်သိမ့် နွေးစေတာပါ။

ရှိန်းမြနွေးထွေး ရင်ထဲက ကံ့ကော်လေး တစ်ပွင့်လို၊ မွေးအိဝါ ရွှေပါးပေါ်က သနပ်ခါးလေး တစ်စက်လို မထိရက်၊ မကိုင်ရက်ကို ချစ်ခဲ့တာပါ။



ဒါဟာ မချစ်မနေရ အမိန့်နဲ့ နှလုံးသားကို တစ်ချက်လွှတ် ပြဋ္ဌာန်းထားတာ မဟုတ်ဘူး။ လွတ်လပ်စွာ ရွေးချယ်ခွင့်၊ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ တွေးခေါ်ခွင့် စတဲ့ လွတ်လပ်မှုတွေ တစ်သီကြီးနဲ့ ကိုယ်တိုင်တွေး၊ ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ထုဆစ်ပုံဖော်ထားတဲ့ ရာစုသစ် ကျောက်ဆစ်ရုပ်လေး တစ်ရုပ်ပေါ့။

လက်ထဲမှာ လွတ်လပ်စွာ ချစ်ပိုင်ခွင့်ဆိုတဲ့ အသည်းလေးတစ်ခြမ်းကို ကိုင်ထားပြီး နောက်တစ်ခြမ်းကတော့ သူမရင်ဘတ်ထဲမှာ ရှိနေတယ်။ ၂၀၁၅ (သို့) ၂၀၂၀ ရဲ့ ဒီဇင်ဘာတစ်ရက်မှာတော့ ထိုအသည်း နှစ်ခြမ်း ပြန်လည်ပေါင်းဆည်းပါလိမ့်မယ်။

ကတိပြုထားတယ်။ သစ္စာဆိုထားတယ်။ လွတ်လပ်သော နိုင်ငံတော်သစ်မှာ ယဉ်ကျေးသော သိက္ခာရှိသော ထိန်းသိမ်းနိုင်သော အချစ်ဖြူဖြူတွေနဲ့ ချစ်ကြမယ်လို့ပေါ့။

နှင်းဆီနုတ်ခမ်း၊ ညနေရောင် အပြုံးနဲ့ စံပယ်ညတွေ၊ သစ်ရွက်ကြွေတိုင်း ပြုံးတတ်တဲ့ မင်းရဲ့ ဓလေ့ချိုချို စတာ . . . စတာတွေနဲ့ ရင်ထဲမှာ တနင့်တပိုး အရဲကိုး ချစ်ခဲ့ရတာပါ။

လသာတဲ့ ညတွေဆို ကောင်းကင်ကိုကြည့်ပြီး ရင်ဘတ်နဲ့ ဂျက်ပင်ထိုးဖြစ်တယ်။ အဲဒီအခါမှာ သူမပြောဖူးတဲ့ စကားတစ်ခွန်းက ကမ္ဘာတွေ အလီလီပြောင်းလို့ သူ့နားတွင်းကို ပြန်လည်ရောက်ရှိလာပါတယ်။ 'တို့တွေ တစ်သက်လုံး ချစ်သွားကြမယ်နော်'

ဘဝဆက်တိုင်း ချစ်ချင်တာပါဆို မင်းဘာပြောမလဲ။ ဒါပေမဲ့ အဲဒီစကားလေးကို ပြန်ကြားရတိုင်း နက်ပြာရောင် ညအိုအိုတွေကို သူ ထိုင်ထိုင်ရှိခိုးမိတာ ခဏခဏပေါ့။ ရင်ဘတ်နဲ့ ဆက်ထားတဲ့ ဂျက်ပင်ကိုဖြုတ်တော့ သောကြာကြယ်ကြီးက သူ့ပခုံးစွန်းမှာ လာနားနေသလို ခံစားရတယ်။

တကယ်တော့ ကောင်မလေးရယ် . . .



www.burmeseclassic.com

'ကိုယ်ဟာ မင်းရဲ့ မိုးကုတ်စက်ဝိုင်းထဲမှာ ပိတ်မိနေတဲ့ကောင်ပါ။ ပြေးချင်တဲ့ အရပ်ကို ပြေးပေါ့။ တစ်ချိန်မှာတော့ မိုးကုတ်စက်ဝိုင်းနဲ့ အနားသတ်ထားတဲ့ မင်းရဲ့ နှလုံးသားရင်ခွင်တော်အောက်မှာ ပြန်ခိုလှုံရမှာပဲလေ"

သူ မပြေးခဲ့ပါဘူး။ ဘယ်တော့မှလည်း ပြေးမှာ မဟုတ်ဘူး။ ဒီသံသရာစက်ဝန်းကလွတ်မြောက်ရာ တရားထူးမရသ၍တော့ မင်းရဲ့ စကားတစ်ခွန်းကို ကျိန်စာတစ်ခုလို ဘဝဆက်တိုင်း ယုံကြည်ကိုးကွယ်ထားမှာပါ။

'သူ့ကို အရမ်းချစ်တယ် . . .'

ကမ္ဘာတည်သ၍ တည်ပါစေ၊ ညီပါစေ . . . ကောင်မလေးရယ်။

အဲဒီစကားကြားပြီးတဲ့ နောက်ပိုင်း သူစိတ်မှာ ရောဂါတစ်ခုကပ်ငြိခဲ့ပါတယ်။ မြင်တွေ့လေရာ သူမမျက်နှာပေါ်နေတဲ့ ရောဂါပါ။ အတွေးထဲမှာလည်း အခန်းဆက် ဝတ္ထုရှည်ကြီးတစ်ပုဒ်က ကြီးစိုးထားတယ်။

သူမအကြောင်း တခမ်းတနား ဖွဲ့ဆိုရည်ညွှန်းထားတဲ့ ဝတ္ထုရှည်ကြီး၊ ရယ်ဖို့လည်း ကောင်းပါတယ်။ သူနဲ့ယှဉ်ရင် ရှိမီယိုဆိုတာကလေး အဆင့်မှာရှိမှန်း ရှိတ်စပီးယားကို သိစေချင်လိုက်တာလေ။ ရှိတ်စပီးယား ဘယ်လောက်ယူကျုံးမရ ဖြစ်နေလိုက်မလဲ။

ခင်ဗျားတို့ကတော့ သူ့ကို အချစ်လွန်းရောဂါရနေပြီလို့ ထင်ကြလိမ့်မယ်။ မဟုတ်ပါဘူး . . .

'ချစ်မဝ' ရောဂါပါ။



## First Cut

အခန်းတစ်ခုတွင်း၌ . . .

ဖွင့်ထားသော TV ကိုကြည့်ပြီး လူတစ်ယောက်မျက်ရည်တွေ ဖြိုင်ဖြိုင်စီးကျနေတယ်။ သူ့ရင်တစ်ခုလုံးက သမုဒ္ဒရာလေးစင်းမှာ ပေါလောမျောပါနေသော ဖော့စို့တစ်ခုလို နိမ့်လိုက်၊မြင့်လိုက်၊ မြုပ်လိုက်၊ ပေါ်လိုက်၊ အကာအကွယ်မရှိ၊ အကူညီမဲ့ပြီး ဖြစ်ချင်တိုင်းဖြစ်လို့။

ဝမ်းနည်းလိုက်တာလေ . . .

ခံပြင်းလိုက်တာလေ . . .

အံကိုဖိကြိတ်တော့ ကျလုလုမျက်ရည်တွေက ဆည်တာတမံကျိုးသလို ဝေါခနဲ စီးကျလာတယ်။ ဆတ်ဆတ်ခါနာတဲ့ထိ ဖိကိုက်ပြီးတော့မှ နှုတ်ခမ်းကို ချမ်းသာပေးလိုက်တယ်။

သူ့ရှေ့စားပွဲပေါ်မှာ ဓားတစ်လက်၊ အသွားက ဖွင့်ထားသော မီးရောင်အောင်မှာ လက်လက်ထကာနေတယ်။ ဓားကိုလှမ်းယူတော့ ရင်တွင်းမှာ ရှူးအောင့်သွားတယ်။ ကိုင်ထားတဲ့ သူ့လက်တွေတောင် တဆတ်ဆတ် တုန်လာသလားပဲ။ အကြိမ်ကြိမ် စဉ်းစားပြီးသားကိစ္စတစ်ခုဖြစ်သော်လည်း တကယ့်လက်တွေ့ရင်ဆိုင်ရတော့ နောက်တွန့်

www.burmeseclassic.com

ချင်စိတ်တချို့ ဖြစ်မိသေးရဲ့။ ဒါပေမဲ့လည်း ရင်ထဲက ခံပြင်းမှုအချို့ကို မလွန်ဆန်နိုင်ပါဘူး။

ဒီနည်းနဲ့ပဲ အဆုံးသတ်ရမှာပါ။ ဒီနည်းနဲ့ပဲ ဘဝတစ်ခုကို အဆုံးသတ်ပစ်ရမယ်။ အံကို နောက်တစ်ကြိမ်ဖိကိုက်တော့ ပြတ်ကွဲသွားတဲ့ နှုတ်ခမ်းသားက ပြန်နာလာတယ်။ အချိန်တန်ပါပြီ။

ဘဝတစ်ခုကို အဆုံးသတ်ပစ်ဖို့ အချိန်တန်နေပြီ။ အဆုံးသတ်ဖို့အတွက်လည်း လက်နက်တွေလိုနေပြီ၊ ကုပ်ပေါ် ဝဲကျနေသော ဆံပင်ကို ဆွဲလို့ လက်ထဲကဓားနဲ့ လှီးဖြတ်ပစ်လိုက်တယ်။

"ရှီ . . . " ဆိုတဲ့ အသံသဲ့သဲ့လေး ထွက်လာပြီး လက်ပေါ်ကို ဆံပင်တစ်ထွေး ပြုတ်ကျလာတယ်။

ကိုယ့်ဆံပင် ကိုယ်ကြည့်ပြီး နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ခု ဖြစ်တည်သွားတယ်။

ထိုဆံပင်ကို စားပွဲပေါ် ဆန့်ဆန့်တင်၊ ပြီးတော့ လက်မှာကိုင်ထားသော ဓားနဲ့ တစ်ချက်ချင်း . . .

"တောက် . . . တောက် . . . တောက် . . . "

တိတ်ဆိတ်နေသော အခန်းလေးထဲမှာ ဓားဖြတ်သံတစ်ခု စည်းချက်ကျကျ ထွက်ပေါ်လာတယ်။

အပိုင်းပိုင်းပြတ်တောက်သွားသော ဆံပင်လေးတွေကို ကြည့်ပြီး နာကျင်စိတ်တွေ ပိုကာလာတယ်။ ဝမ်းနည်းမှုမျက်ရည်တွေလည်း ခုနထက် စီးကာကျလို့ . . .

သေချာတာတစ်ခုကတော့ ခံပြင်းမှုဆိုတာ တစ်ခါတစ်ရံမှာ ဝမ်းနည်းမှုရဲ့ နောက်တော်ပါး သက်သက်မျှပါပဲ။



# I

ပထမဆုံး ကျေးဇူးတင်ရမှာကတော့ သူမနဲ့ ဆုံဆည်းခွင့် ပေးခဲ့တဲ့ ကံကြမ္မာစောင့် နတ်မင်းကြီးကိုဖြစ်ပြီး ဒုတိယ ကျေးဇူးတင်ရမှာကတော့ ဆင်ရေတွင်းမှတ်တိုင်အား ပခုံးပေါ်ထမ်းတင်ထားသည့် ရန်ကုန်–အင်းစိန် လမ်းမကြီးကိုပါ။ တတိယကျေးဇူးရှင်ကတော့ ဆင်ရေတွင်းမှတ်တိုင် အနီးမှာ စားသောက်ဆိုင်ဖွင့်ထားတဲ့ သူငယ်ချင်း သက်ဖြိုးဝေဖြစ်လို့ စတုတ္ထကျေးဇူးတင်ရမှာကတော့ အိမ်က ကားယူမလာခဲ့တဲ့ သူကိုယ်တိုင်ကိုပါပဲ။

အဲဒီနေ့က သူငယ်ချင်းဖြစ်သူ သက်ဖြိုးဝေနဲ့တွေ့ဖို့ ဆင်ရေတွင်းမှတ်တိုင်ကို လာခဲ့တယ်။ ရန်ကုန်မြို့ရဲ့ ယာဉ်ကြောပိတ်ဆို့မှုတွေကို စိတ်ပျက်လို့ ကားယူမလာခဲ့ပါဘူး။ ဒါဟာ သူ့ဘဝရဲ့ ကြီးမားသော အလှည့်အပြောင်းတစ်ခု ဖြစ်လာခဲ့ပါတယ်။ ကြုံရာ Taxi တားစီးပြီး မှတ်တိုင်မှာ ရပ်ခိုင်းခဲ့ရာက စတာပါ။

တွေ့ဆုံမှုကတော့ နှောင်းခေတ် မြန်မာရုပ်ရှင်ဇာတ်ကားတွေလို သမာရိုးကျဆန်ပါတယ်။ အသစ်အဆန်းခုံမင်လွန်းသော သူ့ကိုမှ ကြမ္မာက ဘယ်လိုပြဋ္ဌာန်း ပေးလိုက်တယ် မသိဘူး။ ရိုးရိုးလေးမှ တကယ့်ရိုးရိုးလေးပါ။



www.burmeseclassic.com

www.burmeseclassic.com

"ဟောတော် . . . "

"ဟာ . . . သွားပြီ"

Taxi ပေါ်ကဆင်းပြီး ကားလမ်းကူးလိုက်ချိန်မှာ သူ့ခြေထောက်က အခြားတစ်ယောက်ရဲ့ ဖိနပ်ကို တက်နင်းမိလိုက်ပါတယ်။ လူက ချက်ချင်းပဲ ခေါင်းနားပန်း ကြီးသွားတယ်။ တက်နင်းခံဖိနပ်လေးမှာ သဲကြိုးပြတ်သွားခဲ့ပြီလေ။

မိန်းကလေးမျက်နှာမှာ ရုက်စိတ်နဲ့ ရဲသွားတယ်။ သဲကြိုးပြတ်ဖိနပ်လေးကို ကြည့်ပြီး နှမျောတသဟန်တွေ အထင်းသားပေါ်လွင်သွားတော့ . . .

"ဟာ . . . အားနာလိုက်တာ . . . တောင်းပန်ပါတယ်ဗျာ"

သူ့စကားကို ကြားပုံမရပါဘူး။ ဖိနပ်လေးကို ငုံ့ကြည့်ပြီး ဘာလုပ်ရမှန်း မသိဖြစ်သွားပုံရတယ်။ ထို့ကြောင့် အလျင်စလိုပင် . . .

"ကျွန်တော် အစားပြန်ဝယ်ပေးပါ့မယ်"

သူ့စကားကြောင့် မျက်နှာလေးမော့လာတယ်။ မျက်ဝန်းစပ်မှာ မျက်ရည်ကြည် အချို့တောင် ရစ်ဝဲနေသလို မြင်ရတယ်။ ကားမှတ်တိုင်ဖြစ်တာမို့ လူအချို့ရဲ့ အာရုံစိုက်ခြင်း ခံနေရတာလည်း ပါတာပေါ့လေ။

"ရပါတယ် . . . ကျွန်မအပြစ်နဲ့ ကျွန်မပဲ"

ပြောပြောဆိုဆို အကောင်းအတိုင်းရှိနေသေးသော ဖိနပ်လေးတစ်ဖက်ပါ ချွတ်ပြီးတော့ . . .

"သုန္ဒရီ . . . နင်က အကောင်းနဲ့ကို မတန်ဘူး"

ဖိနပ်နှစ်ဖက်ကို စုကိုင်ပြီး ပလက်ဖောင်းဘေးရေမြောင်းထဲကို လွှင့်ပစ်လိုက်ပါတယ်။ ထို့နောက်မှာ သူအပါအဝင် စူးစမ်းနေသော မျက်လုံးများကို ဥပက္ခာပြုလို့ ခြေဗလာအတိုင်းထွက်သွားလေရဲ့။

"ဟာ . . . ဟော့ . . . ဟော့ . . . "



လှည့်မကြည့်ပါဘူး။

"ဟာ . . . ကျွတ် . . . "

နောက်က ကမန်းကတန်းပြေးလိုက်ကာ . . .

"ဟော့ . . ခဏနေပါဦး၊ ဖိနပ်မပါဘဲ မင်းဘယ်လိုသွားမှာလဲ"

"အခုပဲ သွားနေပြီလေ"

ခြေကို သွက်သွက်လှမ်းရင်း အေးစက်စက်ပြောတော့ . . .

"ကျွတ် . . . အဲလောက်ထိ မလိုဘူးလေ။ ကျွန်တော်ပြန်ဝယ်ပေးပါ့မယ်။ ဒီမှာ ခဏလေးပဲ စောင့်ပေးပါ"

လက်မှာ ပတ်ထားတဲ့ နာရီကို ကြည့်တယ်။

"မရဘူး . . . ကျူရှင်ချိန်နီးနေပြီ၊ စာမေးပွဲအတွက် အရေးကြီးတာတွေ ဒီနေ့သင်မှာ"

ပြီးတော့ တိုက်ခန်းလှေကားတစ်ခုပေါ်ကို ချိုးကွေ့တက်သွားပါတယ်။ ကြောင်တောင်တောင် ရပ်ကျန်ခဲ့သော သူ့မှာတော့ . . .

• • •

သဲကြိုးပြတ်ဖိနပ်တစ်ရန် ကိုင်ပြီး ရန်ကုန်-အင်းစိန်လမ်းမကြီးပေါ် ပြေးနေသောသူ့ကို မြင်တွေ့ရသူတိုင်းက အရူးတစ်ကောင်ဟု ထင်ကောင်း ထင်နိုင်ပါတယ်။ ကိစ္စမရှိပါဘူး။ အဓိကက ပျက်စီးသွားသော ဖိနပ်နဲ့ ပုံစံတူ ဖိနပ်တစ်ရန် အမြန်ဆုံးတွေ့ဖို့ပါ။ ဆင်ရေတွင်းမှတ်တိုင် အနီးဝန်းကျင်ကစလို့ မြင်မြင်သမျှ ဖိနပ်ဆိုင်များကို တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် မေးလာခဲ့တယ်။

"အစ်မတို့ ဆိုင်မှာ ဒါမျိုးဖိနပ်မတင်ဘူး . . . မောင်လေး။ ဒီကဖိနပ်တွေက အကုန် သောင်းကျော်တွေချည်းပဲ"

"တခြားဖိနပ်ယူသွားပါလား"

"အဲဒီတံဆိပ် ကုန်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒီအမျိုးအစားက လူစီးများတယ်။ ခုနစ်ရာ၊ ရှစ်ရာဆိုတော့ စီးပျော်တယ်လေ"

ခြေတိုအောင် လျှောက်ပြီးတော့မှ သုခလမ်းဘက်မှာ ရပ်ကွက် ဖိနပ်ဆိုင်တစ်ဆိုင် တွေ့တယ်။ ဒါပေမဲ့ အဆင်မပြေပါဘူး။ တွေ့ရှိရာ ဖိနပ်က ဆိုဒ်အရမ်းသေးလွန်းနေတယ်လေ။

သြော် . . . မိန်းကလေး၊ ခုနစ်ရာ၊ ရှစ်ရာတန် ဖိနပ်ကိုမှ 'နင်က အကောင်းနဲ့ မတန်ဘူး' လို့ ကိုယ့်ကိုယ်ကိုယ် ပြန်ရန်တွေ့နေရတဲ့ မိန်းကလေးရယ် . . . အချိန်လည်း သိပ်မရတာမို့ နောက်ဆုံးတော့ သင့်တင့်သောဈေးနှုန်းနဲ့ ဆိုဒ်တူဖိနပ်တစ်ရန်ကိုပဲ ဝယ်ခဲ့လိုက်တယ်။

မတတ်နိုင်ပါဘူး။

ကျူရှင်မဆင်းခင် ကြိုရောက်နေဖို့က လိုသေးတယ်လေ။

ဖိနပ်ဘူးလေးတစ်ခု ကိုင်ပြီး သူငယ်ချင်းနဲ့ တွေ့ဖို့ကို ခဏ နောက်ထားလို့ သူမတက်လှမ်းသွားရာ လှေကားခြေရင်းမှာ ရပ်စောင့်နေလိုက်တယ်။ အနည်းငယ် ပူပန်စိတ်လည်း ဖြစ်ရပါသေးတယ်။ ဖိနပ်လိုက်ဝယ်နေတုန်း ကျူရှင်များ ဆင်းသွားပြီလားပေါ့။

ဒါကို သိရဖို့တော့ သိပ်မခက်လှပါဘူး။ လှေကားအတိုင်း တက်ပြီး တိုက်ခန်းတံခါးများရှေ့ အရိပ်အခြည်လှမ်းကြည့်တာပါ။ ဆိုင်းဘုတ်တပ်မထားလို့ ဘယ်ဟာစာသင်ခန်းမှန်း မသိနိုင်ဘူးလေ။ လိုအပ်ရင် တံခါးမှာ နားကပ်ထောင်လိုက်တယ်။

သုံးလွှာမြောက် အခန်းတစ်ခုရှေ့ကို ရောက်တော့မှ စိတ်အေးသွားရတယ်။ အတွင်းမှ စာသင်သံသဲ့သဲ့ကို အပြင်က ကြားနေရပါတယ်။ အဲဒါကြောင့် အောက်ပြန်ဆင်းပြီး လှေကားခြေရင်းမှာ ပြန်ရပ်စောင့်တယ်။ အတော်ကြာ ရပ်စောင့်တာတောင် ကျူရှင်မဆင်းသေးတာနဲ့ မျက်နှာချင်းဆိုင်က လက်ဖက်ရည်ဆိုင်ထဲဝင်ပြီး အအေးတစ်ခွက်မှာလို့ ထိုင်စောင့်နေလိုက်တယ်။

နာရီဝက်နီးနီး ကြာသွားမယ် ထင်ရဲ့။



ပထမဆုံး ဆင်းလာသည့် ကျောင်းသားတစ်ယောက်ကို တွေ့ချိန်မှာ မိုးဝေ ပိုက်ဆံရှင်းပြီး တစ်ဖက်လမ်းအမြန်ကူးလိုက်တယ်။ ကျူရှင်လွှတ်ပြီလေ။ ဆယ်ယောက်ထက်မနည်းသော ကျောင်းသားလူငယ်တွေ တစ်ယောက်ပြီးတစ်ယောက် ဆင်းလာတယ်။ လူကုန်သွားတဲ့ထိ မိုးဝေ စောင့်မျှော်နေသူက ရောက်မလာပါဘူး။ ဝေခွဲရခက်စွာနဲ့ တိုက်လှေကားပေါ် မော့ကြည့်နေမိတယ်။

လိုအပ်ရင် တက်သွားဖို့လည်း ဆုံးဖြတ်ပြီးသားပါ။ ဒါပေမဲ့ လည်ပင်းမညောင်းခင်မှာ ခြေဖဝါးလေးတစ်ဖက် သက်ဆင်းလာတယ်။ လှေကားဝမှာ ရပ်နေတဲ့သူကိုတွေ့တော့ အံ့သြရိပ်စွန်းသွားပါတယ်။

"ရော့ . . ."

ထိုးပေးသော ဖိနပ်ဘူးလေးကို သွေးအေးအေးငုံ့ကြည့်စဉ် . .

"ကျွန်တော်နင်းဖြတ်လိုက်တဲ့ ဖိနပ်တစ်ရန်အတွက် အစားပြန်ပေးတာပါ"

"ရပါတယ် . . . ကျွန်မအပြစ်နဲ့ကျွန်မပဲ အစားပြန်ဝယ်ပေးဖို့ မလိုပါဘူး"

"မဟုတ်ဘူး ထင်တယ်နော် . . . မင်းနဲ့ဘာမှမဆိုင်ဘူးလေ။ ဖိနပ်က ကျွန်တော်နင်းလိုက်လို့ ပြတ်သွားတာပဲ"

"မဟုတ်ပါဘူး . . . ရှင်နဲ့ ဝေးဝေးက လမ်းမလျှောက်မိလို့ပါ"

"ဗျာ . . ."

စိတ်တွင်းမှာ မတင်မကျ ဖြစ်သွားတယ်။ ဘယ်လိုမိန်းကလေးပါလဲ။ တကယ့်တရားခံအစစ်ကို လစ်လျူရှုပြီး လမ်းဝေးဝေးမလျှောက်မိလို့ဆိုကာ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေပုံက။ ပြီးတော့ လှုပ်ရှားမှုမဲ့သော မျက်နှာနဲ့ သူ့ကိုကျော်ကာ ပလက်ဖောင်းပေါ်ဆင်းပါတယ်။

ပူပြင်းထားသော နေရောင်ကြောင့် ပလက်ဖောင်းတွေ အငွေ့ထွက်နေမှာ မြေကြီးလက်ခတ် မလွဲပါဘူး။ ဒါကို ခြေဗလာအတိုင်း နင်းလျှောက် သွားသည်က . . .



www.burmeseclassic.com

www.burmeseclassic.com

နောက်ပြီး ခြေထောက်အစုံက ကြမ်းကြမ်းတမ်းတမ်းမဟုတ်။ ဖြူဖြူဖွေးဖွေးမှာ အနီရောင်ခြေသည်းလေးတွေတောင် ဆိုးထားသေးရဲ့။

သက်ပြင်းကိုချပြီး နောက်က ပြေးလိုက်ရတော့တယ်။

"ကျွန်တော့်နာမည် မိုးဝေပါ။ ကျွန်တော်ခင်ဗျားကို လိုက်နှောင့်ယှက်နေတာမဟုတ်ပါဘူး။ ဒါကလည်း လူမှုရေးအရ အစားပြန်ဝယ်ပေးတာပါ။ ပြီးတော့ ဒီအပူရှိန်နဲ့ မင်းခြေဖဝါးတွေ အဆင်မပြေလောက်ဘူးထင်တယ်။

ခြေစုံကိုရပ်ပြီး သူ့ကို စေ့စေ့ကြည့်လာတယ်။

"ကျွန်မနားလည်ပါတယ်။ ဒါပေမဲ့ ရှင်ပေးတဲ့ဖိနပ်က ကျွန်မစီးနိုင်တာထက် ဈေးကြီးနေတယ်။ ကျွန်မဘယ်လို ဖိနပ်မျိုးပဲ စီးနိုင်တယ်ဆိုတာ ကျွန်မအိမ်နီးနားချင်းတွေ သိတယ်။ ကျွန်မအဘွား သိတယ်။ ကုန်ကုန် ပြောရရင် ကျွန်မတို့တစ်ရပ်ကွက်လုံးတောင်သိတယ်။ အဲ့တော့ ကိုယ် မတတ်နိုင်တာတွေ စီးပြီး ပတ်ဝန်းကျင်က အထင်မြင်သေးတာကို ကျွန်မ မခံနိုင်ဘူး"

ဖိနပ်ဘူးကိုင်ပြီး မိုးဝေတစ်ယောက် ကြက်သေ သေသွားရပါတယ်။ ဘာပြန်ပြောရမှန်းလည်း မသိတော့ဘူး။ ထိုစဉ်မှာပဲ အင်းစိန်ဘက်ကိုသွားတဲ့ ဘက်(စ်)ကားကြီးတစ်စီး မှတ်တိုင်ကို ထိုးစိုက်လာတယ်။ တားချိန်မရလိုက်ခင်မှာပဲ ဖိနပ်စီးမထားသော ကောင်မလေးတစ်ယောက်မှာ ထိုဘတ်(စ်)ကားကြီးပေါ်ကို တက်လို့သွားခဲ့ပြီ။

မှတ်တိုင်မှာ ရပ်ကျန်ခဲ့သူတစ်ယောက်တော့ ရှိနေပါတယ်။ မကြာခင်မှာ 'ချစ်မဝရောဂါ' ရလာမယ့် လူတစ်ယောက်ပေါ့။ နာမည်ကို 'မိုးဝေ' လို့ လွယ်လွယ်ခေါ်နိုင်ပါတယ်။



# II

နောက်နေ့တွေမှာတော့ အလုပ်အကိုင်မရှိသောသူ့ဆီသို့ အလုပ်နှစ်ခု ရောက်လာပါတယ်။ တစ်ခုက သဲကြိုးပြတ်ဖိနပ်လေးနဲ့ အမျိုးအစားတူရာကို လိုက်လံရှာဖွေ ဝယ်ယူရခြင်းဖြစ်ပြီး နောက်တစ်ခုကတော့ ဆင်ရေတွင်းမှတ်တိုင်အနီးမှာ စားသောက်ဆိုင်ဖွင့်ထားတဲ့ သူငယ်ချင်း သက်ဖြိုးဝေကို အကူအညီတောင်းရတာပါ။

"သုန္ဒရီ . . . ဟုတ်လား . . . မင်းဟာက ကျောင်းသူနာမည်ရော ဟုတ်လို့လားကွာ။ ဇာတ်မင်းသမီးနာမည်ကြီး . . . ဟာ . . . ဟာ . . . ဒီနယ်မှာ သတင်းကြီးလှသည့် မင်းသမီးလေး ရွှေသုန္ဒရီ"

သက်ဖြိုးဝေက နောက်လို့ပင် နေပါသေးတယ်။ အမှန်ကတော့ မိုးဝေလည်း တိတိကျကျမသိပါဘူး။ သူမပြောသွားတဲ့ စကားလေးတွေကို အိမ်ရောက်မှ တစ်ခုချင်းပုံပြန်ဖော်၊ နှလုံးသားနဲ့ နားထောင်ပြီး ကောက်ချက်ဆွဲခဲ့တာပါ။

"ဟုတ်မယ်တော့ ထင်တာပဲကွာ . . . သုန္ဒရီမဟုတ်ရင် သုန္ဒာပဲ . . . ရှေ့ကနှစ်လုံးကတော့ သေချာတယ်"

"ဘယ်နားမှာ ကျူရှင်တက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"လမ်းမကြီး ဟိုဘက်ခြမ်းက ဆံပင်ညှပ်ဆိုင်ရဲ့ အပေါ်ထပ်မှာ"

သက်ဖြိုးဝေက မျက်မှောင်ကြုတ်ပြီး စဉ်းစားပါတယ်။ ဒါပေမဲ့ အာရုံမှာ ပေါ်လာပုံမရပါဘူး။

"ဘာပဲဖြစ်ဖြစ်ကွာ ငါသူ့အကြောင်းကို သိချင်တယ်။ မင်းကူညီပေးနိုင်မလား"

နောက်ဆုံးတော့လည်း ထက်သန်ပြင်းပြနေသော သူ့ပုံစံကြောင့် သက်ဖြိုးဝေ ခေါင်းညိတ်ပေးရတယ်။

ရပါတယ်။ ဒီလောက်ဆိုရင်ပဲ တော်တော်အားကိုလောက်နေပါပြီ။ ဘာကြောင့်သိချင်တာလဲဆိုတာတော့ မမေးပါဘူး။ ဒါဟာ မေးစရာမလိုအောင် နားလည်နေသော အဖြေတစ်ခုလည်း ဖြစ်နိုင်သလို စပ်စုခြင်းကို အထုံပါလေ့မရှိသော သက်ဖြိုးဝေ ဝါသနာလည်း ဖြစ်နိုင်ပါတယ်။

သက်ဖြိုးဝေ အလုပ်လုပ်ကြောင်း နောက်တစ်ပတ်အကြာမှာ သိခွင့်ရခဲ့တယ်။

"ဟုတ်တယ်ကွ . . . ဆံပင်ညှပ်ဆိုင်က ကောင်တွေကို ငါမေးကြည့်ပြီးသွားပြီ။သူတို့အပေါ်ထပ်မှာ နည်းပညာတက္ကသိုလ်က ဆရာမတစ်ယောက် ကျူရှင်သင်တယ်တဲ့။ မင်းပြောတဲ့ သုန္ဒရီဆိုတဲ့ကောင်မလေးလည်း တကယ်ရှိတယ်။ နည်းပညာတက္ကသိုလ် ဒုတိယနှစ်တက်နေတာ။ လှိုင်သာယာမှာ နေတယ်ဆိုလားပဲ"

"ဟုတ်လား . . ."

"နေပါဦး . . . မင်းက ဘာဖြစ်လို့ သူ့အကြောင်းကို သိချင်ရတာလဲ"

"စိတ်ဝင်စားနေလို့"



ထင်မှတ်ထားပြီးသား အကြည့်တစ်ခု ရောက်လာတယ်။ ပြီးတော့ . . .

"တားတော့ မတားကောင်းဘူးပေါ့ကွာ။ ငါကတော့ မင်းကိုသိပ်အားမပေးချင်ဘူး။ အခြေအနေ သိပ်မဆိုးသေးဘူးဆိုရင် နောက်တစ်ယောက် ပြောင်းလိုက်ပါလား"

"ဘာဖြစ်လို့လဲ"

သက်ပြင်းကိုချတယ်။ ခေါင်းကို ခပ်လေးလေးယမ်းပြီး . . .

"ငါသိရသလောက် နောက်ကြောင်း သိပ်မကောင်းဘူး"

ထို့နောက်မှာတော့ သူစုံစမ်းမေးမြန်းထားသော သုန္ဒရီဆိုသော မိန်းကလေးတစ်ဦးရဲ့ နောက်ကြောင်းရာဇဝင်ကို အပေါ်ယံသဘော ပြောပြပါတယ်။

အိမ်ထောင်ကျိုးမိသားစုမှ ဆင်းသက်လာသူဖြစ်ကြောင်း။ မိဘနှစ်ဦးမှာ နောက်အိမ်ထောင်ကိုယ်စီဖြင့် နေထိုင်၍ သူမမှာ အဘွားဖြစ်သူနှင့် နေရကြောင်း၊ စရိုက်စုံသော ပတ်ဝန်းကျင်တွင် ကျင်လည်ကြီးပြင်းလာသူဖြစ်ကြောင်း၊ တက္ကသိုလ်ကိုလည်း ပညာရေးဖောင်ဒေးရှင်းတစ်ခု၏ အထောက်အပံ့ဖြင့် တက်နေရခြင်းဖြစ်ကြောင်း၊ စနေ၊ တနင်္ဂနွေတွင် တက်ရောက်ရသော ယခုကျူရှင်ကိုလည်း နွမ်းပါးသူတစ်ဦးဖြစ်၍ ဆရာမက အခမဲ့ သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောပါတယ်။

ဒီထက်ပြည့်ပြည့်စုံစုံ သိချင်ပါက သုန္ဒရီနှင့် ရပ်ကွက်တစ်ခုကျော်မှာ နေထိုင်သော ကျောင်းသားတစ်ဦးနဲ့ပင် မိတ်ဆက်ပေးမည် ဆိုလာသေးရဲ့။ သက်ဖြိုးဝေ ဘယ်လောက်တောင် အဆက်အသွယ်ကောင်းတွေရထားလဲ မပြောတတ်ပါဘူး။

"သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ တာဝန်ရှိတယ်လို့ ခံစားရလို့ မင်းကို တားတာသူငယ်ချင်း"



www.burmeseclassic.com

www.burmeseclassic.com

မိုးဝေ လှိုက်လှိုက်လဲလဲ ပြုံးလိုက်မိတယ်။ ကျေးဇူးလည်း တကယ်ကို တင်မိပါတယ်။ ဒါပေမဲ့ . . .

"နောက်ကြောင်းမကောင်းဘူးဆိုတာ အဲဒါကို ပြောတာလား"

"ဟုတ်တယ်လေ . . ."

"ဘာကို မကောင်းဘူး ပြောတာလဲ"

"Generation လေ၊ ပြီးတော့ ပတ်ဝန်းကျင်"

"ဒါက မိဘတွေ မကောင်းတာလေကွာ။ သူမကောင်းတာမှ မဟုတ်တာဘဲ"

"ဒါပေမဲ့ ကောင်းမွန်တဲ့ ပတ်ဝန်းကျင်မှာ ကြီးပြင်းလာတာ မဟုတ်ဘူးနော်"

"ဒါကလည်း ကိုယ့်စိတ်ဓာတ်၊ ကိုယ့်နေမှု ထိုင်မှုပေါ်မှာ မူတည်တာပါ . . . သူငယ်ချင်းရာ၊ တိုက်ကြီး၊ တာကြီးနဲ့ အဆင့်တန်းမြင့်မြင့်နေပြီး ကြုံရာအိပ်၊ ကြုံရာစား၊ လမ်းဘေးဂျစ်ပစီတွေထက်တောင် စိတ်ဓာတ်နိမ့်ကျတဲ့လူတွေ တစ်ပုံကြီးပါ"

အံ့အားသင့်သောမျက်လုံးတွေနဲ့ သူ့ကို ပြုံးကြောင်ကြောင် ကြည့်နေတယ်။ သူ့ကို ဘယ်လိုမှ နားမလည်နိုင်တော့ဘူးထင်ရဲ့။

"ဒါပေမဲ့ မင်းအနေအထားနဲ့က ကောင်းကင်နဲ့ မြေကြီးနော်"

အရေးမကြီးပါဘူး။

အဓိကက ဘယ်နေရာမှာ နေနေ အမှား၊အမှန်ခွဲခြားတတ်ပြီး အမှန်ကို ရေရှည် ကျင့်သုံးနိုင်ဖို့ပါ။ (သို့) အမှန်ဖြစ်အောင် ကြိုးစားနေဖို့ပါ။ အမှားအမှန် မခွဲခြားတတ်သ၍တော့ ခေါင်းဆောင်လုပ်နေလည်း သူ့အသိဉာဏ်က မူကြိုအဆင့်က မတတ်သေးဘူးလို့ ယုံကြည်ထားပါတယ်။

သုန္ဒရီဆိုသော မိန်းကလေးကတော့ မူကြိုအဆင့်ထက်သေချာပေါက် သာလွန်နေမှာပါလေ။



အမှန်ကို အမှန်အတိုင်း ပြောရဲတာကိုး။

ဒီတစ်ခုတည်းနဲ့ အမှတ်ပြည့် ပေးမိလိုက်တယ်။

ဝယ်မစီးနိုင်လို့ မစီးနိုင်ဘူးပြောတာ။ ဆင်းရဲလို့ ဆင်းရဲတယ်ပြောတာ၊ ဖိနပ်စီးစရာမရှိလို့ ခြေဗလာသွားတာ ရှက်စရာမဟုတ်ဘူးလေ။ ဘာလို့ချစ်သွားတာလဲ မေး၊ လက်မထောင်ပြလိုက်မယ်။

"ရိုးသားလို့ . . ."



www.burmeseclassic.com

www.burmeseclassic.com

အိမ်ပြန်ရောက်တော့ ရှေးဟောင်းသီချင်းလေး တစ်ပုဒ်ကို ဖွင့်နားထောင်ဖြစ်ပါတယ်။ ဂီတစာဆို စိန်မောင်မြင့်ရေးပြီး မြန်မာပြည်သိန်းတန်ဆိုထားတဲ့ သီချင်းလေးပါ။ အနုပညာ ပြည့်လို့လားမသိဘူး။ ဘယ်နှကြိမ် နားထောင်နားထောင် အရသာရှိလို့နေပါတယ်။

**“ဒီနယ်မှာ သတင်းကြီးလှသည် ××× မင်းသမီးလေးရွှေသုန္ဒရီ၊ အဆိုရော၊ အကရော ရုပ်ချောသဘောညီ ××× လူတိုင်းချစ်နေပြီ ××× ဒီနယ်မှာ သတင်းကြီးလှသည် ××× မင်းသမီးလေးရွှေသုန္ဒရီ ××× လူတိုင်းပါးစပ်ဖျား မနားတမ်းရေပန်းစားနေပြီ ××× တျာနီမြန်း ချစ်နှတ်ခမ်းပလီ ××× သမင်မျက်လုံး ရှုမက်မဆုံးပြီ ×××အမွှရာ၊ ကိန္နရီ၊ မဒီ၊ သန္တုထူးမြတ်တဲ့ဆုတွေအညီ ××× ဘယ်ရှေးဆုတောင်း ဘယ်အကြောင်းငယ် ဖန်သည် ×××**

ᨒ ᨒ ᨒ



# III

ဒီတစ်ခါတော့ သူ မငြင်းရန် ဘာ့ကြောင့်လိုမှ မဖြစ်နိုင်တော့ပ သဲကြိုးပြတ်ဖိနပ်နှင့် ခွဲမရအောင်တူသော ဖိနပ်ကို အရအမိ ဝယ်ယူထား ပြီးသောကြောင့် ဖြစ်ပါတယ်။

“ရော့ . . . ပြတ်သွားတဲ့ ဖိနပ်နဲ့အားလုံးအတူတူပဲ”

သူပေးသော ဖိနပ်ကို သေချာကြည့်တယ်။ မိုးဝေကတော့ သူ့ခြေချောင်းတွေအောက်က ဖိနပ်လေးကိုသာ သတိထားကြည့်နေမိ တယ်။ ပြတ်သွားလို့ အသစ်ဝယ်ထားတဲ့ ဖိနပ်မဟုတ်ပါဘူး။ စီးပြီးသား ဖိနပ်လေးကို ညှိုးငယ်စွာ ပြန်စီးထားတဲ့ ပုံစံပါ။

“ကောင်းပြီလေ . . . အစားပြန်ဝယ်ပေးတဲ့သဘောနဲ့ ကျွန် ယူလိုက်ပါ့မယ်”

ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကြိုးစားအားထုတ်မှုကို အ အမှတ်ပြုရင် တော်ပါပြီ။ ထို့နောက်တော့ ထုံးစံအတိုင်း သူပေးတဲ့ဖိန ဘူးလေးကို ယူပြီး ထိုးစိုက်လာတဲ့ ဘတ်(စ်)ကားကြီးပေါ် တက်သွား တယ်။



www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့တွေမှာတော့ မိုးဝေဘက်က စစ်မျက်နှာသစ်တွေ ထပ်ဖွင့်လိုက်တယ်။ ကြီးကြီးမားမား မဟုတ်ပါဘူး။ သူမတို့ နည်းပညာ တက္ကသိုလ်ထိရောက်အောင် လိုက်သွားတာပါ။ ဒါပေမဲ့ ယူနီဖောင်းမရှိ လို့ ကျောင်းထဲထိ ဝင်မရခဲ့ဘူး။ ကျောင်းရှေ့ကန်တင်းမှာပဲ တစ်နေကုန် ထိုင်နေရတယ်။

ကံကောင်းတာတစ်ခုက တက္ကသိုလ်ဖယ်ရီမှန်သမျှ ကျောင်းထဲ ဝင်ခွင့်မရဘဲ ကျောင်းရှေ့မှာ အကုန်ဂိတ်ထိုးရတာပါ။ သုန္ဒရီစီးရာဖယ်ရီ ကို သိနေတဲ့ သူ့အတွက်တော့ ရှာရတာ လွယ်တယ်လေ။ ပုံမှန်အားဖြင့် သုန္ဒရီဟာ ဖယ်ရီနဲ့လာပြီး ဖယ်ရီနဲ့ပဲ ပြန်လေ့ရှိပါတယ်။ ဖယ်ရီပေါ် က ဆင်းဆင်းချင်း ကျောင်းထဲဝင်တယ်။ နေ့တစ်ဝက်ကျော်ပြီးစဉ်မှာ ကျောင်းပြင်ပြန်ထွက်လာတယ်။ ပြီးတော့ ဖယ်ရီပေါ်မှာပဲ နေစောင်းတဲ့ အထိ ထိုင်နေလေ့ရှိတတ်တယ်။

တစ်ခါတစ်ရံမှာတော့ ကျောင်းရှေ့ကန်တင်းမှာ အအေးတစ်ခွက် မှာပြီး တစ်ယောက်တည်း ထိုင်နေတတ်တယ်။ နှစ်ရက်၊ သုံးရက်လောက် ထိ ကျောင်းကန်တင်းမှာ တစ်နေကုန်လာလာထိုင်နေတဲ့ မိုးဝေကို သတိ မထားမိသေးဘူး။ ငါးရက်မြောက်မှာ သတိထားမိလာတယ်။ ခုနစ်ရက် မြောက်တော့ သူ့ရှေ့တည့်တည့်ကို ရောက်လာပါတော့တယ်။

"ခါး မညောင်းဘူးလား"

"ဗျာ . . . "

"ကန်တင်းမှာ တစ်နေကုန် လာထိုင်နေလို့ ခါးမညောင်းဘူး လား မေးတာပါ"

"ဟို . . . အင်း . . . မညောင်းပါဘူး"

"စပ်စုတယ်လို့တော့ မထင်ပါနဲ့။ တစ်နေကုန် လာလာထိုင် နေတာ ကိစ္စရှိလို့လား"

ရဲတင်းပွင့်လင်းသော အမေးတစ်ခု ရောက်လာတယ်။ သူမ လည်း ရိုပ်မိမှာပဲလေ။ ကျောင်းသားမဟုတ်တဲ့ အပြင်လူတစ်ယောက်



ကျောင်းရှေ့ လာလာထိုင်နေတာ ကျောင်းသူတစ်ဦးဦးကို စိတ်ဝင်စား နေတာကလွဲပြီး အခြားမရှိနိုင်ပါဘူး။

သူမနဲ့က ချိတ်ဆက်လေးတွေလည်း ရှေ့မှာရှိထားတော့ ပိုဆိုး တာပေါ့။ မထူးတော့ပါဘူး။ နောက်လည်း ပြောရမယ့် အတူတူတော့ အရဲကိုးပြီး ပြောချလိုက်တယ်။

"အမှန်အတိုင်း ပြောရမှာလား"

"ပြောကြည့်လေ . . . ရင်ထဲ ပေါ့သွားတာပေါ့"

ကိုယ့်များ နောက်နေတာလားဆိုပြီး တအံ့တသြတောင် မော့ ကြည့်မိပါတယ်။ ဒါပေမဲ့ သူမပုံစံက အေးဆေးပါပဲ။ ဒီလိုဆိုတော့ . .

"မင်းကို စိတ်ဝင်စားနေလို့"

ကြိုသိထားသောကိစ္စတစ်ခုလို လုံးဝ မတုန်လှုပ်သွားဘူး။ သူ့ မျက်လုံးကိုတောင် သေချာစူးစိုက်ကြည့်ပြီး . . .

"သေချာ စဉ်းစားပါဦး။ ကျွန်မက တအားဆင်းရဲတာနော်"

ပုန်းလျှိုးကွယ်ပျောက်နေသော မာနတစ်ခုက ရုတ်ခြည်းနိုးကြွ လာရကာ . . .

"အံ့သြစရာပဲ . . . ပိုက်ဆံရှိတဲ့ မိန်းကလေးမှ စိတ်ဝင်စားမယ့် ရှုပ်မျိုး ငါ့မျက်နှာပေါ်မှာ ပေါ်နေလို့လား"

"မဟုတ်ပါဘူး . . . ပြီးမှ ရှင်နောင်တရမှာစိုးလို့ပါ"

အမှန်က နှလုံးသားကို လှုပ်ရှားမရအောင် ပြုစားထားသူ မိန်း ကလေးရှေ့မှာ သေချာပေါက် ရိုကျိုးပြရမှာပါ။ ဒါပေမဲ့ သူ မရိုကျိုးမိခဲ့ ဘူး။ မွေးရာပါ စိတ်အခြေအနေအတိုင်း စကားချင်း စီးချင်းထိုးမိခဲ့ တယ်။ ဒါဟာလည်း တစ်ခုတော့ ကောင်းသွားပါတယ်။ ရင်ထဲက ခံစားမှု ကို သူမ တိုက်ရိုက်သိရှိခွင့် ရသွားတာပေါ့။

ဒါကြောင့်ပဲလား မသိဘူး။ စေ့စေ့ကြည့်ထားတဲ့ မျက်ဝန်းတို လွှဲပစ်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

"လောလောဆယ်တော့ ရှင်ပြောတဲ့စကား[illegible] ထားလိုက်ပါဦး။ ကျွန်မနောက်ကြောင်းကို အချိန်ပေးပြီး စုံစမ်းကြည့်ပါ။ ပြီးမှ ပြောဖို့မပြောဖို့ ပြန်စဉ်းစားပေါ့"

တစ်ဖက်သတ်အနိုင်ယူပြီး အေးစက်တည်ငြိမ်စွာ လှည့်ထွက်သွားပါတယ်။ ကျန်ရစ်ခဲ့သူရဲ့ ရင်ထဲမှာတော့ မခံချင်စိတ်တွေ အပြည့်နဲ့ . . .

• • •

နောက်တစ်ရက်မှာပဲ ရှေ့တော်မှောက် အရောက်သွားပြီး သူမနောက်ကြောင်းတွေ တောက်လျှောက် ရွတ်ပြလိုက်တယ်။

"မင်းနာမည်က သုန္ဒရီ။ အဘွားတစ်ယောက်နဲ့ လှိုင်သာယာ ( ) ရပ်ကွက်မှာ နေတယ်။ အိမ်ရှေ့မှာ မုန့်ဆိုင်လေး ဖွင့်ထားတယ်။ မင်းက နည်းပညာတက္ကသိုလ် ဒုတိယနှစ်တက်နေတာ။ မနက်တိုင်း ခုနစ်နာရီထိုးတာနဲ့ အိမ်ကထွက်တယ်။ ရပ်ကွက်ထိပ်မှာ စောင့်နေတဲ့ ဖယ်ရီပေါ် တက်တယ်။ ကျောင်းကိုလာတယ်။ ကားပေါ်က ဆင်းတာနဲ့ ကျောင်းထဲဝင်တယ်။ ပုံမှန်အားဖြင့် နေ့လယ်နှစ်နာရီနဲ့ သုံးနာရီကြားမှာ ကျောင်းထဲကထွက်လာပြီး ဖယ်ရီပေါ်မှာ ကားထွက်တဲ့ထိ ထိုင်နေတတ်တယ်။ စာကျက်ရင်ကျက်တယ်။ မကျက်ရင် ပဒုမ္မာကန်တင်းမှာ အအေးတစ်ခွက်မှာပြီး ကားထွက်ချိန်ကို စောင့်လေ့ရှိတယ်။ အိမ်ပြန်ရောက်တော့ တစ်နေကုန် ဈေးရောင်းရတဲ့ မင်းအဘွားနေရာမှာ မင်းဝင်ထိုင်တယ်။ ညကိုးနာရီမှာ မင်းတို့ဆိုင်လေး ပိတ်တယ်။ ဒါပေမဲ့ လာဝယ်သူရှိရင်တော့ ထရောင်းတယ်။ ဘယ်လိုလဲ ငါပြောတာ မှန်ရဲ့လား"

ချက်ချင်း ပြန်မဖြေနိုင်ပုံထောက်ရင်တော့ အနည်းငယ် ကျွတ်သွားဟန်ရှိပါတယ်။ ဒါပေမဲ့ သူမမှုပိုင်လို့ ဆိုရမယ့် မထေမဲ့မြင် အပြုံးက မျက်နှာပေါ် ချက်ချင်းရောက်လာပြီး . . .



"ဒီလောက်ဆိုရင် ရှင်နောင်တ ရလောက်ရှာပေါ့"

"ငါ တကယ်ပဲ နောင်တရမိတယ်။ ဘယ်လိုစိတ်မျိုးနဲ့ မင်းကို စိတ်ဝင်စားတယ် ပြောလိုက်မိတယ်မသိဘူး"

'ထင်သားပဲ' ဟူသော ပုံစံမျိုးနဲ့ 'ဟက်' ခနဲ ရယ်ပါတယ်။

"အမှန်က စိတ်ဝင်စားတယ်လို့ ပြောရမှာမဟုတ်ဘူး။ တစ်ခါတည်း ချစ်တယ်လို့ ပြောလိုက်ရမှာ"

"ရှင် . . . "

အံ့သြလိုက်ပါ . . . သုန္ဒရီ။ ဒီထက်မကတောင် မင်းအံ့သြသင့်ပါတယ်။ ငါ့နှလုံးသား ကို စော်ကားသွားတဲ့ မင်းအတွက် ဒီလောက်တော့ ငါ ပြန်ရသင့်တာပေါ့။ စိတ်ထင်မဟုတ်ရင် မင်းနှုတ်ခမ်းတွေ ဆေးမဆိုးဘဲ ဖွေးသွားသလိုပဲ။ နောက်ပြီး စားပွဲပေါ်တင်ထားတဲ့ မင်းလက်ချောင်းလေးတွေ မညီမညာ လှုပ်ခါသွားတယ်။

စိတ်မကောင်းဘူး သုန္ဒရီ။

"မြန်တယ် မထင်ရင် တစ်ခါတည်း လက်ထပ်ခွင့် တောင်းချင်ပါတယ်"

နောက်တစ်ကြိမ် မျက်လုံးလေးဝိုင်းသွားတော့ အိတ်ထဲက ဘူးလေးတစ်ဘူးကို မိုးဝေ ထုတ်ပြီးသွားပြီ။ အဖုံးကို ဖွင့်တော့ မျှော်လင့်ခြင်းများစွာနဲ့ ထုဆစ်ထားသော လက်စွပ်လေးတစ်ကွင်းပါ။ အတွင်းဘက်မှာ သူတို့နှစ်ဦးနာမည်ရဲ့ ထိပ်ဆုံးစကားလုံးလေးကို အသည်းနဲ့ ကွင်းခတ်ရေးထိုးထားတယ်။

ဒုတိယအကြိမ် အံ့သြမင်သက်သွားပါပြီ။

ကျွမ်းကျင်သူတစ်ဦး မဟုတ်သော်လည်း ဖတ်ဖူးထားသော စိတ်ပညာ စာအုပ်တွေအရ လက်ရှိအခြေအနေရဲ့ ဓာတ်ရှိန်အမြင့်ကို နားလည်လိုက်တယ်။

ဝမ်းနည်းပါတယ် . . . သုန္ဒရီ။ မင်းငါ့သတ်ကွင်းထဲကို ရောက်သွားပြီ။ နောက်ဆုံးလက်နက်အနေနဲ့ မသိမသာ လှုပ်ခါနေသော သုန္ဒရီ

www.burmeseclassic.com

www.burmeseclassic.com

လက်တစ်ဖက်ကို ဆွဲယူပြီး သူ့ဘယ်ဘက်ရင်အုံပေါ် [illegible]။ ဒီလက်ဖဝါးကတစ်ဆင့် ကိုယ့်ရင်ခုန်သံတွေကို မင်း တိုက်ရိုက်ထိတွေ့ခွင့် ရလိမ့်မယ် . . . သုန္ဒရီ။

ကိုယ်ရဲ့ မေတ္တာစစ်တွေ မင်းရင်ထဲကို အဆပေါင်း ထောင်သောင်းမက စီးဝင်သွားလိမ့်မယ်။

မင်း တုန်လှုပ်ရလိမ့်မယ်။

အံ့ဩရလိမ့်မယ်။

ပြီးတော့ ကိုယ့်ကို ပြန်ချစ်ရလိမ့်မယ်။

မင်းလက်ဖဝါးမှာ ခံစားမှုအာရုံတွေ ကောင်းမွန်နေမယ်ဆိုရင်ပေါ့လေ။



# IV

အဲဒီနောက်ပိုင်းတော့ မိုးဝေရဲ့ နံနက်ခင်းတွေပေါ် နှင်းစစ်သည်တွေ အစုလိုက် အပြုံလိုက် ကျဆင်းလာခဲ့ပါတော့သည်။ ရှေးတုန်းကတော့ တရိုက်မက်မက် မြတ်နိုးသူမိန်းကလေးထံမှ အချစ်ကိုရဖို့ သုံးနှစ်သုံးမိုး စောင့်ရတယ်တဲ့။ မိန်းကလေးဘက်ကလည်း တစ်ဘဝလုံး လက်တွဲရမယ့် ချစ်သူအမျိုးသားကို သုံးနှစ်စောင့်နိုင်ပြီး လေ့လာ အကဲခတ်ကြတယ်လို့ ဆိုပါတယ်။

အခုလည်း ထိုခေလ့က မပျောက်သေးပါဘူး။ သုံးနှစ်တော့ မဟုတ်ဘူး၊ သုံးလဖြစ်သွားတယ်။ စောင့်ရတဲ့ ရက်ကိုးဆယ်လုံးလုံးလည်း အလွယ်တကူဖြတ်ကျော်နိုင်ခဲ့တာ မဟုတ်ပါဘူး။

နေ့တိုင်းလိုလို ကျောင်းသားမဟုတ်သော်လည်း ကျောင်းရှေ့သွားထိုင်စောင့်၊ ကျူရှင်မတက်သော်လည်း ကျူရှင်အောက်က စောင့်နဲ့ တကယ့်အရိပ်စစ်တစ်ခုလို တကောက်ကောက်လိုက်လို့ ကြိုးစားခဲ့ရတာပါ။ တိုးတက်လာတာ တစ်ခုကတော့ သူနဲ့ သုန္ဒရီကြားမှာ အရင်လို အစိမ်းရောင်ကန့်လန့်ကာကြီး ခံမနေတော့ပါဘူး။

မိတ်ဆွေတစ်ဦးလို သူငယ်ချင်းတစ်ဦးလို တရင်းတနှီးပြောဆိုနေထိုင်ခွင့် ရလာတယ်။ သူ့ကို အနီးကပ် လေ့လာတာဖြစ်ရင်လည်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မှာပေါ့လေ။ တစ်ခါမှာတော့ နှစ်ဦးတည်း ကန်တင်းမှာ ထိုင်နေတုန်း ထင်မှတ်မထားဘဲ မေးခွန်းတစ်ခု မေးလာတယ်။

"ရှင် ဘာအလုပ်လုပ်လဲ"

"ဘာမှမလုပ်ဘူး"

နေ့တိုင်းလိုလို ဒီမှာ ထိုင်နေပါတယ်ဆိုကတည်းက မေးစရာလို သေးလို့လား . . . သုန္ဒရီရယ်။

"ကျောင်းပြီးကတည်းက အိမ်မှာပဲ ထိုင်နေတာ။ မေမေတို့က ဘာမှ ပေးမခိုင်းဘူးလေ"

"ရှင့်အချိန်တွေ နှမြောလိုက်တာ"

ပြန်လည်ချေပဖို့ မလိုပါဘူး။ တကယ်လည်း လူတကာအတွက် တန်ဖိုးရှိပါတယ်ဆိုတဲ့ အချိန်က သူ့အတွက် အပိုပစ္စည်းသက်သက် ဖြစ်နေတာလေ။

"အမေ မခိုင်းတာနဲ့ဘဲ မလုပ်တော့ဘူးလား။ အမေမရှိတော့ရင် ဘယ်လိုလုပ်မလဲ"

"အစ်မရှိတယ်လေ"

"ကောင်းရောပဲ"

စိတ်ပျက်သွားတဲ့ မျက်နှာကိုကြည့်ပြီး ကြိတ်ရယ်ရပါသေးတယ်။ မျက်လုံးထဲမှာ ငယ်ငယ်ကသင်ခဲ့ရတဲ့ ကုဋေရှစ်ဆယ်သူဌေးသားကို မြေးမြင်မိရဲ့။ သူ့လောက်တော့ ကိုယ်က အခြေအနေ မဆိုးနိုင်ပါဘူး။ အလုပ်မလုပ်သေးပေမဲ့ ပညာတော့ တတ်ပါတယ်လေ။

ပြီးတော့ အဝေးတစ်နေရာကို ငေးကြည့်ပြီး သူ့ကိုဦးတည်တဲ့ စကားတွေ ပြောပါတယ်။

"လူရယ်လို့ဖြစ်လာရင် ကိုယ့်တာဝန် ကိုယ်ကျေမှ . . ."

"ကိုယ့်ကို ဘယ်သူမှ တာဝန်မပေးဘူးလေ"

"တာဝန်ဆိုတာသူများပေးမှ မဟုတ်ပါဘူး။ ကိုယ့်အသိစိတ်ဓာတ်နဲ့ ကိုယ်ယူလည်းရပါတယ်"



"ဘယ်လိုမျိုးကို ပြောတာလဲ"

"ဥပမာ ဗိုလ်ချုပ်အောင်ဆန်းပေါ့။ ဒီနိုင်ငံကြီးကို ကယ်တင်ဖို့ သူ့ကို ဘယ်သူမှ တာဝန်ပေးခဲ့တာ မဟုတ်ဘူး။ ဘယ်သူမှမပေးတဲ့ တာဝန်ကို သူ့သဘောနဲ့သူယူခဲ့တာ။ ပြီးတော့ ကျွန်မတို့ အခုထိ ပြောဆိုကုန်၊ ရေးမကုန်၊ ချီးမွမ်းမကုန်နိုင်တဲ့ အလုပ်တွေလုပ်ပြခဲ့တာ။ ဒီလောက်ဆိုရှင်းပြီထင်တာပဲ"

ရှင်းပါတယ်။ တော်တော်လည်း ရှက်ခဲ့ရပါတယ်။

"ဘာတာဝန်မှ မယူတဲ့လူတွေကတော့ လောကအတွက် အပိုသက်သက်ပဲ။ ဘယ်သူ့အတွက်မှ အကျိုးမရှိဘူး။ သူကိုယ်တိုင်အတွက်လည်း အကျိုးမရှိဘူး"

တဖြည်းဖြည်း ကျစ်လစ်ထိရောက်လာတဲ့ စကားအသုံးအနှုန်းတွေကြောင့် သုန္ဒရီကို ငေးပြီး ကြည့်မိသွားတယ်။ လက်ထဲမှာလည်း စာကြည့်တိုက်က ငှားလာဟန်ထင်တဲ့ စာအုပ်အချို့ကို ကိုင်ထားပါတယ်။ စိတ်ခွန်အားဖြစ်စေနိုင်သော စာအုပ်အချို့နဲ့ ဘဝနေထိုင်နည်း စာအုပ်တွေပါ။

ထိုခဏမှာပဲ သူငယ်ချင်း သက်ဖြိုးဝေကို သနားမိသွားရတယ်။ လူတစ်ယောက်ရဲ့ ဖြစ်တည်မှုဟာ ပတ်ဝန်းကျင်နဲ့ မဆိုင်ကြောင်း ဒါဟာ သက်သက်ပဲလေ။ ငြိမ်သက်ကျေနပ်သွားသော သူ့ပုံစံကိုကြည့်ပြီး သုန္ဒရီက ပြောလာရဲ့။

"ဟုတ်တယ်လေ . . . လူဆိုတာကတော့ မွေးပြီးရင် သေမှာပဲ။ ဒါပေမဲ့ ဘယ်လိုလူမျိုးအဖြစ်နဲ့ သေမလဲဆိုတာတော့ စိတ်ဝင်စားဖို့ကောင်းတယ်။ ပေါ့ပေါ့နေပေါ့ပေါ့စားပြီး ကိုယ့်အရည်အချင်း ကိုယ်ပြန်သတ်နေတဲ့ လူမျိုးအဖြစ်နဲ့ သေမလား၊ အရည်အချင်းရှိရှိ၊ သိက္ခာရှိရှိ၊ လူလေးစားလောက်သောပုဂ္ဂိုလ်အဖြစ်နဲ့ သေမလား ကြိုက်ရာရွေးချယ်ပိုင်ခွင့် လူတိုင်းမှာ ရှိနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဓာတ်မြင့်မား သူဆိုတာ ဒါမျိုးပဲဖြစ်မယ်ထင်ရဲ့။ ကိုယ်တိုင် ပြောင်းလဲထားရုံမဟုတ်ဘူး။ သူတစ်ပါးကိုပါ ပြောင်းလဲပေးနိုင်တဲ့ စိတ်အင်အားတွေ ရှိနေတာလေ။

"ကျွန်မ အခုရှင့်ကို ပြောနေတာတွေက နှလုံးသားကိစ္စနဲ့ မဆိုင်ဘူးနော်။ ဒီလိုမှမပြောရင် ခင်မင်ရင်းနှီးသူ တစ်ယောက်အနေနဲ့ တာဝန်မကျေ ဖြစ်မှာစိုးလို့"

နားလည်ပါတယ် . . . ကောင်မလေးရယ်။ မိုးဝေဆိုတဲ့ လူတစ်ယောက်ရဲ့ အကျိုးအတွက် လေကုန်ခံပြီး ပြောနေတယ်ဆိုတာ နားလည်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းဘယ်လို မိန်းကလေးမျိုးဆိုတာ သိနေတယ်လေ။ ငွေကြေး၊ ဂုဏ်ပကာသန၊ အဆင့်အတန်း ဒါတွေ မင်းတစ်ခုမှ မမက်ဘူး။

မင်းမက်မောတာ ကိုယ်ရည်ကိုယ်သွေး။ အဲဒါပြည့်စုံရင် ကျန်တာ အားလုံး အလိုလို ရောက်လာလိမ့်မယ်လို့ မင်းယုံကြည်ထားတာ။ ပျက်စီးသွားသောလူတွေရဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာကို ကြည့်ပြီးလည်း တစ်ခါတလေမှာ ပျစ်ပျစ်နှစ်နှစ် ဝေဖန်တတ်သေးရဲ့။ ဒါပေမဲ့ သူမ ဝေဖန်တာတွေဟာ အမှန်တရားတွေပါ။

သုန္ဒရီတို့နေထိုင်ရာ ရပ်ကွက်ထဲမှာ နာမည်ကြီး ဘော်ဒါဆောင်တစ်ခုရှိတယ်။ မိန်းမ ဘော်ဒါဆောင်ပေါ့။ ဘာကြောင့် နာမည်ကြီးလဲတော့ မမေးပါနဲ့။ အဆောင်က မိန်းကလေး တော်တော်များများက ဘာအလုပ်အကိုင်မှ မည်မည်ရရမလုပ်ဘဲ ငွေကို ရေလို သုံးနိုင်ကြတယ်လေ။ နောက်ဆုံးပေါ်အဝတ်အစား၊ နောက်ဆုံးပေါ် ပစ္စည်းမျိုးစုံကိုလည်း ဝယ်ကိုင်နိုင်ကြတယ်။

နေရာဒေသတစ်ခုမှာ လူကောင်းချည်းပဲရှိမနေပါဘူး။ ထို့အတူ လူဆိုးချည်းပဲလည်း မရှိဘူး။ ဒါကို လက်ခံတယ်။ ဒါပေမဲ့ လူဆိုးတွေ များလာရင်တော့ မကောင်းဘူးပေါ့။ အဆောင်မှာ လူဆိုးတွေ တဖြည်းဖြည်းများလာတော့ လူကောင်းတွေ ပြောင်းပြောင်းသွားကြတာ နောက်ဆုံး ရပ်ကွက်ကတောင် အဆောင်ကို နာမည်ပြောင်းပစ်လိုက်ရတယ်။

'Sponser ဆောင်' တဲ့။

"တကယ်တော့ ငွေကြေးအတွက် ခန္ဓာကိုယ်ရောင်းစားတာ ပြည့်တန်ဆာပဲ။ ဒါကို sponser လို့ နာမည်တပ်ပြီး မရှက်မကြောက် လူရှေ့ထွက် ဂုဏ်ယူနေကြတယ်"

တကယ်ကို တာသွားတဲ့စကားပါ။ မှန်လိုက်လေ သုန္ဒရီရယ်လို့တောင် ပြောရမလို ဖြစ်နေပြီ။

"လူတွေလည်း အရှက်၊ အကြောက် မရှိတော့ဘူးနော်။ ကြာရင် တိရစ္ဆာန်နဲ့ ဘာမှထူးမှာ မဟုတ်တော့ဘူး။ နောင်တစ်ချိန်လောကမှာ လူနှစ်မျိုးပဲ ရှိတော့မယ်ထင်တယ် . . . လူစိတ်ရှိတဲ့လူနဲ့ . . . တိရစ္ဆာန်စိတ်နဲ့လူ၊ အဲလိုပဲဖြစ်သွားမလား မသိဘူး"

သေချာတာပေါ့ . . . ကိုယ် ဘယ်အမျိုးအစားထဲပါအောင်နေမလဲဆိုတာပဲ စဉ်းစားရမှာပါ။

လူဆိုတာ ဖြစ်စေဖို့။ လူပီသစေဖို့ ရှေးရှေးပညာရှိပေါင်းများစွာက ယဉ်ကျေးမှုတွေ ဖော်ဆောင်လာခဲ့ကြတာ။ မိဘဆိုတာ မရှိ။ မောင်နှမသားချင်းဆိုတာမရှိ။ အဖိုအမ သဘာဝနဲ့ တိရစ္ဆာန်သာသာအဆင့်ကနေ ယဉ်ကျေးမှုပေါင်းများစွာ ဖြစ်တည်လာအောင် ကြိုးစားခဲ့ရတာ။

ကျောက်ခေတ်၊ ကြေးခေတ်၊ ခေတ်အဆက်ဆက် ဖြတ်သန်းပြီး လူ့သရုပ်ပီပြင်စေခဲ့ကြတာ ယခုလောကခေတ် ခေတ်သို့တိုင် ရောက်လာခဲ့ ပြီဆိုပါတော့။

ငါတို့မှာ အမှန်၊ အမှား ဆုံးဖြတ်နိုင်တဲ့ ဦးနှောက်တွေရှိပါလျက် လူ့သရုပ်၊ လူ့သဏ္ဌာန်တွေ ပီပြင်နေပါလျက် ဘာလို့ အမှောင်ဖုံးတဲ့ခေတ်ကို ပြန်သွားချင်ကြရတာလဲ။ လူ့သမိုင်းကို ဦးဆောင်ခဲ့တဲ့ ပညာရှင်ဘိုးဘေးခေါင်းဆောင်တွေကို အားနာဖို့ ကောင်းပါတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် သုန္ဒရီဆိုသော မိန်းကလေးကိုတော့ [illegible] တယ်။

"ရှင် ကျွန်မကို ယူရင် သေချာပေါက် ဆင်းရဲမှာနော်"

"ဆင်းရဲဖို့ မလိုပါဘူး။ ကိုယ်က ချမ်းသာတာပဲ မင်း ချမ်းသာနိုင်ဖို့ပဲ လိုတာပါ"

ပခုံးတွန့်တယ်။

"ကျွန်မတော့ အဲလို နေနိုင်မယ်မထင်ဘူး"

"ဒါဆို ဘယ်လိုနေမှာလဲ"

"အဓိပ္ပာယ်ရှိစွာနေမှာ"

သူမနဲ့ တွေ့ပြီးနောက်ပိုင်းမှ ဘဝကို လေးနက်ရကောင်းမှန်း သိလာခဲ့တယ်။ တကယ်တော့ သုန္ဒရီဟာ သူ့ဘဝရဲ့အမှောင်တွေကို ဖယ်ရှားပေးသော အလင်းရဲ့ သမီးတော်လေးပါ။

အစဉ်လင်းချင်း . . .

ဝမ်းစာအပြည့်ပါတဲ့ မီးအိမ်လေးတစ်လုံးလည်း ဖြစ်လေရဲ့။

သူမ ပြောပြောနေတဲ့ ဇန်ဂိုးရဲ့ ကမ္ဘာကျော်စကား တစ်ခွန်းလိုပေါ့။

'သစ်ဝင်တော့ မဟုတ်ဘူး . . . ဒါပေမဲ့ ရှင်သန်ရမယ်'

'ပန်းပွင့်တော့ မဟုတ်ဘူး . . . ပွင့်လန်းဝေဆာရမယ်'

ကျေးဇူးပါပဲကွယ်။



# V

အဲဒီနောက်တော့ မိုးဝေအလုပ်တစ်ခု မဖြစ်မနေ လုပ်ရပါတော့တယ်။ ဝန်ထမ်းလည်း မလုပ်ချင်။ ကိုယ်ပိုင်လုပ်ငန်းထောင်ဖို့လည်း အရည်အချင်းမပြည့်မီသေးတာကြောင့် ဒေါက်ဆွေး(?)ပြီးပဲ သင်္ဘောလိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ထိုကိစ္စကိုတော့ သုန္ဒရီကို ပေးမသိပါဘူး။ အတိုင်းအတာတစ်ခုထိ ကွယ်ဝှက်ထားချင်တယ်လေ။ သင်္ဘောကျင်းကို မနက်တိုင်းသွားရတယ်။ အဲတော့ အရင်တုန်းကလို သူများကျောင်းရှေ့ တစ်နေကုန် သွားမထိုင်ဖြစ်တော့ဘူး။ ဒါတောင် တချို့ညနေတွေ အချိန်ယူပြီး မရောက်ရောက်အောင် သွားလိုက်ပါသေးတယ်။

စနေ၊ တနင်္ဂနွေ ကျူရှင်တက်တဲ့ နေ့တွေမှာတော့ နေ့တိုင်းလိုလို တွေ့ဖြစ်ပါတယ်။ သူပျောက်ပျောက်နေတဲ့ ကိစ္စနဲ့ ပတ်သတ်ပြီး သုန္ဒရီက ဘာမှ မမေးသလို သူကလည်း ဘာမှမပြောဖြစ်ဘူး။ ဒါပေမဲ့ တစ်ရက်မှာတော့ သူကိုယ်ပေါ်ကို ကောင်းကင်ထက်က ကြယ်တစ်လုံး ကြွေကျလာခဲ့တယ်။

ကြယ်လေးတွေက သူ့ပခုံးစွန်းပေါ်နားပြီး သူတို့နာမည်ကို ပြောပြရဲ့။ Geminiလို့ ခေါ်ပါတယ်တဲ့။ တချို့ကလည်း Twins(အမြွှာ)



www.burmeseclassic.com

လို့ ခေါ်ပါကြောင်း သူတို့ကိုယ်သူတို့ မိတ်ဆက်တယ်။ [illegible]
www.burmeseclassic.com
တဲ့ ရည်ရွယ်ချက်ကို မေးကြည့်တော့။

"လူ့ပြည်မှာ သူတစ်ယောက်တည်း နေစရာမလိုတော့ဘူးတဲ့"

ဟောကိန်းမှန်တယ်လို့ ဆိုရမလားမသိဘူး။ သုန္ဒရီကို ချစ်ခွင့်ပန်ပြီး သုံးလတိတိ ပြည့်တဲ့နေ့မှာ အဖြေပေးလာပါတယ်။

"ဆင်းရဲတာ ခံနိုင်တယ်ဆိုလဲ ရှင်ကံပေါ့လေ" တဲ့။

ချစ်တယ်လို့ အဖြေပေးလာတာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း နှစ်ဦးသဘောတူ ချစ်သူတွေ ဖြစ်သွားခဲ့တယ်။ ချစ်သူတွေဖြစ်ပြီး နောက်ပိုင်းမှ သင်္ဘောကျင်းမှာ အလုပ်ဆင်းနေကြောင်း သူမကို ပြောပြတော့ . . .

"သူ လူပိုမဟုတ်တော့ဘူး"

"ဟုတ်တယ် . . . သုန္ဒရီ့ချစ်သူ မိုးဝေက အရင်လို လူပို တစ်ယောက် မဟုတ်တော့ဘူး။ ဘဝကို အမိပွါယ်ရှိစွာ ဖြတ်သန်းတော့မယ့် လူတစ်ယောက် ဖြစ်သွားပြီ။ ဟုတ်တယ်မလား"

"မှန်တာပေါ့ကွာ"



ချစ်သူတွေအဖြစ် ပွင့်ပွင့်လင်းလင်းရှိခဲ့ပြီး နောက်ပိုင်း သူတို့နှစ်ဦးပတ်ဝန်းကျင်မှာ မလိုတမာစကားတွေ စီကာပတ်ကုံးထုံမွမ်းလာတယ်။ မိုးဝေဆိုတဲ့ကောင်တော့ဆိုတာမျိုး၊ ကောင်းမလေးက ရုပ်ကလေးဖန်းပြပြီး ချူစားနေတာ ဆိုတာမျိုး။

တစ်ဖက်က ကျတော့လည်း သူဌေးသားက သူလို မိန်းကလေးကို ဘယ်လို အတည်ကြံမှာလဲ။ အပျော်တွဲတာဖြစ်မှာပေါ့၊ ပြုံးပြုံးပြုံးပြုံး နဲ့ ပြီးမှ ဒူးနဲ့မျက်ရည် သုတ်နေရမယ်ဆိုတာမျိုး။ စကားလုံးအချွန်တွေက ရိုးပေမယ့်လည်း ကြာတော့ ပိတ်ထားတဲ့နားဇတွကို လာလာစိုက်တယ်။


www.burmeseclassic.com

www.burmeseclassic.com

# VI

"မစောလွန်းဘူးလားကိုရယ် . . . စဉ်းစားပါဦး"

"ကိုယ်စဉ်းစားပြီးသွားပြီ . . . သုန္ဒရီ။ နောက်လည်း လက်ထပ်ကြမယ့်အတူတူတော့ အခုတစ်ခါတည်းပဲ လက်ထပ်လိုက်ရအောင်"

"သုန္ဒရီ ကျောင်းမပြီးသေးဘူးလေ။ ပြီးတော့ အဘွားကလည်း ရှိသေးတယ်"

"အဲဒါတွေအတွက် ကိုယ်အားလုံး စဉ်းစားပြီးသွားပြီ . . သုန္ဒရီ။ ဘာမှမပူနဲ့"

တိကျပြတ်သားနေသော သူ့စကားတွေကြောင့် သုန္ဒရီ နှုတ်ဆိတ်ကာ သွားတယ်။ ဒါပေမဲ့လည်း ကြာကြာ နှုတ်မဆိတ်နိုင်ပါဘူး။

"ကိုယ့်မိဘတွေကရော သုန္ဒရီလို မိန်းကလေး။ သုန္ဒရီလို အဆင့်အတန်းမျိုးနဲ့ သဘောတူပါ့မလား . . . "

"ဆင်းရဲတာ လူ့ကျင့်ဝတ် ချိုးဖောက်တာမှ မဟုတ်တာပဲ။ သဘောမတူစရာ မရှိပါဘူး"

"ဒါပေမဲ့ သုန္ဒရီ စိုးရိမ်နေတယ်။ စိတ်ထဲမှာ တစ်ခုခုကို ကြိုသိနေသလိုပဲ။ စဉ်းစားပါဦး . . . ကိုရယ်"



စဉ်းစားပြီးလို့ သုန္ဒရီကို ဒီစကားတွေ ပြောနေတာပေါ့။ သုန္ဒရီ သဘောတူရင် မိဘတွေကို ကိုယ် ဖွင့်ပြောလိုက်တော့မယ်"

သုန္ဒရီ ငြိမ်သက်ကာသွားတယ်။ တစ်ခုခုကို စိုးရွံ့ထိတ်လန့်နေသော ဟန်တွေမျက်နှာမှာ ပေါ်နေတယ်။

"ဒီမှာ . . . သုန္ဒရီ၊ လူတွေနဲ့ဆက်ဆံဖို့ လောကမှာ နည်းနှင့်နည်းပဲ ရှိတာ။ သည်းခံတာနဲ့ တုံ့ပြန်တာ။ ကိုယ်တို့ သည်းခံပြီးသွားကြပြီ သုန္ဒရီ။ အခု တုံ့ပြန်ကြရအောင်။ ပတ်ဝန်းကျင်မှာ လူတွေက ကိုယ်တို့နှစ်ဦးအကြောင်းကို ပေါင်းစုံအောင် ပြောနေကြတယ်။ အထူးသဖြင့် သုန္ဒရီ ကိုယ်နဲ့ တွဲနေတာကို မလိုလားကြဘူး။ ကိုယ်တို့တစ်ဘဝလုံး လက်တွဲဖြစ်မှာကိုလည်း စိုးရိမ်နေတယ်။ သူတို့ စိုးရိမ်မှုတွေကို ရိုက်ချိုးပစ်လိုက်ရအောင် . . . သုန္ဒရီ။ သူတို့မနာလို နေကြတဲ့အတိုင်း ဖြစ်အောင် လု လိုက်ရအောင်။ အဲလိုလူမျိုးတွေကို အနိုင်ယူဖို့ ဒီနည်းဟာ အကောင်းဆုံးပဲ"

"ဒါပေမဲ့လည်း . . . ကိုရယ်။ အဲလောက်ထိ ဂရုစိုက်နေ လည်း မလိုပါဘူး။ ပါးစပ်ညောင်းရင် ရပ်သွားလိမ့်မှာပေါ့"

"ပါးစပ်မညောင်းခင် ပိတ်သွားအောင် လုပ်ပစ်ချင်တာ။ ပြီးတော့ သုန္ဒရီနဲ့လည်း အခုလို သမီးရည်းစားဘဝနဲ့ အကြာကြီး မနေချင်တော့ဘူး ..."

သူမမျက်ဝန်းနက်တွေမှာ မျက်ရည်ကြည်တို့ ရစ်ဝဲလာလေ၏

"ဘာလဲ . . . သုန္ဒရီ ကိုယ်နဲ့ လက်မထပ်ချင်လို့လား"

နှုတ်ခမ်းကို ကိုက်ပြီး သူ့ပခုံးကို သိုင်းဖက်လာပါတယ်။

"မဟုတ်ပါဘူးကွယ် . . . ကိုနဲ့ ကို့မိဘတွေ အဆင်မပြေ မှာ စိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

## VII

မေမေက ပြတ်တယ်။

"မေမေ လုံးဝ သဘောမတူနိုင်ဘူး သား"

ဖေဖေကတော့ လူကြီးဆန်တယ်။

"အိမ်ထောင်ပြုပြီးသွားရင် မင်းက ဦးဆောင်မှာလား၊ နောက်လိုက်လုပ်မှာလား"

"ဟာ . . . ဖေဖေကလည်း သားက ယောကျ်ားလေးပဲ၊ သား ဦးဆောင်မှာပေါ့"

"ဒါဆိုရင်တော့ မင်းယူမယ့်မိန်းကလေးမှာ ဇနီးတစ်ဦးအတွက် ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတွေ ရှိရဲ့လား သေချာလေ့လာပါ။ ရှိတယ်ဆိုရင်တော့ . . . "

ပြီးပြီလေ။ ဖေဖေ့စကားက ရှင်းနေပြီပဲ။

နောက်ဆုံးတော့ သားကိုချစ်သော မိဘတွေရဲ့ ထုံးစံအတိုင်း တစ်ခုသော အချိန်ကာလမှာ မိဘတို့ ဝတ္တရားရှိသည်နှင့်အညီ ကောင်းမွန်စွာ ဆောင်ရွက်ပေးခဲ့ပါတယ်။

သုန္ဒရီ Third Year နှစ်မှာပေါ့။



"တျာနီမြန်း၊ ချစ်နှုတ်ခမ်းပလီ ××× သမင်မျက်လုံး
ရှုမက်မဆုံးပြီ ××× အမွှရာ၊ ကိန္နရီ၊ မဒီ၊ သမ္ဘူ
ထူးမြတ်တဲ့ဆုတွေအညီ ××× ဘယ်ရွေးဆုံတောင်း
ဘယ်အကြောင်းငယ်ဖန်သည် ×××
ညကမ္ဘာလေးမှာ ပျော်စရာ၊ ရွှင်စရာ၊ အထူးသရုပ်ဆောင်
သည် ××× လက်ခုပ်သြဘာ ဆူညံသံတွေ နဘံမိုးသို့ညံစီ
ကသာ၊ ကပါ ရွှေသုန္ဒရီရေ မောင်လည်း ကြည့်ချင်သည် ×××
သူ့အလှတောမှာ စုံချည်ဆန်ချည် ရင်မောလှပါသည် ×××
ဒီဘဝမှာ မနီရရင်ဖြင့် ကြီးဒုက္ခမီးဖိစီးလိမ့်မည် ×××"



www.burmeseclassic.com

www.burmeseclassic.com

# VIII

အမ္မရာ၊ ကိန္နရီ၊ မဒီ၊ သမ္ဗုလတဲ့ ကမ္ဘာတွေ အလီလီပြောင်းတာတောင် တော်လေး၀ ဝင်တဲ့ မိန်းကလေးက ဒီလေးယောက်ပဲ ရှိခဲ့တယ်တဲ့လား။ သူတို့လောက်မဟုတ်ပေမဲ့ သူတို့နီးနီးတော်တဲ့ မိန်းကလေးရော မရှိလောက်တော့ဘူးလား။ ရှိနိုင်ပါတယ်။

အထူးသဖြင့် သုန္ဒရီလို မိန်းကလေးမျိုးပေါ့။ လက်ထပ်ပြီးချိန်မှစလို့ သုန္ဒရီဟာ မယားဝတ္တရား လွန်စွာ ကျေပွန်သူလေးတစ်ယောက်ဖြစ်လာခဲ့ပါတယ်။ ကျောင်းတစ်ဖက်တက်ရသေးတဲ့အပြင် သူ့အပေါ်မှာလည်း ဝတ္တရား မပျက်ခဲ့ဘူး။

သူတို့နှစ်ဦးရဲ့နေထိုင်ရာ ကမ္ဘာလေးကတော့ ရန်ကုန်နယ်နိမိတ်တွင်းက တောင်ဘက်ခြမ်းမြို့လေးတစ်ခုမှာပါ။ နှစ်ထပ်တိုက်လေးတစ်လုံးဖြစ်ပြီး ခြံစည်းရိုး ကျယ်ကျယ်ခတ်ထားပါတယ်။ ခေါင်းရင်းဘက်၌ တစ်အိမ်လုံးကို ဖြန့်ဝေရာ ရေစင်ကြီးတစ်ခုရှိတယ်။

ရပ်ကွက်ဆန်ဆန်ကြီးတော့ မဟုတ်ဘူး။ ငမိုးရိပ်ချောင်းနဲ့ မနီးမဝေးမှာမို့ မနက်စောစော (သို့) ညနေဘက်တွေမှာ အညောင်းပြေ၊ အညာပြေ လမ်းလျှောက်နိုင်ပါသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံး



ဆန်ပါးကို ကျေးဇူးတင်ရတာပါပဲ။ ဒါက မိဘတွေ လက်ဖွဲ့ပေးထားတဲ့ အိမ်လေ။

ကြင်စဦးရက်တွေလွန်တဲ့ တစ်ရက် သုန္ဒရီအဘွားနဲ့ အဒေါ်ကို အိမ်မှာ ခေါ်ထားဖို့ အကြောင်းဖန်လာတယ်။

သဘော်တက်ရတော့မှာမလို့ပါ။ အမှန်တိုင်းပြောရရင် သုန္ဒရီနဲ့ မခွဲနိုင်ပါဘူး။ ဒါပေမဲ့လည်း ဘဝတစ်ခုဖြစ်တည်လာခဲ့ပြီဆိုတော့ အလုပ်က မလုပ်မဖြစ် လုပ်ရတော့မယ်လေ။

လေယာဉ်ကွင်းလိုက်ပို့တော့ များပြားလှသော လူတွေကြားမှာ သုန္ဒရီ သည်းသည်းထန်ထန် ငိုရှာတယ်။ သုန္ဒရီငိုတော့ သူလည်း မျက်ရည်ဝဲရပါတယ်။ သုန္ဒရီမျက်ဝန်းက မျက်ရည်စတွေကို သုတ်ပေးရင်း ကိန္နရီ ချောင်းခြားမယ့်အရေးကို တွေးလို့ မွန်းကြပ်ခံစားခဲ့ရတယ်။

ဒါပေမဲ့ လေယာဉ်တက်ခါနီး သူမပြောလိုက်တဲ့ စကားတစ်ခွန်းတတော့ . . .

“ကို့ကို အရမ်းချစ်တယ်”

အပိုမပြောပါဘူး။

အဲဒီစကားတစ်ခွန်းနဲ့ပဲ မိုးဝေဆိုတဲ့ကောင် ပင်လယ်ကြီးကို စိန်ခေါ်ခဲ့တာပါ။ ရေခြား၊ မြေခြား၊ လူမျိုးခြားတွေကြားမှာ ရဲရင့်ခဲ့တာပါ။

မကြောက်ပါဘူး။

နားထဲမှာ အဲဒီစကားလေး သန္ဓေတည်နေသ၍ တစ်ကမ္ဘာလုံးကိုလည်း အနိုင်တိုက်ရဲပါတယ်။

ပင်လယ် . . .

မင်းနဲ့ငါ မကြာခင် တွေ့ကြမယ်။

မင်းကိုယ်ကိုပိုင်းပြီး မင်းလှိုင်းကို ငါမြိုမယ်။



www.burmeseclassic.com

www.burmeseclassic.com

လွမ်းရက်အချို့ ကြာပြီးနောက် . . .



# XI

ကို . . .

အလုပ်တွေတအားပင်ပန်းနေလားဟင် . . .

ကျန်းမာရေးကို ဂရုစိုက်နော်။ ပင်လယ်ထဲမှာ ကို့ကို တကယ်ပဲ စိတ်မချဘူး။ သင်္ဘောပေါ်က လူတွေနဲ့ရော အဆင်ပြေ ရဲ့လား။ အဆင်ပြေအောင် ဆက်ဆံနော် ကို။ အလုပ်တစ်ခါမှ မလုပ်ဘူးတော့ အဆင်မပြေမှာ သုန္ဒရီအရမ်းပဲ စိုးရိမ်တယ်။

ကို အဆင်ပြေအောင် ညတိုင်းဘုရားမှာ မေတ္တာပို့ ဆုတောင်းပေးတယ်။ ကို့ကိုလည်း ညတိုင်းကန်တော့ပြီးမှ အိပ် တယ်သိလား။ တစ်ခါမှ မခွဲဘူးတော့ ကို့ကို အရမ်းလွမ်းတယ် ကွာ။ သုန္ဒရီကတော့ အဆင်ပြေပါတယ်။ *Roll call* ပြည့်အောင် အတန်းချိန် မှန်မှန်တက်တယ်။ စာမှန်မှန်ကျက်တယ်။

ကို့ကိုလွမ်းတဲ့စိတ်ကို ဒါတွေနဲ့ပဲ ကုစားနေတာလေ။ နေလည်း ကောင်းတယ်။ တစ်ခုပဲ . . . ကို့ကို လွမ်းရင် ငိုရှိုက်တာ ကိုတော့ သုန္ဒရီ မတားနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

*ဒေါ်လေးကတော့ သူ့ရှေ့မှာ ကို့ကို လွမ်းတယ်လို့ ညည်းမိရင် 'ညည်းတို့က ပိုကို ပိုလွန်းတယ်တဲ့'။ မပိုပါဘူးနော် ကို။ တကယ်လွမ်းလို့ လွမ်းတယ်ပြောတာပဲ။ ကိုလည်း သုနန္ဒရီကို လွမ်းတယ်မလား။ လွမ်းရင် ကျန်းမာရေးကို ဂရုစိုက်။*

*မြန်မြန်ပြန်လာနိုင်အောင် ကြိုးစား။ အရက်တွေ တအားကြီး မသောက်နဲ့။ သင်္ဘောကမ်းကပ်ရင်လည်း ကောင်မလေးတွေ မကြည့်နဲ့။*

*ဒါပဲနော်။ ကြည့်ရင်တော့ သုနန္ဒရီက စိတ်ဆိုးမှာဗျ။ သုနန္ဒရီမသိဘူးလည်း မထင်နဲ့။ သုနန္ဒရီက စိတ်ကူးနဲ့ ကို့လှုပ်ရှားမှုအားလုံးကို ကြည့်နေတာ . . .*

*ကို့ရဲ့သုနန္ဒရီ*

E-mail ပို့ထားတာလေးတွေ ဖွင့်ဖတ်ပြီး စိတ်ကူးနဲ့ ကြည်နူးမိတာ နေ့တွေညတွေ မရေတွက်နိုင်ပါဘူး။ အလွမ်းဖြေစရာ ဒါလေးရှိလို့ တော်သေးရဲ့။ တစ်ခါတလေတော့လည်း အနားယူမယ့် အချိန်ထဲကဖွဲ့ပြီး သူမနဲ့ တမေ့တမော ဖုန်းပြောဖြစ်ပါတယ်။

ရတဲ့ပိုက်ဆံ ဖုန်းကပ်ဖိုးနဲ့ ကုန်သွားမှာစိုးလို့ တားယူရတဲ့အထိပါပဲ။ မတတ်နိုင်ဘူးလေ။ မိုးလင်းမိုးချုပ် ပင်လယ်ပြင်ထဲ နေရတဲ့ဘဝ ကြုံဖူးမှ သိနိုင်မှာ မဟုတ်လား။ သူမကို လွမ်းတာတစ်ခုကလွဲပြီး ကျန်တာ အားလုံးကတော့ အဆင်ပြေပါတယ်။

သူမ စာထဲမှာ ရေးထားသလိုပါပဲ။ သူ့လှုပ်ရှားမှုအားလုံးကို စိတ်ကူးနဲ့ သိချင်သိနေနိုင်တာမို့ 'တအားလွမ်းတာပဲ သုနန္ဒရီရယ်' ဆိုတဲ့ စကားကိုတော့ တစ်ရက်မှာ အကြိမ်ပေါင်းများစွာ ပြောဖြစ်ခဲ့တယ်။

သူမ မကြားရရင်တောင် ပင်လယ်ရေတွေက သူမဆီ သယ်ဆောင်သွားပေးနိုင်တယ်လေ။



ဒီအချိန်ဟာ ငမိုးရိပ်ချောင်းဘေး သုနန္ဒရီ လမ်းလျှောက်ထွက်နေကျအချိန် ဖြစ်နေတာကိုး။

*ကို . . .*

*သုနန္ဒရီ စာမေးပွဲ ဖြေရတော့မှာနော်။ စာမေးပွဲဖြေနိုင်အောင် အားပေးစကား ပြောပေးပါဦး။*

ဒီလိုအခါမျိုးမှာတော့ သူမအတွက် တတ်သလောက် မှတ်သလောက် အားပေးစကား ပြောရပါသေးတယ်။ စာမေးပွဲပြီးဆုံးသည့် အခါမျိုးမှာလည်း ဖြေနိုင်၏။ မဖြေနိုင်၏။ E-mail ပြန်ပို့ပေးလေ့ ရှိတယ်။

ဒါပေမဲ့လည်း သင်္ဘောကမ်းနီးချိန်သော် Internet အသုံးပြုရလွယ်တာမို့ တစ်ခါတစ်ခါ သူမပို့ထားတဲ့ စာတွေက ရက်ပေါင်းအတော်ကြာမှ ရောက်လာတတ်တယ်။ အဲဒီအခါမျိုးမှာတော့ စာတွေတန်း စီပြီးဖတ်ရတာ ထမင်းမေ့ဟင်းမေ့ပဲ။

*ကို . . .*

*ပြန်လာဖို့ရက် နီးနေပြီနော်။ မပျော်ဘူးလား။ သုနန္ဒရီတော့ ပြက္ခဒိန်ကြည့်မိတိုင်းကို ပျော်နေတာ သိလား။ အခုမှ တစ်ရက်တစ်ရက် နေရတာ ကြာသလိုပဲ။ ကုန်ကိုမကုန်နိုင်ဘူး။ သုနန္ဒရီတို့ မင်္ဂလာနှစ်ပတ်လည်နေ့တောင် ရောက်တော့မယ်နော်။*

*သုနန္ဒရီအတွက် ဘာဝယ်လာမှာလဲ။*

*ဩော် . . . ပြောရဦးမယ်။ ဧည့်ခန်းထဲမှာ သုနန္ဒရီတို့ မင်္ဂလာဆောင်ဓာတ်ပုံကို အကြီးကြီးချဲ့ပြီး ချိတ်ထားတယ် . . သိလား။ လူ တစ်ကိုယ်လောက် နီးနီးရှိတယ်ကွ။ ကိုပြန်လာမှပဲ*



www.burmeseclassic.com

www.burmeseclassic.com

*နောက်တစ်ပုံ ထပ်ချိုပ်တော့မယ်။ ဒီတစ်ခါတော့ သုန္ဒရီ မပါတော့ဘူး။ ကို့တစ်ယောက်တည်း ပုံကို ရွေးပြီးချိတ်ထားမယ်။ ကို့ကိုလွမ်းတိုင်း ထိုင်ကြည့်လို့ရအောင်လေ။*

*မလိုတော့ဘူးနော်ကို . . .*

*ကျန်တဲ့အချိန်လေးကို အားတင်းထားဦး . . .*

*ကို့ရဲ့သုန္ဒရီ*

သုန္ဒရီပြောမှပဲ ခေါင်းအုံးအောက်က ဓာတ်ပုံကို ထုတ်ကြည့်မိတယ်။ ဓာတ်ပုံက အခါခါကြည့်ထားလွန်းလို့ လက်ယောင်လိုက်ပြီး ကြေတောင်နေပြီ။ သူတို့ မင်္ဂလာဦးဓာတ်ပုံလေးပါ။

အထဲမှာ သုန္ဒရီက ပြုံးဝင့်အားကိုးသော မျက်နှာနဲ့ သူ့လက်မောင်းကို ချိတ်ထားတယ်။ ဒီညတော့ အိပ်ပျော်မယ် မထင်တော့ပါဘူး။ ပြန်စာကိုတော့ မျက်ရည်တွေကြားမှပဲ ပြန်ရေးပေးဖြစ်တယ်။ နှလုံးသားက သံနဲ့အရိုက်ခံထားရသလို စူးအောင့် နင့်နဲ့လို့။

(ခြေလက်ခေါင်းခါး၊ စည်းဝါးနရီ ပိုင်နိုင်သည် × × ×
မိုးမလင်းမီ ရွှေသုန္ဒရီရယ် × × ×
ကကြိုးပျောက်မှာ စိုးမိသည် × × ×
ခြေလက်ခေါင်းခါး စည်းဝါးနရီ ပိုင်နိုင်သည် × × ×
မိုးမလင်းမီ ရွှေသုန္ဒရီရယ် × × × ကကြိုးပျောက်မှာ စိုးမိသည်)
သေချာပါတယ်။

ဒီတစ်ညတော့ သူမကကြိုးတွေနဲ့ မိုးလင်းတော့မှာပါ။

• • •



## Second Cut

အခန်းတစ်ခုတွင်း၌ . . .

လိုက်ကာကို ဆွဲဖွင့်တော့ နံနက်ခင်းအလင်းရောင်တချို့ အခန်းတွင်းကို ဝင်ရောက်လာတယ်။ မနက်ကိုးနာရီ ထိုးပြီးနေပြီ။ ညက အိပ်ရေးဝင်နောက်ကျသွားတာကို သတိရတော့ အတွေးတစ်ခုနဲ့ ပြုံးလိုက်မိပါသေးတယ်။

ဒီနေ့လည်း အပြင်ထွက်ဖို့ ဆန္ဒမရှိသေးဘူး။ အခန်းထဲမှာပဲ ဒီတစ်ရက် ကုန်ဆုံးရဦးမယ်။ မှန်တင်ခုံရှေ့ရောက်တော့ ကိုယ့်မျက်နှာကိုယ် လှေ့လာမိတယ်။ ဆံပင်က ပုံမကျတော့ဘူး။

ဆိုင်မှာမညှပ်ဘဲ ကိုယ်တိုင်ညှပ်လို့ တိုတာကတို၊ ရှည်တာကရှည်နဲ့ ကြွက်ကိုက်ထားသလို ဖြစ်နေပြီ။ ဒါလည်း တစ်မျိုးကောင်းပါတယ်။ အရင်မိုးဝေ မဟုတ်တော့ဘဲ မိုးဝေအသစ် ဖြစ်သွားတာပေါ့ အဟင်း . . . ။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်လက်လှုပ်ရှားမှု အနည်းငယ်လုပ်၊ တအောင့်ကြာတော့ ရေချိုးခန်း ဝင်။

ရေချိုး၊ အဝတ်လဲပြီးတော့ ဆယ်နာရီထိုးနေပြီ။ အစာစားချင်စိတ် မရှိဘူး။ ဒါနဲ့ပဲ ရေနွေးတစ်အိုးတည်ပြီး အသင့်ဖျော်လက်ဖက်ရည် တစ်ထုပ် ဖောက်သောက်လိုက်တယ်။

ခုံမှာ ဝင်ထိုင်တော့ စားပွဲပေါ်က အရာအချို့က သူ့ကို သရော်တော်တော် မော့ကြည့်နေရဲ့။

ဘရာဇီးက ဝယ်လာသော ကော်ဖီသုံးဘူး၊ ပြောင်ဝင်းလက်ရှနေသော ဓားတစ်လက်၊ နုပ်နုပ်စင်းထားသော သူ့ဆံပင်များ၊ ပြီးတော့ TV Remote လေးတစ်ခု။

'ဟက်'ခနဲရယ်ပြီး Remote ကို ယူဖွင့်တော့ သုံးဆယ့်နှစ်လက်မ TV ကြီး ဖျတ်ခနဲ လင်းသွားပါတယ်။ ကြည့်လက်စ ဇာတ်ကားတစ်ကားက ပြန်လည်အသက်ဝင်လာတယ်။ လက်ဖက်ရည်ပူပူကို မှုတ်သောက်ရင်း ထိုဇာတ်ကားကို စိမ်ပြေနပြေ ထိုင်ကြည့်နေလိုက်တယ်။

တဖြည်းဖြည်းနဲ့ သူ့စိတ်တွေ ပြောင်းလဲလှုပ်ရှားလာကာ . .

ပြီးတော့ . . .

ပြီးတော့ . . .

မနေ့က ခံစားမှုတစ်ခု ပြန်လည် အသက်ဝင်လာခဲ့ချေပြီ။



# IX

HipHop အဆိုတော်တစ်ဦးရဲ့ စကားလိုပေါ့။ 'ငါပို့ထားတဲ့ E-mail တွေလည်း တစ်နေ့ကို အစောင်တစ်ရာမက'။

အစောင်တစ်ရာတော့ မပြည့်ခဲ့ပါဘူး။ အလုပ်တစ်ဖက်နဲ့မို့ အဲဒီလောက်လည်း မပို့နိုင်ဘူး။ ဒါပေမဲ့ တစ်နေ့ကို အခါတစ်ရာမက တော့ လွမ်းပါတယ်။ ပထမအခေါက် သင်္ဘောဆင်းပြီး အိမ်မှာ ခြောက်လ လောက်ပဲနေဖြစ်လိုက်တယ်။ ဒုတိယအခေါက်တက်ဖို့ ကုမ္ပဏီက ဆက်သွယ်လာပြီလေ။

ဒုတိယအကြိမ် ခွဲခွာရပြန်တော့ ပထမအကြိမ်ထက်တော်တော် ပို ခံစားရပါသေးတယ်။

*ကို . . .*

*နောက်နှစ်ပတ်နေရင် သုန္ဒရီ ဖိုင်နယ်စာမေးပွဲ ဖြေရ တော့မယ်။ စိတ်ပူမနေနဲ့ဦးနော်။ စာတွေက အကုန်ရနေပြီ။ ကျူတာဖြစ်ဖို့က နောက်တစ်ဘွဲ့ ဆက်တက်ရဦးမှာ။ ကျူတာဖြစ် ပြီးရင်တော့ ကို ထမ်းထားတဲ့တာဝန်ကြီး တစ်ဝက်လျော့သွားဝ ပြီ . . . ကိုရယ်။*

www.burmeseclassic.com

*ကို အခုလောက် ပင်ပန်းတကြီး ပိုက်ဆံရှာစရာ မလို တော့ဘူး။ သုန္ဒရီ ကူရှာပေးနိုင်ပြီလေ။ မိသားစုတာဝန်ကို သုန္ဒရီလည်း တစ်ဝက် ခွဲဝေယူနိုင်ပြီ။*

*မောင်တစ်ထမ်း၊ မယ်တစ်ရွက်ပေါ့နော် . . .*

စာကိုဖတ်ပြီး ပြုံးမိတယ်။ သြော် . . . ဘာလိုလိုနဲ့ သူ့ရဲ့ သစ်ပင်လေးတောင် အပွင့်ပွင့်တော့မှာပါလား။ သူ တမြတ်တနိုး စိုက်ပျိုး ခဲ့ရသော . . . သစ်ပင်လေး၊ ကိုယ်တိုင်စိုက်ပျိုး၊ ကိုယ်တိုင်ရေလောင်း၊ ကိုယ်တိုင်ပေါင်းသင်ခဲ့တဲ့ သစ်ပင်လေးက အခု အတောင်အလက်စုံလို့ အပွင့်တောင် ပွင့်တော့မယ်။

ကြည်နူးလိုက်တာလေ။

'တာဝန်တွေ ခွဲဝေယူမယ်' ဆိုတဲ့ စကားကြောင့် မဟုတ်ပါဘူး။ ရင်တွင်းက ဥယျာဉ်မှူးတစ်ယောက်ရဲ့ ခံစားချက်ပါ။ ကိုယ်ပျိုးခဲ့တဲ့ ဝန်းပင်လေး အပွင့်ပွင့်လာတာကို ထိုင်ကြည့်ပြီး ကြည်နူးကျေနပ်နေတဲ့ ဥယျာဉ်မှူးတစ်ယောက်ရဲ့ ခံစားချက်။ ဘာပြန်ပို့လို့ ပို့ရမှန်းတောင် မသိတော့ဘူး။

နောက်ဆုံးတော့ Love You ဆိုတဲ့ စကားတစ်ခွန်းသာ ပို့ဖြစ်ခဲ့တယ်။ ချက်ချင်းပဲ သူမဘက်က စာပြန်ရောက်လာတယ်။ 'Me too' ပါတဲ့။

ဒီလိုနဲ့ပဲ ပင်လယ်ကြီးကို ကြည့်ရင်း၊ online မှာ စကားတွေ ပြောရင်း၊ E-mail တွေ အပြန်အလှန်ပို့ရင်း၊ အလုပ်တွေ ကုန်းရုန်းလုပ်ရင်း အချိန်တွေ ကုန်လွန်စေခဲ့ပါတယ်။

ဒါပေမဲ့ တစ်ရက်မှာတော့ မတည်မြဲခြင်း နိယာမတရားက မဖိတ်ခေါ်ပါဘဲ သူ့ဆီရောက်ကိုလာခဲ့ပြီး လုံးဝ ထင်မှတ်မထားခဲ့ပါဘူး။



ဒီဇင်ဘာ (၁၃) ရက်နေ့ . . .

မှတ်မှတ်ရရ သူတို့သင်္ဘော ဘရာဇီးနိုင်ငံ ဆိပ်ကမ်းတစ်နေရာကို ဆိုက်ကပ်တဲ့နေ့။

အဲဒီနေ့ အဲဒီအချိန်မှာပဲ အင်အားကြီးမုန်တိုင်းကြီးတစ်ခု သူတို့ရှိရာဆိပ်ကမ်းကို ဦးတည်ဝင်ရောက်လာတယ်။

တစ်ချိန်လုံး သဘောကောင်းလာသော ပင်လယ်ပြင်ကြီးက ဒေါသကြီးသော ဘီလူးကြီးတစ်ကောင်လို မုန်ယို ရက်စက်လေပြီ။

သတိရတုန်း ပြောရရင် သုန္ဒရီ ဘွဲ့လွန်စတက်တဲ့နှစ်မှာပေါ့။

www.burmeseclassic.com

# X

"ဟော့ကောင် . . . မိုးဝေ၊ ငါ့ကို စိတ်မဆိုးနဲ့ကွာ"

ဟု အစချီထားသော စာတစ်စောင်က သူ့ mail ထဲကို ရောက်လာတယ်။ ပို့သူက အခြားမဟုတ် . . .

"သက်ဖြိုးဝေ . . . "

"အစကတော့ မပြောဘဲ နေမလို့ဘဲ။ အခု မပြောမဖြစ်တဲ့ အခြေအနေရောက်လာလို့ မင်းကို သတိပေးရတာ။ မင်းမိန်းမ အခြေအနေ သိပ်မဟန်ဘူး သူငယ်ချင်း။ လူတစ်ယောက်နဲ့ တွဲနေတယ်"

ထိုင်ခုံမှာ ထိုင်နေရင်းနဲ့ လူက ကိုက်တစ်ရာလောက် လွင့်ထွက်သွားသလို ခံစားလိုက်ရတယ်။ စက္ကန့်ပိုင်းလောက် ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ ဖြစ်သွားမှန်းမသိဘူး။

"ငါ သက်ာမကောင်းဖြစ်နေတာ ကြာပြီ။ ဒါပေမဲ့ မနေ့ကမှ လက်ပူးလက်ကြပ်တွေ့ခဲ့တာ . . . သူငယ်ချင်း။ ဗိုလ်ချုပ်ဈေးလို လူမြင်ကွင်းမှာ မင်းမိန်းမက လူစိမ်းတစ်ဦးနဲ့ လက်တွဲပြီး ဈေးဝယ်နေတယ်ကွ။ မြင်မြင်ချင်း ကိုယ့်မျက်စိကိုယ်တောင် မယုံချင်ဘူး။ နှစ်ယောက်လုံး ကျောင်းဝတ်စုံနဲ့ပဲ။ သူတွဲနေတဲ့ကောင်လေးက သူ့ထက် ငယ်ပုံရတယ်။ ငါမှာကြည့်ပြီး ဒေါသထွက်လိုက်တာကွာ"



ခြေထောက်က ကိုင်ပြီး မြန်မာပြည်ဆွဲခေါ်သွားရင်တောင် ဒီလောက်ခံရခက်မှာ မဟုတ်ဘူး။ ဒါပေမဲ့ . . .

"ငါ သတင်းကြားကာစကတော့ သိုသိုသိပ်သိပ်ပဲ။ အခုမှ တဖြည်းဖြည်း ရဲတင်းလာကြတာ။ လူမြင်ကွင်းမှာတောင် လက်ချင်းတွဲသွားတဲ့ အဆင့်ဆိုတော့ တော်တော်တရားလွန်သွားပြီ . . သူငယ်ချင်း၊ မင်းမိန်းမ သူ့ကိုယ်သူ အိမ်ထောင်ရှင်ဆိုတာ မေ့နေတယ်ထင်တယ်ကွ"

စိတ်နဲ့ကိုယ်နဲ့ ကပ်မိမိပြီးချင်း အလိုလို သိလိုက်တာတစ်ခုက မဖြစ်နိုင်ဘူးဆိုတာပါပဲ။ သုန္ဒရီဘယ်လိုနည်းနဲ့မှ ဒီလို မလုပ်နိုင်ဘူးလေ။ သက်ဖြိုးဝေ လူမှားတာဖြစ်ရင်ဖြစ်၊ မဟုတ်ရင် သူ့ကို နောက်နေတာပဲ ဖြစ်ရမယ်။

"မင်း ငါ့ကို နောက်နေတာလား"

"ဘာလဲ . . . မင်းက ငါ နောက်နေတယ် ထင်လို့လား။ နောက်ရင် ဒီ့ပြင်နည်းနဲ့ နောက်မှာပေါ့ကွ။ သူများအိမ်ထောင်ရေးကို အခုလို နောက်ပါ့မလား"

"ဒါဆို မင်း လူမှားတာပဲ ဖြစ်လိမ့်မယ် . . . သူငယ်ချင်း။ သုန္ဒရီက အဲလိုမိန်းမစား မဟုတ်ဘူး"

မိန်းမကို ထိပြီမို့ သူ့ဘက်ကလည်း အနည်းငယ် မာကျောသွားတယ်။ ဟုတ်ပါတယ်။ သက်ဖြိုးဝေစကားတွေက လက်မခံနိုင်လောက်အောင် သုန္ဒရီ့သိက္ခာကို စော်ကားလွန်းနေတယ်လေ။ အချိန်အတော်ကြာအောင် သက်ဖြိုးဝေဆီက ပြန်စာရောက်မလာပါဘူး။ ပြီးမှ . . .

"ကောင်းပြီလေ . . . မင်းယုံကြည်နေသလို ဟုတ်၊ မဟုတ် ငါ သက်သေပြမယ်။ ဒါပေမဲ့ ငါ့ကို တစ်ခုတော့ ကူညီ။ ဒီကိစ္စနဲ့ပတ်သက်ပြီး သုန္ဒရီကို ဘာတစ်ခုမှ သွားမမေးနဲ့"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"မေးတာနဲ့ . . . တစ်ဘဝလုံးစာ မင်း အလိမ်ခံရပြီ"

ကွန်ပျူတာ ခလုတ်ပေါ်တင်ထားသော လက်တွေ တုံ့ဆိုင်းကာ သွားတယ်။ သက်ဖြိုးဝေ တကယ်ပဲပြောနေတာလား။

"သက်ဖြိုး . . . ငါ့ကို မနောက်ပါနဲ့ကွာ။ ငါရင်တွေ တုန်လွန်းလို့ပါ"

"တုန်ရမယ် . . . သူငယ်ချင်း၊ မင်းက မြွေပွေးကိုမှ အိမ်မှာ ခေါ်မွေးမိတဲ့ ကောင်ကိုး။ မင်းကတော့ ကမ်းမမြင်၊ လမ်းမမြင် ပင်လယ်ထဲမှာ သူ့အတွက် အလုပ်တွေ လုပ်နေတယ်။ သူကတော့ ဒီမှာ ဖြစ်ချင်တိုင်း ဖြစ်နေတယ်။ မင်းအစား ငါ ရင်နာလိုက်တာကွာ"

"ဟာင် . . ."

ဒီတစ်ကြိမ်တော့ ရင်တွင်းမှာ တကယ်တုန်လှုပ်သွားတယ်။

"ငါ့ကိုယ်ငါ နောင်တရမိတယ် သူငယ်ချင်း။ မင်း ငါ့ကို သူ့အကြောင်း စုံစမ်းခိုင်းကတည်းက အမှန်းခံပြီး ငြင်းပစ်ခဲ့ရမှာ။ အခု ငါ စုံစမ်းပေးခဲ့လို့ . . ."

တင်းမာထားသော စိတ်တွေ အနည်းငယ် လှုပ်ရှားလာသလို ထင်မိတယ်။ ဒီလောက်ဆိုရင်တော့ နောက်နေတာ မဖြစ်လောက်တော့ဘူး။ ဘယ်လိုလူမျိုးမှ သူများလင်မယားကြားဝင်ပြီး ဒီလောက်ထိ နောက်ရဲမှာ မဟုတ်ဘူးလေ။ သက်ဖြိုးဝေလို လူမျိုးဆို ပိုဆိုးပြီ။ ဒါပေမဲ့ . . .

"ဟုတ်ရော ဟုတ်ရဲ့လားကွာ . . . မင်း တကယ်မြင်ခဲ့တာရော . . . သေချာရဲ့လား"

"ငါ ပြောပြီးပြီလေ။ ဘာကိစ္စ ငါက သူများအိမ်ထောင်ရေး အဆင်မပြေအောင် မဟုတ်မဟတ်တွေ ဝင်ပြောရမှာလဲ"

"ရှိုးရိုးခင်ကြတာရော မဖြစ်နိုင်ဘူးလား"

"ငါ . . . အဲ့လောက်ထိလူကဲခတ် မညံ့ပါဘူးကွာ"

"သူငယ်ချင်းတွေဆိုရင်ရော"

"သူငယ်ချင်း မဟုတ်ဘူး။ မင်း မိန်းမထက် အသက်ငယ်တယ်"



"ဟုတ်ပါ့မလားကွာ . . . သုန္ဒရီ အဲလိုတော့ မလုပ်လောက်ပါဘူး"

တဖြည်းဖြည်းနဲ့ မိုးဝေရင်ထဲမှာ စိုးရိမ်စိတ်တို့ ကြီးစိုးလာခဲ့ချေပြီ။

"ငါ့ကို သုံးရက် အချိန်ပေး။ ယုံကြည်လောက်တဲ့ သက်သေ ငါ ရှာပေးမယ်"

ပြီးလေပြီ၊ ဘာပြန်ပြောရမှန်းပင် မသိတော့ပါ။

"မင်းတို့ အဆက်အသွယ်ရှိလား"

"ရှိတယ်"

"သုန္ဒရီဘက်က ဘာပြောင်းလဲမှုရှိလဲ"

"မရှိပါဘူး။ အားလုံး ပုံမှန်ပါပဲ။

"အေးလေ . . . အဲလိုပဲ ဖြစ်ရမှာပေါ့။ ငါပြောတဲ့စကားကို မမေ့နဲ့နော် . . . မိုးဝေ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး သုန္ဒရီကို ဘာတစ်ခုမှ မေးလား၊ မြန်းလား သွားမလုပ်နဲ့။ ပုံမှန်အတိုင်းပဲနေ။ ဖြစ်နိုင်ရင် ဒီအတောအတွင်း အဆက်အသွယ်မလုပ်ဘဲ နေလို့ရရင် နေလိုက်ကွာ။ အဲဒါ အန္တရာယ်ကင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com

# XI

သစ္စာကို စာလုံးပေါင်းဖို့ ရှေးလူတွေ ဘယ်လို အားထုတ်ခဲ့ကြတယ် မသိဘူး။ ဘယ်ပုံ ဝတ္ထု၊ ဘယ်ဓာတ်ထုပ်ကို မှီပြီး ဒီစကားလုံးကို ထွင်ခဲ့ကြပါလိမ့်။ ထိုဆရာတွေရှိသေးရင် သွားမေးကြည့်ချင်လိုက်တာ။ ဆရာတို့ မှီငြမ်းကိုးကားခဲ့တဲ့ ဓာတ်ထုပ်က အမှန်ရော ဟုတ်ပါရဲ့လားလို့။

အခု ထို 'အမှန်' ဆိုသော ပြဿနာနဲ့ သူ ရင်ဆိုင်နေရပါပြီ။ သက်ဖြိုးဝေပြောစကားတွေက အမှန်တရားလား၊ ဒါမှမဟုတ် ရင်ထဲက ယုံကြည်ထားတဲ့ ခိုင်မြဲမှုတွေက အမှန်တရားလား၊ ဆက်သွယ်မှုပြီးပြီးချင်း သုန္ဒရီအား လှမ်းမေးချင်စိတ်ကို အနိုင်နိုင် ထိန်းလိုက်ရတယ်။ ရင်ထဲမှာ ဗလောင်ဆူလှုပ်ရှားနေပေမဲ့ ထိုသတိတစ်ခုကိုတော့ သူ ထိန်းရမယ်လေ။ ဒါမှလည်း . . .

မဆက်သွယ်မိအောင် သတိကို မပြတ်ထိန်းနိုင်ပေမဲ့ ရှေးအရင်ရက်တွေက သူနဲ့ သုန္ဒရီပြောခဲ့သော စကားတွေ၊ ပို့ခဲ့သော စာတွေကိုတော့ ချက်ချင်းပဲ ပြန်ဖွင့်ဖတ်ကြည့်ပါတယ်။

သုန္ဒရီ့ဘက်က လွဲချော်မှု တစ်စုံတစ်ရာ မတွေ့ပါဘူး။ သုန္ဒရီသာ သူ့ကို တကယ် သစ္စာဖောက်ပါက အနည်းဆုံး စကားလေးတစ်ခွန်း



တော့ မဖြစ်မနေ မှားယွင်းပါလိမ့်မယ်။ စကားအသွားအလာ၊ အသွားအလာတွေမှာ မှုပျက်သော အရိပ်အငွေ့တွေ တစ်ခုမှ မတွေ့ဘူး။

ဒီတော့ သက်ဖြိုးဝေ စကားတွေက ဆယ်ခွက်တစ်ခွက်တောင် တောင်သလို ဖြစ်နေတယ်။ ဒါပေမဲ့လည်း တစ်ဖက်က ကြည့်ပြန်တော့ သက်ဖြိုးဝေသည် စကားကို ကပေါက်တိကပေါက်ချာ ပြောတတ်သည့် လူစားမျိုးမဟုတ်။

နေရာတကာ ကြားဝင်တတ်သူမဟုတ်။ ဒီလိုလူမျိုးရဲ့ သတိပေး မှု သတင်းပေးမှုဆိုတော့လည်း ငြင်းပယ်ရအခက်သား။

သေချာတာကတော့ နောက်သုံးရက်ဟူသော အချိန်ကို ဖြတ် ကျော်ဖို့ အလွန်တရာပဲ ခက်ခဲနေတော့မှာပါ။

ရင်ထဲကို မီးခဲထည့်လွယ်ထားရသလို တွေးမိတိုင်း စိတ်အစဉ်မှာ ပူလောင်ကာ နေပါတယ်။

ကိုးကွယ်ရာ ဗုဒ္ဓမြတ်စွာကိုလည်း လက်အုပ်ချီမိုး အကြိမ်ကြိမ် ဆုတောင်းရှိခိုးမိတယ်။ ရင်ခွင်မှာ မီးလောင်တာ မဟုတ်တော့ဘူး။ ကမ္ဘာ့ အပူဆုံးမီးတောင်က ရင်ထဲကို ပေါက်ကျသွားတာပါ။

တောင်းတဲ့ဆုနဲ့ ပြည့်ခွင့်ရရင် ဆုလေးတစ်ခုတော့ အလျင်အမြန် ဆောင်းချင်ပါတယ်။

"သံသယ . . . သံသယ . . . သံသယတွေမှ ကင်းလွတ်ပါစေ . . . ဧနီးသည်ရယ်"

* * *



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ . . .

ဒါပေမဲ့ . . .

ဒါပေမဲ့ . . .



နောက်သုံးရက်ကြာတော့ ရောက်လာတာက . . .
ဓာတ်ပုံများ . . .
လုံးဝ ထင်မှတ်မထားသည့် ဓာတ်ပုံများ . . .
သုန္ဒရီနှင့် မမြင်ဖူးသောလူစိမ်းတစ်ဦး ပန်းခြံတစ်ခုမှာ
ပွေ့ဖက်နေကြတယ်။ ထီးတစ်မိုးအောက်မှာ . . .
ဆိတ်ကွယ်ရာ အရပ်မှာ . . .
ပြီးတော့ လက်ချင်းတွဲလို့ ကော်ဖီဆိုင်ထဲမှာ . . .
ရယ်လို့ ရွှင်လို့ ၊ ပြုံးလို့ ပျော်လို့ . . .
ထို့နောက် . . .
ထို့နောက်မှာ . . .
နောက်ဆုံးတစ်ပုံကတော့ သူ့ ယုံကြည်မှုအားလုံးကို
ပက်ပက်စက်စက် ရိုက်ချိုးပစ်လိုက်ပါပြီ။
တည်းခိုခန်း၏ လှေကားတစ်ခုပေါ်သို့ ထိုလူစိမ်းက
သူ့ဇနီးပခုံးကို ဖက်လျက် . . .

အောက်ဖက်မှာ စာတစ်စောင်၊ အလျင်စလို ဖတ်ကြည့်လိုက်တော့ . . .

"ငါကိုယ်တိုင်ရိုက်ထားတာ . . . သူငယ်ချင်း။ လုံးဝ photoshop မပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . ."

မျက်နှာကိုကပ်ပြီး တံတွေးနဲ့ ထွေးလိုက်သလို ခံစားလိုက်ရတယ်။ ကျန်သောစာကို ဆက်ဖတ်တော့ . . .

"ဒါမှ မယုံရင် မင်းကိုယ်တိုင်သာ လာကြည့်တော့ . . သူငယ်ချင်း"



# GAME CHANGER



www.burmeseclassic.com

www.burmeseclassic.com

# XII

"ကလင် . . . ကလင် . . . ကလင် . . ."

ဖုန်းမြည်သံကြောင့် ရေချိုးခန်းမှ အလျင်အမြန်ထွက်ပြီး ကောက်ကိုင်လိုက်တယ်။

"အခန်း (၆၀၂) ဧည့်သည် ရောက်နေပါတယ်ရှင်"

"အိုကေ . . . ခဏစောင့်ခိုင်းလိုက်ပါ"

ဖုန်းချပြီး အဝတ်အမြန်လဲလိုက်တယ်။ ချိန်းထားသော အချိန့်အတိအကျမှာ သက်ဖြိုးဝေ ရောက်လို့နေပါပြီ။ အမည်းရောင် ဂျင်းဘောင်းဘီနဲ့ T-shirt နက်ပြာရောင်ကို တွဲဝတ်။ ပြီးတော့ အပေါ်မှ ဂျာကင်တစ်ထည်ထပ်ကာ မှန်ရှေ့ ရပ်လိုက်တယ်။

တစ်နှစ်နီးပါးလောက် မညှပ်ဘဲထားခဲ့တဲ့ ဆံပင်က ကုတ်ပေါ်ဝဲကျလို့ ရှည်လျားနေပြီ။ ဆံပင်ကို ကိုင်ကြည့်တော့ ဆားငွေ့မပျောက်စွာ မာတောင့်နေတယ်။ လျှာထိုးဦးထုပ်တစ်လုံးကို ခေါင်းမှာ ထပ်စွပ်လိုက်တယ်။

မှန်မှာ ပေါ်လာတဲ့ ကိုယ့်ပုံကိုယ် ကြည့်ပြီး တော်တော်ကျေနပ်သွားပါတယ်။ ဒီလောက်ဆိုလျှင် အမှတ်မထင် မြင်ရုံဖြင့် မိုးဝေမှန်း မသိ



နိုင်တော့ပါဘူး။ ကိစ္စပြီးတော့ အခန်းတံခါးပိတ်လို့ Reception ကို ဆင်းခဲ့လိုက်တယ်။ ဓာတ်လမ်းက စပါပြီ။

• • •

ကားလေးတစ်စီးက လူရှင်းသော လမ်းကြောင်းကို ရွေးလို့ တရိပ်ရိပ် ပြေးကာနေတယ်။ ကားပေါ်မှာက လူနှစ်ဦး။ တစ်ဦးက ကားပိုင်ရှင် သက်ဖြိုးဝေဖြစ်ပြီး နောက်တစ်ဦးကတော့ သင်္ဘောပေါ်ကလောလောလတ်လတ် ဆင်းလာသည့် မိုးဝေပါပဲ။

ကားလေးရဲ့ ဦးတည်ရာက သူ့အိမ်ဆီသို့ပါ။

"ရော့ . . . ဖုန်း"

သက်ဖြိုးဝေပေးသော ဖုန်းကိုယူကာ အိတ်တွင်းထည့်လိုက်တယ်။

"နံပါတ်သစ် . . . ဘယ်သူမှ မသုံးရသေးဘူး"

"ကျေးဇူး . . ."

သင်္ဘောမဆင်းခင်တည်းက လိုရမည့်ရ ရှာခိုင်းထားတာပါ။

"ဒီနေ့ တနင်္ဂနွေဆိုတော့ မင်းမိန်းမအိမ်မှာပဲရှိနေမှာ။ နေ့လယ်တစ်နာရီထိုးရင် ဆရာမ လာလိမ့်မယ်"

သက်ဖြိုးဝေက စကားကို ဒီလောက်နဲ့ရပ်ပြီး သူ့ကို လှမ်းကြည့်တယ်။ ဘာကို ဆိုလိုကြောင်း သဘောပေါက်ပါတယ်။ သုန္ဒရီတစ်ဦးတည်းအတွက် စာခေါ်သင်တာမဟုတ်မှန်းလည်း သက်ဖြိုးဝေ ပြောပြထားလို့ သိနေတယ်။ အံ့ဩစရာတော့ ကောင်းပါတယ်။ ဆရာမ အိမ်ခေါ်သင်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး သုန္ဒရီ သူ့ကို ဘာမှမပြောပါဘူး။

မကြာခင်မှာ သူ့အိမ်ရှိရာ ရပ်ကွက်တွင်းသို့ ရောက်လာပါတယ်။ တကယ်တော့ ရပ်ဝေး၊ မြေခြားမှာ စီးပွားထွက်ရှာသူတစ်ဦးအနေ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ အိမ်ပြန်လာတဲ့ကိစ္စဟာ အလွန်ပဲ ပျော်စရာကောင်း[illegible] ဒါပေမဲ့ သူ့ရင်ထဲမှာ နည်းနည်းလေးမှ မပျော်ဘူး။ အိမ်နားရောက်လေ ရင်လေးလေ ဖြစ်နေတယ်။

သက်ဖြိုးဝေက ပုံမှန်ဝင်နေကျလမ်းက မဝင်ဘဲ အခြားလမ်းက ကားကို ကွေ့ဝင်တယ်။ အိမ်ကို လှမ်းမြင်ရလောက်တဲ့ နေရာတစ်ခုကို ရောက်တော့ . . .

"ရပြီ . . . တော်တော့ . . ."

ခြံတစ်ခုနဲ့ ကွယ်ပြီး ကားကို ရပ်ပေးတယ်။ အရှေ့ဆီမှာ သူ့ရဲ့ အသိုက်ရိပ်မြုံ နေရောင်ဝါဝါအောက်မှာ အိမ်လေးတစ်လုံးက တိတ်ဆိတ်ငြိမ်သက်လို့၊ စက်ကိုရပ်ပြီး သီချင်းတစ်ပုဒ်ကို တိုးတိုးလေး ဖွင့်ထားတယ်။ လေအေးပေးစက်ရှိန်နဲ့ ကားတွင်းမှာ သက်မြအေးစိမ့်ကာနေပါတယ်။ ဒါပေမဲ့လည်း ရင်တွင်းက ပူနေတဲ့မီးကို မငြိမ်းသက်နိုင်ပါဘူး။

ဒီအချိန်ဆို သုန္ဒရီ ဘာလုပ်နေမှာပါလိမ့်။ မနက်ခင်းရဲ့ ကျက်သရေတော်အောက်မှာ ကောင်းမှုကုသိုလ်တွေ လုပ်နေမှာလား . . . ခင်ပွန်းသည် သူ့ကိုပဲ လွမ်းနေမှာလား။ ဒါမှမဟုတ် . . .

အချိန်အတော်ကြာအောင် စောင့်ကြည့်နေပေမဲ့ အိမ်ဆီမှ ထူးခြားမှုတစ်စုံတစ်ရာ မတွေ့ရဘူး။ သူသိသလောက် အိမ်မှာ လူသုံးဦး ရှိပါတယ်။ (သူ သင်္ဘောမတက်ခင်ရှိနေခဲ့သော လူဦးရေပါ)။ သုန္ဒရီနှင့် သူမအဘွား။ ပြီးတော့ မိန်းမသားချင်း အားကိုးမဲ့မှာစိုးသည့်အတွက် အဖော်ခေါ်ပေးခဲ့သည့်နယ်မှ သူမအဒေါ်။ ဒါပါပဲ။

မိုးဝေ သက်ပြင်းလေးလေး ချမိတယ်။ နောက်တစ်နာရီလောက်ထိ အိမ်ဆီမှ ဘာထူးခြားမှုမျှ မတွေ့ရဘူး။ ဒါပေမဲ့ မိနစ်အနည်းငယ်လောက်စွန်းတော့ . . .

"ဟာ . . . သုန္ဒရီ"



[illegible]လွှတ်ခနဲ ထွက်သွားတော့ အိပ်ပျော်နေသော သက်ဖြိုးဝေပင် လန့်နိုးသွားတယ်။ ဟုတ်မှဟုတ်ပါလေစ။ အိမ်ထောင်သည်တစ်ဦးဟု မထင်ရလောက်အောင် လှလိုက်တာလေ။ တကယ့်အပျိုလေးတစ်ဦး အပြင်သွားရန် ထွက်လာသောပုံစံပါ။ တံခါးကို တွန်းဖွင့်လို့ ကြွကြွလေးလှမ်းထွက်လာတယ်။

ကြိုးရှည်တပ်အိတ်လေးတစ်လုံးကို လွယ်ပြီး ဖိနပ်မြင့်လေး စီးလို့၊ ခန္ဓာကိုယ်ကောက်ကြောင်းကို အဓိက ဦးစားပေးသော ဝတ်စုံကိုဆင်မြန်းလို့၊ လမ်းလျှောက်ပုံကအစ အရင်က သုန္ဒရီ မဟုတ်တော့ဘူး၊ ခုနစ်ရာတန်၊ ရှစ်ရာတန် ဖိနပ်သာ အကောင်းဆုံးစီးနိုင်တဲ့ သုန္ဒရီမဟုတ်တော့ဘူး။ အသွေးအမွေး မြင့်မားတဲ့ သုန္ဒရီ ဖြစ်သွားပြီ။

တစ်ခုပဲ။ အသွေးအမွေးမြင့်သလို စိတ်ဓာတ်တွေ ဘာကြောင့်မြင့်မလာတာလဲ ဆိုတာကိုတော့ တွေးမရဘူး။

တာဝန်ကျေသော သူငယ်ချင်းက အံ့သြငြိမ်သက်သွားတဲ့ သူ့ကိုကြည့်ပြီး . . .

"လိုက်မှာလား"

"လိုက်ရမှာပေါ့"

"လမ်းထိပ်မှာ သူစီးနေကျ Taxi ရှိတယ်"

သက်ဖြိုးဝေစကား မှန်လှပါတယ်။ မကြာခင်မှာ Taxi တစ်စီး သုန္ဒရီရှေ့ ထိုးဆိုက်လာတယ်။ ထို့နောက်မှာတော့ . . .

မိုးဝေရင်တွေ တဒိတ်ဒိတ် ခုန်လာပါပြီ။

"မင်း ဘယ်သွားမှာလဲ . . . သုန္ဒရီ"

• • •

Shopping Mall ကြီးတစ်ခုရှေ့သို့အရောက် ကားပေါ်မှ သုန္ဒရီဆင်းသွားတယ်။ ကိုယ့်မိန်းမကိုယ် နောက်ယောင်ခံရတဲ့အဖြစ်ဟာ



www.burmeseclassic.com

တကယ်တော့ အလွန့်အလွန့်ပဲ ခံရခက်လှပါတယ်။ ဒါပေမဲ့လည်း မတတ် နိုင်ဘူးလေ။ ကံကြမ္မာက ဒီလိုပဲ ပြဋ္ဌာန်းလာပြီဆိုတော့ အလိုတော်အတိုင်း ပဲပေါ့။

ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းလို့ မှိန်ပေါ၊ မှိန်ပျောက်နည်း နဲ့ ခပ်လှမ်းလှမ်းက ပါလာခဲ့တယ်။ သက်ဖြိုးဝေကတော့ ရှေ့လောမကြီး ဖို့ သတိပေးစကားဆိုရင်း နံဘေးမှာ ပါလာတယ်။

သုန္ဒရီ ဘယ်သူနဲ့တွေ့ဖို့ ဒီ Shopping Mall ကိုရောက်လာတာ လဲ။ မတော်လို့ ထင်ထားသလိုများဖြစ်နေရင် သူ ဘာလုပ်ရမလဲ။ ရပ် ကြည့်ရမည်လား။ လှည့်ပြန်ရမည်လား။ ရင်တွင်းမှာ လှုပ်ရှားစိတ်များ နေလို့ အဖြေက ဝေဝေဝါးဝါး။

“ဖနီးသည်ရယ် . . .”

ရေရွတ်လိုက်မိတယ်။ ကြည့်နေစဉ်မှာပဲ သုန္ဒရီက အိမ်သုံး ပစ္စည်းဆိုင်များရှိရာဘက်ဆီ ဝင်သွားပါတယ်။ ဈေးဝယ်တွေ ရှုပ်ထွေး များပြားနေတာမို့ သူတို့နှစ်ဦး ခပ်လှမ်းလှမ်းမှာပဲ နေခဲ့လိုက်တယ်။ ထို အထဲမှာတော့ ချိန်းမတွေ့လောက်ပါဘူးလေ။

နီးစပ်ရာဆိုင်မှာ ဆေးလိပ်ဘူးဝယ်ရင်း သုန္ဒရီပြန်ထွက်အလာ ကို စောင့်နေတော့ . . .

မကြာပါဘူး။ ရွေးချယ်ထားသော ပစ္စည်းများကိုင်ရင်း သုန္ဒရီ ပြန်ထွက်လာရဲ့။

Cashier မှာ ငွေရှင်းပြီးနောက် အလှကုန်ပစ္စည်းဆိုင်များဆီ ထပ်မံ ဦးတည်တယ်။ ထိုစဉ်မှာပဲ ကိုယ့်ကိုယ်ကိုယ် သတ်ပစ်ချင်လောက်အောင် နောင်တ ရခဲ့ပြီ။

ခြေစုံရပ်၍ ရွေးနေသော ဟန်ပန်က . . .

လူအများကြား ရှင်းလင်းပေါ်လွင်နေရဲ့။ ထွန်းထားသော မီး အလင်းနဲ့ ခန္ဓာကိုယ်မှာ ရောင်ပြန်ဟပ်နေရဲ့။ ပင်ကိုအသားအရည်က အရောင်တစ်မျိုးပြောင်းပြီး မိန်းမချင်းပင် ရပ်ငေးရလောက်အောင် . . .



“ဪ . . . ငါ့မိန်းမ အဲလောက်လှမှန်း ငါ ဘာလို့ မသိခဲ့ ပါလိမ့်”

ကိုယ့်ကိုယ်ကိုယ် ပြန်မေးတော့ ထွက်လာသောအဖြေက ရှင်းပါ တယ်။

“အဲ့လောက် ညံ့ဖျင်းလို့လည်း မထိန်းကျောင်းနိုင်တာပေါ့တဲ့”

ဟုတ်ပါတယ်လေ။ တကယ်ကိုပဲ သူ ညံ့ဖျင်းခဲ့တာပါ။ လိုအပ် တာ ဝယ်ယူပြီး စက်လှေကားမှတစ်ဆင့် သုန္ဒရီ အပေါ်ထပ် တက်သွား ပါတယ်။ အပေါ်မှာ အဝတ်အထည်ဆိုင်တချို့နဲ့ ကော်ဖီဆိုင်၊ စားသောက် ဆိုင်များ ရှိပါတယ်။

သူမ ရွေးချယ်လိုက်တာ ကော်ဖီဆိုင်ပါ။ လူရှင်းနေတာကြောင့် သူတို့လိုက်ဝင်ဖို့ မလွယ်ပါဘူး။ ထို့အတွက် ခပ်လှမ်းလှမ်း တစ်နေရာ ကပဲ စောင့်ကြည့်ရတယ်။ အအေးတစ်ခွက်မှာကာ သောက်တယ်။ ပြီး တော့ ဖုန်းထုတ်ဆက်တယ်။

မိုးဝေ ရင်ခုန်ရပါပြီ။ ဘယ်သူနဲ့လဲ၊ ဘာတွေပြောနေလဲ မကြား ရ။ ဒါပေမဲ့ ဖနီးသည်၏ မျက်နှာပုံပန်းကား . . .

ခံပြင်းတာလား၊ မနာလိုတာလား။ ဒီလိုရှက်တက်တက် မျက်နှာ ထားမျိုး။ ခရာတာတာပုံစံမျိုး တစ်ခါမှ မတွေ့ဖူးဘူး။ ယုတ်ဆွအဆုံး သူတို့သမီး ရည်းစားဘဝကတောင် သုန္ဒရီဆီမှာ ဒီလိုပုံစံတွေ တွေ့ရခဲ့ ပါတယ်။ သက်ဖြိုးဝေက တံတောင်နဲ့ လှမ်းတို့တယ်။ ပြောင်းလဲလာ သော အခြေအနေကို သတိပေးတဲ့သဘော။

ဖုန်းပြောပြီးနောက် မြင်ရသော မြင်ကွင်းက ပိုလို့ ထူးခြားသွား ပါပြီ။ ပိုက်ဆံအိတ်ထဲက မိတ်ကပ်ဘူးကိုထုတ်ပြီး မျက်နှာကို အနည်းငယ် ပြင်ဆင်ခြယ်သလိုက်သည့်အခါမှာတော့ . . .

သေချာပေပြီ။ မကြာခင်အတွင်း တစ်စုံတစ်ယောက် ရောက် လာတော့မှာပါ။ ရင်တထိတ်ထိတ်နဲ့ ပတ်ဝန်းကျင်ကို မျက်လုံး ဒေါက် ထောက် ကြည့်နေတုန်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ဟော့ကောင် . . . ဟိုမှာ ထွက်သွားပြီ"

"ဟင် . . ."

ထင်သလိုမဟုတ်ဘဲ သုန္ဒရီ ဆိုင်တွင်းမှ ထွက်သွားတယ်။ ပြီးတော့ ယောကျ်ားလေး အထည်ဆိုင်တစ်ခုတွင်း ဝင်ရောက်ပါတယ်။

မကြာပါဘူး . . . ပြန်ထွက်လာတော့ လက်တွင်းမှာ ယောကျ်ားဝတ် ရှပ်အင်္ကျီနှစ်ထည် ပါလာပြီ။ စက်လှေကားမှ အောက်ကိုဆင်း၊ အောက်ရောက်တော့ အပြင်ထွက်၊ အပြင်ကိုရောက်တော့ ကားတစ်စီးတား . . .

ဒါဆို တစ်နေရာရာကို ဖုန်းဆက်ပြီး ချိန်းတာပေါ့။ Taxi ကားလေးတစ်စီးကို အစအဆုံးနောက်ယောင်ခံလိုက်ခဲ့ပေမဲ့ ဒီတစ်ခါလည်း သူတို့အထင် လွဲခဲ့ပါတယ်။

သုန္ဒရီက အိမ်ကို တန်းပြန်သွားတာပါ။

စိတ်မော၊ လူမောနဲ့ ရေဒီယိုဖွင့်နားထောင်တော့ . . .

မြန်မာပြည်သိန်းတန်ရဲ့ သီချင်းတစ်ပုဒ် ပေါ်လာလေရဲ့။

"ကသာကပါ ရွှေသုန္ဒရီရယ် ××× မောင်လည်း ကြည့်ချင်သည်" တဲ့။

❧ ❧ ❧



# XIII

"စာလာသင်တဲ့ ဆရာမဆိုတာ သူပဲ"

ညွှန်ပြရာကြည့်မိတော့ ကားရှေ့က ဖြတ်သွားသော အသက်ငါးဆယ်ဝန်းကျင် မိန်းမကြီးတစ်ဦးကို မြင်ရတယ်။ မြင်ရုံနဲ့ တက္ကသိုလ်ဆရာမတစ်ဦးမှန်း သိသာပါတယ်။ ဆရာမကြီးက ရပ်ထားသောကားကိုကျော်ပြီး အိမ်ရှေ့ကို သွားတယ်။ တံခါးမှာ ဆွဲထားတဲ့ ခေါင်းလောင်းကိုလှုပ်တော့ အတွင်းမှ လူတစ်ယောက် ထွက်လာပြီး တံခါးဖွင့်ပေးတယ်။ သုန္ဒရီအဒေါ်ပါ . . .

"တစ်အောင့်နေ ဟိုကောင်လာလိမ့်မယ်။ စောင့်သာကြည့်ပေတော့"

အနည်းငယ် ငြိမ်သက်သလို ရှိသွားသောရင်က ပြန်လည်လှုပ်ရှားလာပေပြီ။ ဘယ်လိုခြေလှမ်းမျိုးနဲ့ ရောက်လာမှာလဲ . . . လူငပဲ့ရယ်။ တျူရှင် ဆရာမတော့ ရောက်နေပြီ။ အတန်းဖော်က အသို့နည်း။

သက်ဖြိုးဝေ ပြောသလိုပါပဲ။ နောက်ဆယ်မိနစ် ဝန်းကျင်မှာ သူတို့ရှေးရှုနေသော မြင်ကွင်းတွင်းသို့ ခြေထောက်တစ်စုံ ဝင်ရောက်လာခဲ့ပါပြီ။

"သူပဲ . . ."



www.burmeseclassic.com

www.burmeseclassic.com

"မြင်တယ် . . ."

ဓာတ်ပုံထဲမှာ အကြိမ်ကြိမ်မြင်ဖူးထားသော လူတစ်ဦး။ အကျင့်ပျက် အဆင်မဲ့ လူငယ်တစ်ဦး။ တိတိကျကျ ဆိုရပါက သူ့အိမ်ရာကို ဝင်ရောက်စော်ကားသည့် လူပွဲ့တစ်ဦးပါ။ လူတော့ လူပါပဲ။ ဒါပေမဲ့ လူဆန်တဲ့စိတ်ဓာတ်တွေ ပွဲ့ကြွေကျနေတယ်လေ။

နာမည်က ရဲရင့်။ သုန္ဒရီထက် အသက်နှစ်နှစ်ငယ်၍ ကျောင်းအနီးအဆောင်တစ်ခုတွင် နေထိုင်သူ။ ပုံစံကတော့ ဒီဘက်ခေတ် မိန်းကလေးများအကြိုက် အသွေးအမွေးရှိတယ်။ ရုပ်ရည်သန့်သန့်၊ လူပုံကောင်းကောင်း၊ ကိုရီးယားယဉ်ကျေးမှုအချို့ လွှမ်းမိုးခံထားရသော လူငယ်တစ်ဦးဆိုတာ မြင်ရုံနဲ့ သိသာလှတယ်။

သူ့အမြင်မှာတော့ တောမရောက်၊ တောင်မရောက် ငချွတ်လေးတစ်ကောင်ပါပဲ။ ထိုငချွတ်လေးက သူ၏ ချစ်လှစွာသော ဇနီးသည်ကို ဘယ်လိုများ သိမ်းသွင်းလိုက်ပါလေ့။ ထိုငချွတ်လေးကိုလည်း သုန္ဒရီအခေါ်ကပဲ တံခါးလာဖွင့်ပေးတာပါ။ စဉ်းစားဖို့တော့ ကောင်းပါတယ်။ အတန်းမတူပါဘဲ နှစ်ယောက်တွဲ၍ ဘယ်လို စာသင်ကြမှာပါလိမ့်။

ကဲ . . . ကိုယ့်ပိုင်နက်တွင်းကိုတော့ သူစိမ်းယောကျ်ားတစ်ဦး ကျူးကျော်ဝင်ရောက်လာချေပြီ။ သူ ဘယ်လို ကာကွယ်ပေးနိုင်မလဲ။ ဘယ်လိုမှ မဖြစ်နိုင်ဘူးလေ။ ပင်လယ်ရပ်ခြားမှာ မိသားစုအတွက် စီးပွားထွက်ရှာရသူ တစ်ယောက်က ယုံကြည်မှုတစ်ခုကလွဲပြီး ကိုယ့်ဇနီးကိုယ် ဘယ်လို အကာအကွယ်ပေးနိုင်မလဲ။

အခုပဲကြည့် . . . တားဆီးမည့်သူမရှိ။ တံခါးဖွင့်ပေးသူသာ ရှိနေတယ်။ ဒီလိုဆိုတော့ သူ့ခြံစည်းရိုးကျိုးပေါက်တာလည်း မဆန်းပါဘူး။ မင်းကို ငါယုံကြည်စိတ်ချခဲ့တဲ့ တန်ဖိုးတွေ ဘာနဲ့ ပြန်အလျော်ပေးမှာလဲ . . . သုန္ဒရီ။

ဆရာမရှိသည့်အတွက် သူတို့ စာသင်မယ်လို့တော့ ထင်ရပါတယ်။



"သူတို့ ဘယ်နှနာရီ ပြီးလဲ"

"အချိန်အတိအကျတော့ မရှိဘူး။ ဒါပေမဲ့ . . ."

သက်ဖြိုးဝေက စကားကိုရပ်ပြီး သူ့အား အားနာသလို ကြည့်တယ်။

"ရပါတယ် . . . ပြောပါ"

"ဆရာမကတော့ တစ်နာရီခွဲ၊ နှစ်နာရီလောက်ကြာရင် ပြန်ထွက်တယ်။ ဟိုကောင်လေးကတော့ ညနေစောင်းမှ ပြန်တာ"

"သြော် . . ."

ကိုယ့်နှုတ်ခမ်းကိုယ် ကိုက်မိလိုက်တယ်။ သက်ဖြိုးဝေကတော့ မျက်နှာပျက်သွားပုံရကာ ကားတံခါးကို ဖွင့်ပြီး . . .

"ဟိုဘက်လမ်းထိပ်မှာ လက်ဖက်ရည် သွားသောက်လိုက်ဦးမယ်ကွာ"

မိုးဝေ မတားဖြစ်လိုက်ဘူး။ ကားပေါ်ကဆင်းပြီး ဝင်လာရာလမ်းအတိုင်း ခပ်ငိုက်ငိုက် ထွက်သွားတယ်။ ကားပေါ်မှာ ကျန်နေခဲ့တာ သူတစ်ယောက်တည်းပါ။ ဘဝမှာရော တစ်ယောက်တည်းဖြစ်နေတော့မှာလား။ ယတိပြတ်သေချာတော့ မပြောနိုင်သေးဘူး။ ဒါပေမဲ့ . . .

ခက်တော့လည်း ခက်ပါတယ်။ ဓာတ်ပုံပေါင်းများစွာ မြင်ထားတာတောင် မသိစိတ်က လက်မခံချင်သေးဘူး။ သံသယဆိုသော အရာတွေက အနှစ်နှစ်အလလ ချစ်ခဲ့တဲ့ အချစ်တွေကို မကျော်လွှန်နိုင်သေးဘူးလေ။ သက်ဖြိုးဝေကတော့ လက်ပူးလက်ကြပ်ဖမ်းပြီး ကွာပစ်ဖို့ တိုက်တွန်းတယ်။

ဒီလိုနဲ့ပဲ စိုးတထိတ်ထိတ် စောင့်နေလိုက်တာ။ အချိန်နှစ်နာရီနီးနီးကြာတော့ . . .

ခြံဝမှာ ထူးခြားမှုတွေ စတင်လာခဲ့ပြီ။

ခြံတံခါးဖွင့်ပြီး ဆရာမကြီး ထွက်လာတယ်။ ပြီးတော့ တံခါးက အလိုလို ပြန်ပိတ်သွားတယ်။ ဆရာမကြီး တစ်ယောက်တည်းပဲ။ ရဲရင့်ဆိုတဲ့ကောင် ထွက်မလာဘူး။ ဒါဆို အိမ်ထဲမှာ . . .



www.burmeseclassic.com

www.burmeseclassic.com

တအံ့နွေးနွေး ရှိနေရာမှ လှုပ်ရှားမှုတွေ ပြန်ဆိုနေတော့တယ်။ မြို့ကို ကြည့်ပြီး မောလာတယ်။ အိမ်ထဲကို ကြည့်ပြီး ရွံမုန်းခံပြင်းလာတယ်။ ထိုစဉ်မှာပဲ ကားတံခါးကို ဆွဲဖွင့်လို့ သက်ဖြိုးဝေ ပြန်ရောက်လာကာ . .

"ဆရာမပြန်သွားတာ တွေ့လိုက်တယ်"

"အေး . . . "

"မင်း ဘာလုပ်ချင်လဲ။ အိမ်ထဲဝင်ပြီး လက်ပူးလက်ကြပ်ဖမ်းမလား"

ခေါင်းကို ခပ်လေးလေး ယမ်းရင်း . . .

"မလုပ်ချင်ဘူး။ ဒီထက်သေချာတာ တစ်ခုလောက် ငါ တွေ့ချင်သေးတယ်"

သူ့ကို တအံ့တသြ ကြည့်လာပါတယ်။

"သေချာနေပြီလေကွာ။ ဒီထက် သေချာတာရှိဦးမလား။ မင်းက ဘာကို စောင့်ကြည့်ချင်သေးလို့လဲ"

"တစ်ခုခုပေါ့"

သူတို့နှစ်ဦးကြားမှာ စကားတို့ အဆုံးအစ မဲ့သွားတယ်။ ဒီလို မလုပ်ချင်ပါဘူး။ သေချာရင် သူလုပ်ချင်တာက တစ်မျိုးပါ။

ဘာပဲဖြစ်ဖြစ် စိတ်ရှည်ရပါမယ်။

သွေးအေးရမယ်။

ပြီးတော့ ဟန်ဆောင်ကောင်းရမယ်။

ဒါမှသာ . . .

• • •

ညနေစောင်းလာပါပြီ။ ကားလေးတစ်စီးကတော့ လူရှင်းသော ရပ်ကွက်လေးထဲမှာ ရပ်ထားဆဲ။ ကားပေါ်မှ လူနှစ်ဦးကလည်း အိမ်တစ်လုံးကို မျက်ခြည်မပျက် စောင့်ကြည့်နေဆဲ။ ထိုခဏ . . .



". . . "

တမေ့တမော စောင့်မျှော်နေသူတစ်ဦး ခြံထဲမှ ထွက်လာခဲ့ပြီ။ ခြံတံခါးလိုက်ဖွင့်ပေးသူက သုန္ဒရီကိုယ်တိုင်။

"ဟာ . . . မိုးဝေ၊ ဟိုမှာ . . ."

ခြံဝကိုညွှန်ပြတာ မဟုတ်ဘူး။ သက်ဖြိုးဝေ ညွှန်ပြတာက ကပ်လျက်အိမ်မှ ဝရန်တာပေါ်၊ မိန်းမကြီးနှစ်ဦး သူ့ခြံဝကို ကြည့်ကာ အတင်းစကား ဆိုနေတယ်။ မင်းသားနဲ့မင်းသမီးက တစ်ဦးနဲ့တစ်ဦး အလွမ်းသယ်ကောင်းနေတော့ အဲဒါကို သတိမထားမိဘူး။

"ဟာ . . ."

ရှက်စိတ်တွေ မွန်ထူသွားတယ်။ မင်းသားက ရုပ်ရှင်တွေထဲကလို နောက်ဆုတ်ထွက်သွားပြီး မင်းသမီးက လက်ပြကျန်ခဲ့တယ်။ ဝရန်တာက မိန်းမနှစ်ဦး မေးငေါ့နေတာက သူ့ဇနီးသည်ဆီသို့ . . .

"တောက် . . . "

နာနာကျည်းကျည်း တောက်ခတ်မိလိုက်တယ်။ မိုးဝေဆိုတဲ့ကောင် ဘယ်အဆင့်ရောက်သွားပြီလဲ မေးစရာ မလိုတော့ဘူး။

"ဟိုမှာ . . . ဟိုမှာ . . . ဟိုကောင့်လက်ထဲက အိတ်ကို ကြည့်စမ်း"

ဖျတ်ခနဲ လှမ်းကြည့်တော့ သူ့ရင်ကို ပိုလို့ အိုစာသွားစေတယ်။ သုန္ဒရီ မနက်ကဝယ်လာတဲ့ ယောကျ်ားဝတ် ရှပ်အင်္ကျီနှစ်ထည်ပါ။

"တောက် . . . ငါ့သူငယ်ချင်းကတော့ ပင်လယ်ထဲသွားပြီး ဝိုက်ဆံတွေ ကုန်းရုန်းရှာ။ နင်ကတော့ ဒီမှာ အငယ်မွေးပြီး ပျော်နေတယ်ပေါ့"

ရှက်လိုက်တာလေ။

ဘာတစ်ခုမှ မတုံ့ပြန်နိုင်ခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com

# XIV

"မ . . . နောက်လဆို အဆောင်လခ ပေးရတော့မှာနော်"

"အေးပါ . . . သိပါတယ် "

"ကျွန်တော်သုံးဖို့လည်း မရှိတော့ဘူး"

"ဟယ် . . . ပြီးခဲ့တဲ့ အပတ်ကတင် ငါးသောင်းပေးထားတာ ကုန်သွားပြီလား"

"ကုန်ပြီပေါ့။ ပိုက်ဆံငါးသောင်း ဘာသုံးလို့ရမှာလဲ။ စားစရိတ်တင် တစ်ရက် လေးငါးထောင်ကုန်နေတဲ့ ဥစ္စာ။ ကျောင်းလည်း တက်ရသေးတယ်။ လိုတာလည်း ဝယ်ရသေးတယ် မမကလည်း"

ဘယ်လိုယောကျ်ားမျိုးပါလိမ့်။ ယောကျ်ားချင်းတောင် တော်တော်ရွံသွားတယ်။ သူကသာ ရွံနေတာပါ သုန္ဒရီကတော့ . . .

"အင်းပါ . . . ဒါဆိုလည်း မနက်ဖြန် ထပ်ယူလာခဲ့ပါ့မယ်။ ပိုက်ဆံတွေလည်း သိပ်သုံးမနေနဲ့ဦး။ တော်ကြာ ကိုမိုးဝေ ပြန်လာလို့ စာရင်းစစ်ရင် ကျွန်မ ပြဿနာတက်နေလိမ့်မယ်"

"မမပဲ မစစ်ဘူးဆို"

"စစ်တော့ မစစ်ဘူးပေါ့။ ဒါပေမဲ့လည်း ဘယ်ပြောလို့ရမလဲ"



"ပြဿနာတက်လည်း ကွာလိုက်ပေါ့ဗျာ"

"ကွာတော့ ကျွန်မကို ဘယ်သူက လုပ်ကျွေးမှာလဲ"

"ကျွန်တော် လုပ်ကျွေးမှာပေါ့"

"အမယ်လေး . . . ကျားသားမိုးကြိုး"

သုန္ဒရီ ရဲ့ ရယ်သံသွဲ့သွဲ့လေး ထွက်လာတယ်။ ရင်ထဲမှာ နာထိုက်တာလေ။

"တကယ်ပြောတာ . . . ကျွန်တော် မမကို ဘယ်လောက်ချစ်မှန်း သိရဲ့သားနဲ့"

"တော်ပါ . . . ဒီစကားတွေနဲ့ပဲ ငါ့ကို ညာစားနေ"

"ရော် . . . "

ကိုက်ထားသော နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လို့ နာလာတယ်။ ပြောရဲလိုက်ကြတာ။ အရှက်မရှိ ပြောထွက်လိုက်ကြတာ။ နားထောင်သင့်တော့တဲ့အဆုံး သက်ဖြိုးဝေက ကျောပေးလှည့်ထွက်သွားတယ်။ သူကတော့ လှည့်လို့မဖြစ်သေးပါဘူး။ လူကျင့်ဝတ်ကို အစွန်းကုန်ဖောက်နေကြတဲ့ လူနှစ်ယောက်ရဲ့ ပြောစကားတွေကို သေချာပေါက် နားထောင်ရမယ်။ မကြားကြားအောင် နားထောင်ရမယ်။

ပြီးတော့ အချိန်မရွေး ပြန်ကြားနိုင်အောင် ရင်ထဲမှာ သိမ်းထားရမယ်။

"ဘာလဲ . . . မမက မယုံလို့လား"

"ယုံပါတယ်ကွယ် . . . မမက ရဲရင့်ကို ယုံပြီးသား"

ခိုးခိုးခစ်ခစ်အသံများနဲ့ တိုးလျကာ သွားပါတယ်။ နာရလွန်းလို့ ထပ်လည်း မနာနိုင်တော့ဘူး။ လှုပ်ရှားသံအချို့ ကြားရတာကလွဲပြီး ဆဲကို ဘာမှ ထပ်ရောက်မလာဘူး။ ဒါပေမဲ့ . . .

"ဟိုလူကြီး ဘယ်တော့ပြန်လာမှာလဲ"

"နောက်လထဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ဒါဆို မမအိမ်မှာ စာသင်လို့ မရတော့ဘူးပေါ့"

"ဘယ်ရတော့မလဲ"

သူကောင်းသား အသံက ချက်ချင်းပဲ နွမ်းလျကသွားတယ်။

"ဒါဆို ကျွန်တော်တို့ ဘယ်လိုတွေ့ကြတော့မလဲ ဟင်"

"ဒီလိုပဲ အပြင်မှာ တွေ့တာပေါ့"

စကားတို့ အနည်းငယ် တိုးတိတ်သွားပြန်ပါတယ်။ အကျင့်ပျက် ယောကျ်ားတစ်ဦးဟန် ပီသလှပေရဲ့။ အသံက တကယ်ကို မသတိစရာပါ။

"မ . . ."

"ဟင် . . ."

"ကျွန်တော် မကို တကယ်ချစ်တာနော်၊ မကရော . . ."

"တကယ်ပေါ့ . . တကယ်မချစ်ဘဲ အခုလို ချိန်းတွေ့ပါ့မလား"

"ဟိုလူကြီးတော့ မသိလောက်ပါဘူးနော်"

သုန္ဒရီရဲ့ ခြောက်ကပ်ကပ်ရယ်ကို ကြားရတယ်။ ဘာလဲ . . . သုန္ဒရီ . . . မင်း ဘာလို့ ရယ်တာလဲ။

"မသိပါဘူး . . . သူလား အဲလောက်လည်မှာ၊ ဒီလောက် တုံးတဲ့လူကို။ သူသာ အဲလောက်လည်ရင် မမတို့ အခုလို ဖြစ်လာမှာ တောင် မဟုတ်ဘူး"

သတိထားမိတော့ မျက်လုံးမှာမျက်ရည်တွေ စီးကျနေပြီ။ ကိုယ့်ပါးကိုယ် သေအောင်ရိုက်ပစ်ဖို့သာ ကောင်းပါတော့တယ်။ သည်းမခံနိုင်တဲ့အဆုံး သက်ဖြိုးဝေက . . .

"တောက် . . . သောက်ဆင့်မရှိတဲ့ ကောင်မကွာ။ လမ်းဘေးကနေ ဒီဘဝရောက်အောင် ပခုံးနဲ့ထမ်းတင်ပေးခဲ့တဲ့ မင်းကို ဒီလောက်ထိ . . ."

အလျင်အမြန် တားလိုက်ရတယ်။



"တော်ပါတော့ . . . သူငယ်ချင်းရာ၊ ကြားသွားပါဦးမယ်"

"ကြားတော့ ဘာဖြစ်လဲကွာ၊ ကြားတော့ တစ်ခါတည်း စာရင်းရှင်းသွားတာပေါ့"

သက်ဖြိုးဝေကိုဆွဲပြီး ကော်ဖီဆိုင်ထဲက ထွက်ခဲ့ရပါတယ်။ ဟိုနှစ်ယောက်ကတော့ ဘယ်လိုစကားတွေ အရှက်မရှိပြောပြီး ဘယ်လိုဆက်စခန်း သွားကြမယ်မသိဘူး။

ဘာပဲဖြစ်ဖြစ် ကော်ဖီဆိုင်လေးကိုတော့ ကျေးဇူးတင်မိတယ်။

တစ်ခန်းနဲ့တစ်ခန်း အသံကြားနိုင်လောက်အောင် အလွှာပါးနဲ့ ကာရံပေးထားလို့လေ။



www.burmeseclassic.com

www.burmeseclassic.com

# XV

တတိယအကြိမ် ထောက်လှမ်းမှုကတော့ အနည်းငယ် စွန့်စားခန်းဆန်တယ်။ ရုပ်ဖျက်ပြီး ကိုယ့်အိမ်ကိုယ် ပြန်ဝင်ရတဲ့အဖြစ်ပါ။ သုန္ဒရီ ကျောင်းသွားချိန်ကို ရွေးချယ်၍ . . .

"ချလွင် . . . ချလွင် . . ."

ခေါင်းလောင်းသံကြားတော့ အတွင်းမှ သူမအဒေါ် အပြေးထွက်လာတယ်။

"ဘာကိစ္စများလဲ"

"ကျွန်တော် မြို့နယ်ကျန်းမာရေးဌာနကပါ စီမံချက်ကာလရှိလို့ ရေစည်ရေလှောင်ကန်တွေကို တစ်အိမ်တက်ဆင်း လိုက်စစ်နေတာပါ။ ဒီမှာ ထောက်ခံချက် ပါပါတယ်"

အတုလုပ်လာတဲ့ စာစီစာရိုက်စာရွက်ကို တံခါးကြားမှ ထိုးပေးတော့ မိန်းမကြီး ပြူးကြောင်ကြောင်နဲ့ ယူကြည့်ပါတယ်။ သူ့ကို လုံးဝ မှတ်မိပုံ မပေါ်ပါဘူး။ မှားမယ်ဆိုလည်း မှားချင်စရာပဲလေ။ ရုပ်ဖျက်ထားတဲ့မျက်နှာကိုမှ နှုတ်ခမ်းမွေးတုတပ်လို့ ဆံပင်ရှည်ကို ကုတ်ပေါ်ဖြန့်ချပြီး ဦးထုပ်ဆောင်းထားပါတယ်။ ကျန်းမာရေး ယူနီဖောင်းကို ပုံစံတူ



[illegible]်။ လွယ်အိတ်တစ်လုံးလွယ်ပြီး ဖိုင်တွဲကိုတောင် ချိုင်းကြားညှပ်ထားတော့ . . .

ဒီမိန်းမကြီး ဒီလောက်မလည်ဝယ်မှန်း သိတာလည်း ပါတာပေါ့လေ။ စာကို ဆုံးအောင်ဖတ်ပြီး သူ့ကို တစ်ချက်ကြည့်ကာ . . .

"ရပါတယ်ကွယ့် . . . စစ်ပါ ရပါတယ်"

ဖွင့်ပေးသော တံခါးမှ မိုးဝေ အတွင်းဝင်လိုက်တယ်။

"တစ်အိမ်လုံးကိုပေးတဲ့ ရေစင်တို့၊ ရေလှောင်ကန်တို့ရှိရင် အရင်ပြပေးပါ"

"ဩော် . . . ရှိတယ် . . . ရှိတယ်၊ ခေါင်းရင်းမှာ တစ်အိမ်လုံးကိုပေးတဲ့ ရေစင်ရှိတယ်"

ပြာပြာသလဲ ရှေ့က ဦးဆောင်ထွက်သွားသော မိန်းမကြီးကို ကြည့်ပြီး မိုးဝေ ပြုံးမိတယ်။ ယူနီဖောင်းမြင့်ရာနဲ့ တော်တော်ကြောက်နေပုံပါပဲ။

"ဟိုမှာ . . ."

ညွှန်ပြသော ရေစင်ကြီးကိုကြည့်ပြီး စိတ်တွင်းမှာ ဘဝင်ကျသွားတယ်။ သူပဲ ကံကောင်းတာလား၊ သုန္ဒရီပဲ ကံဆိုးတာလားတော့ မပြောတတ်ဘူး။ ရေစင်ကြီးက အိပ်ခန်းနဲ့ မျက်နှာချင်းဆိုင် ကွက်တိပါပင်။

"အပေါ်တက်ကြည့်ရမှာ လှေကားရှိလား"

"ရှိတယ် . . . နောက်ဖေးမှာ"

ဒီလိုနဲ့ အိမ်ကိုပတ်ပြီး လှေကားကိုယူ၊ ရေစင်ပေါ်ထောင်လို့ တက်လိုက်တယ်။ မိန်းမကြီးကတော့ သူလုပ်ကိုင်ပုံကို ဂရုတစိုက် ကြည့်ရှုလို့ပေါ့။ ထိုစဉ်မှာပဲ အိမ်တွင်းမှ ဖုန်းမြည်သံတစ်ခု ထွက်ပေါ်လာတယ်။ အချိန်ကိုက်ပါပဲ။ လမ်းထိပ်တစ်နေရာကနေ သက်ဖြိုးဝေ ခေါ်ဆိုလိုက်သော ဖုန်းပါ။ ဖုန်းမြည်သံကြောင့် မိန်းမကြီး ခဏတာ ဝေခွဲရခက်သွားကာ . . .



www.burmeseclassic.com

"ဪ . . . ဒီဖုန်းကလည်း တစ်မျိုး" www.burmeseclassic.com

ကြည့်နေရာမှ ရေးကြီးသုတ်ပြာ လှည့်ပြေးသွားပါတယ်။ သူ့အတွက် အချိန်ငါးမိနစ်၊ အနည်းဆုံး ငါးမိနစ်ရအောင်တော့ သက်ဖြိုးဝေ ဖုန်းပြောပေးမှာပါ။ ချက်ချင်းပဲ အသင့်ယူလာသော ဗီဒီယိုကင်မရာငယ်ကို အိတ်တွင်းမှ ထုတ်လိုက်တယ်။

ဒီသတင်းကြားပြီး လိုရမည်ရ အသုံးပြုလို့ရအောင် နိုင်ငံခြားက ဝယ်လာတာပါ။ ရေစင်ရဲ့ တိုင်အကွယ်တစ်ခုကို အားပြုလို့ ကင်မရာကို ဆင်တယ်။ ရေစင်၏အမြင့်၊ အခန်းနှင့်အကွာအဝေး၊ ကင်မရာရဲ့ ဆွဲအား။ ဒါတွေအားလုံးက အံ့သြလောက်အောင် သင့်တင့်လျောက်ပတ်နေလို့ ခေါင်းရင်းမှာ ရေစင်ဆောက်ပေးထားတဲ့ ဖေဖေ့ကိုတောင် ကျေးဇူးတင်မိပါသေးတယ်။

ကျေးဇူးတင်ရမယ့် နောက်တစ်ယောက်ကတော့ သုန္ဒရီပါ။ အိပ်ခန်းကို လိုက်ကာ တပ်မထားဘူးလေ။ မှန်ပြတင်းတွေချည်းမို့ ရေစင်ပေါ်က တက်ကြည့်ရင် အတွင်းကို အကုန်မြင်ရတယ်။ သားပတ်ဝန်းကျင်ကတော့ ရေစင်ကွယ်နေလို့ ဘာမှ မမြင်ရပါဘူး။

ကင်မရာ ဆင်ပြီးနောက်မှာတော့ သူ့အလုပ်သည် ပြီးဆုံးသွားခဲ့ပါပြီ။

"ကဲ . . . သုန္ဒရီ၊ မင်း ဘယ်ပြေးမလဲ"



# XVI

ညရဲ့ အစွန်းတစ်ဝက်မှာ လူတစ်ယောက် ပုန်းလျှိုးကွယ်လျှိုး လှုပ်ရှားနေပါတယ်။ မှောင်ရိပ်ကို အားပြုလို့ ခြံတစ်ခြံနားကို ချဉ်းကပ်နေတယ်။

'မိုးဝေ'၊ ကိုယ့်အိမ်ကိုယ် သူခိုးချောင်းချောင်းပြီး ဝင်ဖို့ကြိုးစားနေတာပါ။ ပတ်ဝန်းကျင်ရဲ့ ဆိတ်ငြိမ်မှုကို တစ်ချက်လေ့လာ၍ အုတ်တံတိုင်းပေါ် ခုန်တက်လိုက်တယ်။ ပြီးတော့ ခြံဝန်းထဲကို ခြေချစဉ် တစ်အိမ်လုံးက အိပ်မောကျလို့ နေပါပြီ။

ဒါပေမဲ့ သုန္ဒရီအခန်းမှာတော့ မီးရောင်လဲ့လဲ့ မြင်ရတယ်။ မအိပ်သေးဘူး ထင်ရဲ့။ ဒီအချိန်ထိ ဘာလုပ်နေတာလဲ။ ရေစင်ကြီးရှိရာဆီ အပြေးသွားကာ အပေါ်ကို ခိုတက်ဖို့ လမ်းကြောင်းရှာတယ်။ အရင်နေ့ကလို လှေကားထောင်တက်လို့ မရပါဘူး။ ဒီအတိုင်းပဲ ဖြစ်သလို ကုပ်ကပ်တက်ရမှာပါ။

နားစိုက်ထောင်တော့ အိပ်ခန်းတွင်းမှ သုန္ဒရီစကားသံတိုးတိုး ကို ကြားရတယ်။ ဖုန်းပြောနေခြင်း ဖြစ်ပါလိမ့်မယ်။ အသံကို လုံအောင်



www.burmeseclassic.com

www.burmeseclassic.com

ထိန်းရင်း ရေစင်ပေါ်တွယ်တက်ရာ အပေါ်ရောက်ရေ[illegible] က . . . ဩော် . . . ဇနီးသည်ရယ်၊ တလောကလုံးကို မေ့နေပါပေါ့လား။ ညအိပ်ဝတ်စုံလေးနဲ့ ခုတင်ပေါ် ဝမ်းလျားမှောက်ပြီး ဖုန်းပြောနေပုံက၊ စာကြည့်မီးလုံးလေးထွန်းထားလို့ သုန္ဒရီ လှုပ်ရှားမှုအားလုံးကို မြင်နေရတယ်။ ဘယ်သူနဲ့ပြောနေတာလဲဆိုတာတော့ စဉ်းစားဖို့ မလိုတော့ဘူး။

ပြတင်းတံခါးဖွင့်ထားလို့ တစ်ခါတစ်ခါ အသံအချို့တောင် လွင့်စင်လာပါသေးတယ်။ သူမကတော့ သူကြည့်နေတယ်ဆိုတာ လုံးလုံးသိပုံ မပေါ်ဘူး။ ပြုံးရွှင်သော မျက်နှာထားနဲ့၊ ခရေတာတာစကားတွေနဲ့၊ စိတ်လွတ်ကိုယ်လွတ်။

ဘာရယ်မဟုတ်ပါဘူး။ လပေါင်းများစွာ ခွဲနေရတဲ့ ဇနီးသည်ကို စိတ်မကောင်းခြင်းကြီးစွာနဲ့ အချိန်အတော်ကြာအောင် ထိုင်ကြည့်နေဖြစ်တယ်။ ဝမ်းနည်းစိတ်တွေ တရိပ်ရိပ်တက်လာတော့မှ သက်ပြင်းကိုချရင်း အကြည့်လွှဲရပါတယ်။ အခုတော့ 'သိပ်ချစ်ပါတယ်' ဆိုသော ဇနီးသည်က သူ့ကို မေ့နေပြီ။ သူမရဲ့ ကာမပိုင်လင်ယောကျာ်းကို မေ့နေပြီ။

မိန်းမတွေများ ကြောက်ဖို့ကောင်းလိုက်တာလေ။ ဝါးလုံးရှည်နဲ့ သိမ်းယမ်းတာတော့ မဟုတ်ပါဘူး။ အမျိုးကောင်းသမီးလေးတွေကိုတော့ အားနာပါတယ်။ ဒါပေမဲ့ . . . သူ တော်တော်ကြောက်သွားပြီ။

ဆင်ထားသော ကင်မရာကိုဖြုတ်တော့ လက်တွေ တဆတ်ဆတ်တုန်လာတယ်။ ဒီထဲမှာ ဘာတွေရှိနေမှာလဲ၊ ဘာတွေ မှတ်တမ်းတင်ထားမှာလဲ။ စနေ၊ တနင်္ဂနွေနှစ်ရက်လုံး ဟိုကောင် သူ့အိမ်ကို စာလာသင်တယ်။ ပြီးတော့ ထုံးစံအတိုင်း နေစောင်းမှပြန်တယ်။

ဟိုတယ်ကို မြန်မြန် ပြန်ရောက်ချင်နေပါပြီ။ ရိုက်ကူးထားတဲ့ Video File တွေကို ကြည့်ချင်နေပြီ။



[illegible]ရောက် ကိုယ်ခွဲလို့ပေါ့။ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းထို့ပေါ့။ အောက်ပြန်ဆင်းမည်လုပ်တော့ အခန်းထဲက စကားသံုးလုံး သူ့ဆီ ပြေးထွက်လာတယ်။ ပြီးတော့ အသည်းကို တစ်ချက်ချင်း ထိုးမွှေသွားတယ်။

နာလိုက်တာလေ . . .

"ကဲ . . . ဘယ်လိုဖြစ်နေတာလဲ . . . ချစ်တယ် . . . ချစ်တယ် . . . ချစ်တယ်"

ᗑ ᗑ ᗑ



www.burmeseclassic.com

www.burmeseclassic.com

# XVII

ပေါလုချည်လား . . . သုန္ဒရီရယ်။ မင်းမှာ အချစ်တွေ ပေါလုချည်လား။ တက္ကစီတစ်စီး၏ နောက်ခန်းမှာထိုင်ရင်း မိုးဝေ တွေးလာမိတာပါ။ လက်ထဲမှာ သူမအကြောင်း မှတ်တမ်းတင်ထားတဲ့ ကင်မရာတစ်ခုရှိနေတယ်။ ကြည့်တော့ မကြည့်ရဲဘူး။ ဒါပေမဲ့ . . ကြည့်ရမယ်။

ဟိုတယ်ရှေ့ကိုရောက်တော့ ကားပေါ်က ဆင်းလို့ အတွင်းကို သွက်သွက် ဝင်လိုက်တယ်။ စိတ်က တစ်စုံတစ်ရာအတွက် အစောလွန်နေပြီလေ။ တံခါးကိုဆွဲဖွင့်တော့ တစ်နေကုန်ပိတ်ထားသော အခန်းလေးက လှောင်အိုက်နေတယ်။

အပေါ်အင်္ကျီချွတ်ပြီး တီဗီရှိရာကို ပြေးတယ်။ ပြီးတော့ . . . ပြီးတော့ . . .

တပ်ဆင်မှုတစ်ခု အဆုံးသတ်သွားစဉ်မှာ . . .

တီဗီဖန်သားပြင်၌ ပေါ်လာသည်ကား . . .

ပထမ ဝေဝါးနေသော ကင်မရာမြင်ကွင်း၊ ထို့နောက်မှာ တစ်စထက်တစ်စ ကြည်လင်ပြတ်သားလာသည့် အလင်းရောင် . . .



ကြည့်နေတယ်။ စိတ်ဝင်တစားကို ကြည့်နေမိပါတယ်။ မြင်ကွင်းတာ ရှင်းလင်းငြိမ်သက်လို့၊ အခန်းထဲမှာ ဘယ်သူမှမရှိဘူး။ မှတ်သားထားသောအချိန်ကို လေ့လာတော့ နေ့လယ်နှစ်နာရီသာသာ။ Date မှာ Sat လို့ ထိုးထားတယ်။ ဒီအချိန်ဆို ဟိုနှစ်ယောက် စာသင်နေတုန်းပဲရှိပါလိမ့်မယ်။ စိတ်မရှည်နိုင်သည့်ကြောင့် ကင်မရာကို ကိုင်ကာရစ်တော့ . . .

မြင်ကွင်းတွေ ရှုပ်ထွေးကုန်တယ်။ ထို့နောက်မှာ . . .

ပထမဆုံး တံခါးတစ်ချပ် ပွင့်လာတယ်။ ပြီးတော့ သူပိုင်အခန်းတွင်းသို့ ပုံရိပ်နှစ်ခု ဝင်ရောက်လာတယ်။ ဘယ်သူတွေပါလဲ . . .

ကတုန်ကယင်ဖြစ်နေသောစိတ်ကို ထိန်းလို့ အားတင်းကြည့်ရတော့ . . .

* * *



www.burmeseclassic.com

www.burmeseclassic.com

ရက်စက်လိုက်ကြတာ . . .

ယုတ်မာလိုက်ကြတာ . . .

သူပိုင် အိမ်တစ်လုံးထဲမှာ . . .

သူပိုင် မင်္ဂလာဦး အိပ်ခန်းထဲမှာ . . .

ရမ္မက်နိုးတွေ ဝေလို့ . . .

စက်ဆုပ်ဖွယ်အတိ ပြီးလို့ . . .

ဟီရိဩတ္တပ္ပ မလို . . .

သိက္ခာ မလို . . .

ကိုယ်ကျင့်တရား မလို . . .

လူဆိုတဲ့ သရုပ်သဏ္ဍာန်ပေါ်ဖို့ ရာစုနှစ်ပေါင်းများစွာ စောင့်ထိန်းလိုက်နာလာခဲ့တဲ့ လူကျင့်ဝတ်ဆိုတာကြီးလည်း မလိုတော့ . . .



# XVIII

ဖွင့်ထားသော တံခါးကိုကြည့်ပြီး လူတစ်ယောက် မျက်ရည်ဖြိုင်ဖြိုင်စီးကျနေတယ်။ သူ့ရင်တစ်ခုလုံးက သမုဒ္ဒရာလေးစင်းမှာ ပေါလောမျှောပါသော ဖော့ဆိုတစ်ခုလို နိမ့်လိုက်မြင့်လိုက်၊ မြုပ်လိုက် ပေါ်လိုက်၊ အကာအကွယ်မရှိ အကူအညီမဲ့ပြီး ဖြစ်ချင်းတိုင်းဖြစ်လို့။

ဝမ်းနည်းလိုက်တာလေ . . .

ခံပြင်းလိုက်တာလေ . . .

အံကိုဖိကြိတ်တော့ ကျလုလုမျက်ရည်တွေက ဆည်တာတမံကျိုးသလို ဝေါခနဲစီးကျလာတယ်။ ဆတ်ဆတ်ခါ နာလာတဲ့ထိဖိကိုက်ပြီးတော့မှ နှုတ်ခမ်းကို ချမ်းသာပေးလိုက်တယ်။

သူ့ရှေ့စားပွဲပေါ်မှာ ဓားတစ်လက်။

အသွားက ဖွင့်ထားသော မီးရောင်အောက်မှာ လက်လက်ထကာနေတယ်။ ဓားကို လှမ်းယူတော့ ရင်တွင်းမှာ စူးအောင့်သွားတယ်။ ကိုင်ထားတဲ့ သူ့လက်တွေတောင် တဆစ်ဆစ်တုန်လာသလားပဲ။ အကြိမ်ကြိမ်သွေးစားပြီးသား ကိစ္စတစ်ခုဖြစ်သော်လည်း တကယ်လက်တွေ့ ရင်ဆိုင်ရတော့ နောက်တွန့်ချင်စိတ်အချို့ ဖြစ်မိသေးရဲ့။ ဒါပေမဲ့လည်း ရင်ထဲက ခံပြင်းမှုအရှိန်ကို မလွန်ဆန်နိုင်ခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဒီနည်းနဲ့ပဲ အဆုံးသတ်ရမှာပါ။ ဒီနည်းနဲ့ပဲ [illegible] သတ်ပစ်ရမယ်။ အံကို နောက်တစ်ကြိမ် ဖိကိုက်တော့ ပြတ်ကွဲသွားတဲ့ နှုတ်ခမ်းသားတွေပြန်နာလာတယ်။ အချိန်တန်ပါပြီ . . .

ဘဝတစ်ခုကို အဆုံးသတ်ပစ်ဖို့ အချိန်တန်နေပြီ။ အဆုံးသတ်ဖို့အတွက်လည်း လက်နက်တွေလိုနေပြီ။ ကုတ်ပေါ်ဝဲကျနေတဲ့ ဆံပင်ကိုဆွဲလို့ လက်ထဲကဓားနဲ့ လှီးဖြတ်လိုက်တယ်။

'ရှဲ' ဆိုတဲ့ အသံသဲ့သဲ့လေးထွက်လာပြီး လက်ပေါ်ကို ဆံပင်တစ်ထွေး ပြုတ်ကျလာတယ်။ ကိုယ့်ဆံပင်ကိုယ်ကြည့်ပြီး နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ခု ဖြစ်တည်သွားတယ်။

ထိုဆံပင်ကို စားပွဲပေါ် ဆန့်ဆန့်တင်။

ပြီးတော့ လက်မှာကိုင်ထားသော ဓားနဲ့ တစ်ချက်ချင်း . . .

"တောက် . . . တောက် . . . တောက်"

တိတ်ဆိတ်နေသော အခန်းကျဉ်းလေးထဲမှာ ဓားဖြတ်သံတစ်ခု စည်းချက်ကျကျ ထွက်ပေါ်လာတယ်။

အပိုင်းပိုင်းပြတ်တောက်သွားသော ဆံပင်တွေကို ကြည့်ပြီး နာကြင်စိတ်တွေ ပိုတိုးလာတယ်။ ဝမ်းနည်းမှု မျက်ရည်တွေလည်း ခုန ထက်စီးက ကျလို့ . . .

အမှန်က လူ့စိတ်ဓာတ်များ ဓာတ်သိမ်းချိန်။

ကမ္ဘာဦးခေတ်ဆီ ပြန်ရောက်ချိန်ကို အရသာခံပြီး ထိုင်ကြည့်နေရမှာပါ။ ဒါပေမဲ့ . . . သူ မနေနိုင်ခဲ့ဘူးလေ။

အဲဒီနောက်ပိုင်းတော့ မီးဝေ ဘယ်မှမသွားဖြစ်တော့ပါဘူး။ တစ်နေကုန် တစ်နေခန်း အခန်းထဲမှာပဲ ကုပ်နေဖြစ်တယ်။ ကြိုတင်အကြောင်းကြားထားတဲ့ သဘော်ဆင်းရက်ရောက်ဖို့ စောင့်ရဦးမယ်လေ။ ကြားထဲတော့ ဟန်မပျက် အွန်လိုင်းမှာ သုန္ဒရီနဲ့ စကားပြောပေးဖြစ်တယ်။ ရယ်ဖို့လည်း ကောင်းပါတယ်၊ သူပြန်လာတော့မယ့်အရေးကို အတိုင်းထက်အလွန် ပျော်ပြနေသေးရဲ့။



[illegible]ရှံ့ဖို့ကောင်းတဲ့ မိန်းမ . . .

ဟိုတယ်မှာ အချိန်ပြည့် သူလုပ်ဖြစ်တဲ့ နောက်အလုပ်တစ်ခုရှိပါသေးတယ်။ အဲဒါကတော့ ကိုယ့်ဆံပင်ကိုယ်ဖြတ်ပြီး ဓားနဲ့နုတ်နုတ်စင်းတာပါ။ ဘယ်လောက်ထိစင်းရလဲဆို ကော်ဖီမှုန့်အရွယ်နီးပါးလောက်ရတဲ့အထိ စင်းရတယ်။ မလွယ်လှပါဘူး။

ထိုကိစ္စ ပြုလုပ်နေတိုင်းလည်း ရိုက်ယူထားတဲ့ မြန်မာဗီဒီယိုထားကို အချိန်ပြည့် ဖွင့်ထားပါတယ်။ ဒါမှ စင်းရတာ ပိုအသက်ပါမယ်လေ။ ကိုယ်က အသည်းနင့်အောင် ချစ်ထားဖူးတော့ အကောင်းမြင်စိတ်နဲ့ ခွင့်လွှတ်သွားမိမှာ (သို့) နာကျည်းစိတ်အနည်းငယ် လျှော့သွားမိမှာဆိုး ပူတာ။

နာကျည်းစိတ်လျှော့လို့ မဖြစ်ဘူး။ ဒါကြောင့် ဆံပင်တွေကို နုတ်နုတ်စင်းတိုင်း တီဗီကိုဖွင့်ထားတာပေါ့။ ဆတ်ခါဆတ်ခါ နာကျည်းနေရမယ်။ ဆတ်ခါဆတ်ခါ မုန်းတီးနေရမယ်။ ဒါမှ . . .

ကြိုရောက်နေခဲ့တဲ့ တစ်လအတွင်း သူ့ဆံပင်တွေလည်း တစ်စအက် တစ်စတိုသွားလိုက်တာ နောက်ဆုံး ဘိုကေသဘ္ဘသာပဲ ကျန်တော့တယ်။

ကိစ္စမရှိပါဘူး။ အမိကက မှုန့်ညက်နေဖို့ပဲ မဟုတ်ပါလား၊ ဒီနည်းကိုပြောပြခဲ့တဲ့ ပုဂ္ဂိုလ်ကိုတော့ လုံးဝကျေးဇူးတင်ထားတယ်။ မမေ့ပါဘူး။ ဘရာဇီး ဆိပ်ကမ်းမှာ သဘော်ဆိုက်ကပ်ခဲ့တဲ့အချိန်ကို ဘယ်တော့မှ မမေ့ဘူး။ ဘားဆိုင်မှာ အရက်သောက်ရင်း ဆုံခဲ့တဲ့ပုဂ္ဂိုလ်ကိုလည်း လုံးဝ မမေ့ဘူး။

အခု သူပေးတဲ့နည်းအတိုင်း လုပ်ဆောင်နေတာလေ။

"တောက် . . . တောက် . . . တောက်"

စင်းနေတယ်။ ကိုယ့်ဆံပင်ကိုယ်ဖြတ်ပြီး ကိုယ်ကိုယ်တိုင်နုတ်နုတ်စင်းနေတယ်။ တွေ့ကြပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဒီလကုန်တာနဲ့ မင်းနဲ့ငါ တွေ့ပြီပေါ့ . . .

အံကို ကြိတ်ထားမိတယ်။ အရင်လို မျက်ရည်မကျတော့ဘူး။ ကျစရာ မျက်ရည်လည်း မကျန်တော့ဘူး။ တီဗီကိုတော့ ဖွင့်ထားဆဲပဲ။ ဒါပေမဲ့ အဲဒီကပေးတဲ့ရသကို ခံနိုင်ရည်ရှိသွားပြီ၊ မတုန်လှုပ်တော့ဘူး။

မင်းကို ချီးမွမ်းပါတယ် . . . သုန္ဒရီ။ အမှန်က အင်ဂျင်နီယာ မလုပ်ဘဲ မင်းသမီးလုပ်ရမှာ။ သေချာပေါက်အောင်မြင်နိုင်တဲ့ အရည်အချင်းတွေ မင်းမှာရှိနေတယ်။ မင်းအိုက်တင်တွေက မြင်သူတကာ အသက်ရှူမှားလောက်အောင် မတရားအသက်ပါနေတာကိုး။ ဖြစ်နိုင်ရင် ဒီဗီဒီယိုကို ရုပ်ရှင်ပြောင်းပြီး အကယ်ဒမီတောင် ပေးလိုက်ချင်တာ။

ရှက်မှုရေးရာ အကင်းမဲ့ဆုံး၊ ပြည်သူတွေကို လမ်းမှားအပို့ဆုံး၊ ပရိသတ်ကို အဆိပ်အခပ်ဆုံး စံပြမင်းသမီးတစ်လက်အနေနဲ့ မင်းကို ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်တွေ တသီကြီး ပေးအပ်ချင်တာ။

အခုခတ်မင်းသမီးအချို့လိုပေါ့။ သူတို့မှာ ပရိသတ်ကို ဆွဲဆောင်ညို့ယူနိုင်တဲ့ အနုပညာမရှိတော့ ရှိတာလေးတွေ ဗန်းပြပြီး အောက်လမ်းနည်းနဲ့ နာမည်ရှာကြတယ်။ မင်းကိုလည်း အဲဒီထဲထည့်ပေးလိုက်ရင် အချိန်တိုအတွင်း နာမည်ကြီးလာမှာ သေချာတယ်။

အပြစ်လည်း မတင်ပါဘူး . . . သုန္ဒရီ။

ဘာဖြစ်လို့လည်းဆိုတော့ ဘယ်နေရာ ဘယ်နယ်ပယ်မှာမှ လူကောင်းချည်းပဲ ရှိမနေတာလေ။ လူဆိုးကြီးပဲလည်း မရှိနေဘူး။ လောကသဘာဝအရ လူကောင်းလူဆိုးက အမြဲပဲ ဒွန်တွဲရှိနေတတ်တာကိုး။ ဒါပေမဲ့ ငါးခုံးမတစ်ကောင်ကြောင့်တော့ တစ်လှေလုံး မပုပ်ပါစေနဲ့။

ငါကတော့ အပုပ်မခံဘူး။ အခု မင်းကြောင့် ငါ့လှေပုပ်နေပြီ။ ပတ်ဝန်းကျင်မှာ မင်းရဲ့လင်ယောကျ်ား ငါ့ကို လက်ညှိုးတွေ ဝိုင်းထိုးနေပြီ။ မြက်စားတဲ့ နွားကြီးတစ်ကောင်လို ငါ့ကို ဝိုင်းသရော်ကုန်ကြပြီ။



ဟင်း . . . ဟင်း . . . တွေ့ကြပြီပေါ့။

ရပြီ။

ဒီလောက်ဆိုရပြီ။

ဒီလောက် မှုန့်ညက်ရင် ကော်ဖီနဲ့ ရောဖို့ အဆင်ပြေပြီ။

ဝယ်လာသော ကော်ဖီသုံးဘူးကို အဖုံးဖွင့်လိုက်ပါတယ်။ ပြီးတော့ ညက်ညက်စင်းထားသော သူ့ဆံပင်တွေပေါ် လောင်းချလိုက်တယ်။

ဒါပဲလား . . . မဟုတ်ဘူး။ ကျန်သေးတယ်။ ဒီလောက်နဲ့ မလုံလောက်သေးဘူး။ စက္ကူပတ်ထားသော အထုပ်လေးတစ်ထုပ်ကို ကော်ဖီထဲဖောက်ချဖို့ ကျန်သေးတယ်။ ခက်ခက်ခဲခဲ ယူလာခဲ့ရတဲ့ ပစ္စည်း၊ ဈေးကြီး ပေးဝယ်ခဲ့ရတဲ့ ပစ္စည်း။

အခြားမဟုတ်ပါဘူး။ ဘိန်းအပျော့စားလေး တစ်မျိုးပါ။ ဒါကိုပါ ကော်ဖီထဲ ရောထည့်ရမယ်။ ဒါမှ သူတိုက်တဲ့ ကော်ဖီကို သောက်ပြီးရင်း သောက်ချင်မှာလေ။ သောက်လေသောက်လေ ငတ်မပြေပေါ့။ ဟားဟား . . . ဆားငံရည်တော့ မဟုတ်ဘူး။ ကော်ဖီခါးခါး။

ဓားနဲ့ခွဲတော့ စက္ကူပတ်ထဲမှ အမည်းရောင် အမှုန့်တချို့ ထွက်ကျလာတယ်။ ပြီးပြီလေ။ ကော်ဖီရောင်နဲ့ သိပ်မကွာတာမို့ သံသယဖြစ်စရာ တစ်ကွက်မှ မရှိတော့ဘူး။

အချိုးညီညီ ရောတယ်။ သမအောင် မွှေတယ်။

မရိပ်မိစေရဘူး။ မသိသာစေရဘူး။

ပြီးတော့ သောက်လို့လည်း ကောင်းရမယ်။ အဟွန်း . . . ဟွန်း။

စိတ်ပါလက်ပါကို မွှေပေးနေလိုက်တယ်။ 'အာဠာဝက' အခွင်းလေးတောင် ချလိုက်ချင်တာ။ မရဏဂါထာကိုတောင် နှုတ်တိုက်ရွတ်ပေးလိုက်ချင်တာ။ သနားလို့။

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကြိုက်ရောမွှေပြီး နောက်မှာ ကော်ဖီသုံးဘူးတွင်းကို အညီအမျှ ပြန်ထည့်လိုက်တယ်။ ပိုတာကိုလည်း အိတ်တစ်လုံးမှာ ထည့်ပြီး သိမ်းထားလိုက်ပါတယ်။ လိုရမည်ရ ဆောင်ထားရဦးမယ်လေ။ ထို့နောက်မှာတော့ ရက်ပေါင်းများစွာ လုပ်လာခဲ့တဲ့အလုပ် ဆုံးခန်းတိုင်ခဲ့ပြီ။

မင်းနဲ့တွေ့မယ့်အချိန်ကို သွေးအေးအေးနဲ့ ထိုင်စောင့်နေရုံပဲ။ မလိုတော့ပါဘူး။

လွန်ရော ကျွံရော နောက်တစ်ပတ်ပေါ့။ အဲ့ဒီနေ့မှာ မင်းရဲ့ ရှုံ ရှာပက်စက်နေတဲ့ ခန္ဓာကိုယ်ကြီးကို အစွမ်းကုန် ခြယ်သလို့ လေယာဉ်ကွင်းမှာ လာကြိုလိမ့်မယ်။

အဲဒီအတွက် ငါက တစ်ရက်ကြိုပြီး အိမ်ရောက်နှင့် နေဖို့ လိုတယ်။ ဘာအတွက်လဲ . . .

* * *



BURMESE CLASSIC

## XIX

"Surprise..."

သူ့ကို ဗြုန်းခနဲတွေ့လိုက်ရတော့ တံခါးဝမှာ စက္ကန့်ပိုင်းခလောက်ကြသေ သေသွားတယ်။ ပြီးမှ . . .

"ဟယ် . . . ကို . . ."

သရဲသဘက်တွေ့သလို ထိတ်လန့်အံ့သြနေရာမှ ဝုန်းခနဲ ပြေးဖက်ပါလေရော။

သုန္ဒရီခါးကို ကောက်ပွေ့ပြီး လေမှာ တစ်ပတ်ပတ်ပစ်လိုက်တယ်။ အပျိုဖော်ဝင်စ မိန်းမတစ်ယောက်ရဲ့ ပေါ့ပျက်ပုံမျိုးနဲ့ ခန္ဓာကိုယ်တစ်ခု လေမှာ ဝဲသွားတယ်။ ပြီးမှ သူမကို အောက်ပြန်ချ၊ ကွယ်ဝှက်ထားသော ပန်းစည်းကို ရှေ့တင်လို့ . . .

"surprise လေ . . . ရော့ . . . "

လက်ထဲမှ ပန်းစည်းကို ကြည့်ပြီးသကာလ၊ သူမမျက်နှာမှာ အဓိပ္ပာယ်အမျိုးမျိုးဆောင်သော အကြည့်တွေ တဖျတ်ဖျတ် ပြေးလို့။ တမင်တကာ လုပ်ယူတာလား၊ တကယ်ဖြစ်လာတာလား မသိသော အပျော်တွေ ကွန့်မြူးဖြစ်တည်လာကာ . . .



www.burmeseclassic.com

www.burmeseclassic.com

"ကို . . . ပြောတော့ မနက်ဖြန်မှ ရေ[illegible] . . . [illegible] ဘယ်လိုလုပ်ပြီး . . . "

ပန်းစည်းကို လှမ်းယူရင်း နောက်တစ်ခါက် ဖက်ပြန်ပါသေးရဲ့။ မိုးဝေ စိတ်ထဲက ပြုံးမိလိုက်တယ်။ သရုပ်ဆောင်ကောင်းလှချည်လား . . . သုန္ဒရီရယ်။ ငါတော့ လက်ဖျားခါတာပဲ။

"ကို . . . မကောင်းဘူးကွာ။ သုန္ဒရီက မနက်ဖြန် လေယာဉ်ကွင်းလာကြိုဖို့ အကုန်စီစဉ်ထားတာ။ ဘယ်အချိန်လေယာဉ်ဆိုက်လဲ။ ဘယ်သူတွေ ပါသေးလဲ"

"အခုပဲ ဆိုက်တာ။ လေယာဉ်ပေါ်က ဆင်းဆင်းချင်း အိမ်တန်းလာတာ။ ဘယ်သူမှ မပါဘူး"

ထို့နောက်တော့ ကိုယ့်အိမ်ကိုယ် ခြေနင်းခွင့် ရလိုက်တယ်။ ရှူရှိုက်ရသောလေကအစ မသန့်ရှင်းပါဘူး။ သူစိမ်းအငွေ့အသက်တွေ တလှုလှု လွှင့်နေသလိုပဲ။ ပြီးမှ Air Fresher ဖြန်းခိုင်းရမယ်။ ထိုစဉ်မှာပဲ စက်ဆုပ်ဖွယ်ကောင်းလွန်းသော မျက်နှာနဲ့ သုန္ဒရီ့အဒေါ် ရောက်လာပြီး . . .

"ဟယ် . . . မောင်မိုးဝေ ပြန်လာပြီလား။ မင်းကွယ် အကြောင်းမကြား ဘာမကြားနဲ့။ တူမလေးက လေယာဉ်ကွင်းလာကြိုဖို့ကို အကုန်စီစဉ်ထားတာ"

"အဟင်း . . . ဒေါ်လေးတူမကို တမင်စချင်လို့"

ပြောပြောဆိုဆို သူမခေါင်းကို လက်နဲ့ပုတ်တော့ အပြစ်ကင်းသော ကလေးငယ်တစ်ဦးလို ဖက်လေးပုလို့ ခံယူပါတယ်။ ရွံဖို့ကောင်းလိုက်တာလေ။

"ဒေါ်လေးရော နေကောင်းရဲ့လား။ ဘွားဘွားရော"

"ကောင်းပါတယ်ကွယ်။ ငါ့တူကြည့်ရတာ ဒီတစ်ခေါက် ပိုဝလာသလိုပဲ"

"ဟုတ်တယ် . . . ဝိတ်ချရဦးမယ်"



[illegible]မှာ ဝင်ထိုင်တော့ . . .

"ဒေါ်လေး . . . ကို့အထုပ်အပိုးတွေ ကူသယ်ပေးပါဦး"

အိမ်ဝမှာထားခဲ့တဲ့ သူ့အထုပ်အပိုးတွေကို တူရီးနှစ်ဦး မနိုင့်တနိုင် အိမ်ထဲ ဆွဲသွင်းကြတယ်။ ဆိုဖာပေါ်မှာ ဧည့်သည်တစ်ဦးလို ထိုင်နေမိရဲ့။ တစ်မျိုးပဲ။ ကိုယ့်အိမ်ကိုယ်ပြန်လာရတာ ရင်ထဲမှာ အိမ်ရှင်တစ်ဦးလို မခံစားဘဲ ဧည့်သည်တစ်ဦးလို ခံစားနေရတယ်။

ဧည့်ခန်း အခြေအနေကြည့်ရတာတော့ သူပြန်လာတော့မှာမလို့ ရှင်းလင်းထားဟန်တူပါတယ်။ နံရံကပ် ပန်းချီကား၊ စားပွဲတင်ပန်းအိုး၊ TV ၊ ရေခဲသေတ္တာ စတာတွေအားလုံးက သူသွားတုန်းကအတိုင်း မပျက်မယွင်းရှိနေတယ်။ တစ်ခုတော့ ပိုလာပါတယ်။

စာထဲမှာ ရေးထားတဲ့အတိုင်း သူတို့နှစ်ဦးရဲ့ မင်္ဂလာဦးဓာတ်ပုံကို ဗီနိုင်းအကြီးကြီးချဲ့ပြီး အိမ်နံရံ အပြည့်ချိတ်ထားတာပါ။ ဒါနဲ့များတောင် ယောကျ်ားတစ်ဦးအိမ်ခေါ်ပြီး ဖြစ်ချင်တိုင်းဖြစ်နေကြတာ အံ့သြလို့ မဆုံးဘူး။

BURMESE CLASSIC

"ဒေါ်လေး . . . ကို့အတွက် သံပုရာ ရေအေးအေးလေးတစ်ခွက်လောက်လုပ်ပေးပါဦး"

သူ့ဆီးဝင်ထိုင်လာပုံက လိုတာထက် ကန့်ကလျနိုင်နေသလို ခံစားရတယ်။ ပြီးတော့ သူ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ရင်း . . .

"ကို . . . ကိုက သုန္ဒရီလန့်အောင် တမင်လုပ်တယ်ပေါ့ . . ဟုတ်လား"

"လန့်သွားတယ်ပေါ့"

"လန့်တာပေါ့ . . . ကို့ကို တွေ့တွေ့ချင်း ယုံတောင် မယုံနိုင်ဘူး"

"ယုံတောင် မယုံနိုင်ဘူးဆိုတော့ ဘာလဲ . . . ကိုယ့်ကို မမှတ်မိတော့လို့လား"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ပါဘူး . . . မထင်မှတ်ဘဲ တွေ့လိုက်တော့ အံ့ဩသွားတာ။ တအားလည်း ပျော်သွားတယ်"

သူ့ခါးကို တင်းကြပ်စွာ ဖက်ပြီး တီတီတာတာစကားတွေ ပြောလာပါတယ်။

မသိရင်တော့ ယောကျ်ားဖြစ်သူကို တကယ်ပဲ လွမ်းဆွတ်သတိရနေသော ဇနီးသည် တစ်ဦး၏ အလွမ်းသည်မှုပါ။ ကိုယ်ကလည်း ဒီမိန်းမ ဘာဆိုတာ သိထားလေတော့ အဖက်ခံရတာတောင် မသတီချင်ဘူး။

မင်းသတိထားမိလားတော့ မသိဘူး သုန္ဒရီ။ အမှန်က ရပ်ဝေးမြေခြားမှာ အလုပ်လုပ်ပြီး ပြန်လာတဲ့ အိမ်ဦးနတ်တစ်ယောက်ကို ကြိုဆိုမှုက ဒီထက်ပိုပြီး မြိုင်ဆိုင်နေသင့်တယ်။ အသက်ပါနေသင့်တယ်။ မင်းနော ငါရောရဲ့ ရင်မှာ ပျော်နေသင့်တယ်။ ဒါပေမဲ့ အခု ဘယ်သူမှ မပျော်ဘူး။ မိသားစုနဲ့ ပြန်လည်တွေ့ဆုံပွဲက အခုလောက်နဲ့ပဲ အေးစက်စက်ပြီးဆုံးသွားခဲ့တာ စဉ်းစားလို့တောင် မရခဲ့ဘူး။

နောက်တော့ တခုတ်တရဝယ်လာသော လက်ဆောင်တွေကို ထုတ်ပေးဖြစ်တယ်။ သူမဘက်က ဆိုလာတာက ဒီနေ့ ကျောင်းမသွားတော့ပါဘူးတဲ့။ သူ ကြိုက်တဲ့ဟင်းကို ဈေးကို ကိုယ်တိုင်သွားလို့ ချက်ကျွေးပါမယ်တဲ့။ သူဝယ်လာပေးသော အဝတ်ကိုဝတ်လို့ ညနေ အပြင်လျှောက်လည်ပါမယ်တဲ့။

ကိစ္စမရှိပါဘူး။ အားလုံး သူမ သဘောပါ။

မိုးဝေကတော့ ကျန်တာအားလုံးကို မေ့လို့ ညနေရောက်ဖို့သာ စိတ်စောနေမိတယ်။ အပြင်လျှောက်လည်ဖို့ မဟုတ်ပါဘူး။ သူမကို ကော်ဖီတိုက်ဖို့ပါ။ ကိုယ်တိုင်ဖန်တီးထားသော ကော်ဖီကို ညနေမှာ သူမကို စတိုက်ပါမယ်။

ဘာရာဇီးကရတဲ့နည်းနဲ့ ပြုလုပ်ထားသော ကော်ဖီဖြစ်လို့ ဘာရာဇီးကော်ဖီလို့ နာမည်ပေးထားတယ်။



"အဲ့ဒါဆို ကို ရေချိုးအနားယူလေ။ သုန္ဒရီ ဈေးသွားဖို့ ပြင်လိုက်ဦးမယ်"

ဆန္ဒတော်အတိုင်းပါပဲ။ ထိုင်ရာမှထလို့ သူမအဘွားကို သွားနှုတ်ဆက်တယ်။ အဘွားက ဇရာရဲ့ ထုထောင်းရိုက်ပုတ်မှုကို ကောင်းကောင်း ခံနေရပါပြီ။ အကူမပါဘဲ လမ်းမလျှောက်နိုင်တော့ဘူး။ အခန်းထဲမှာ အနေများလို့ အိမ်မှာ ဖြစ်ပျက်မှုအလုံးစုံကိုလည်း ဘာမှသိပုံမပေါ်ပါဘူး။ အဘွားကိုတော့ အားနာပါတယ်။ ဒါပေမဲ့လည်း . . .

ထို့နောက်မှာတော့ သူမ ညွှန်ကြားမှုအတိုင်း ရေချိုးခန်း ဝင်ခဲ့တယ်။ စိတ်ထဲကတော့ လှမ်းသတိပေးလိုက်ရဲ့ . . .

"ရေချိုးခန်းဝင်တုန်း . . . ငါ ပြန်ရောက်နေပြီဆိုတဲ့အကြောင်း မင်းအကောင်ကို လှမ်းအကြောင်းကြားလိုက်ပါဦး . . . သုန္ဒရီ"



www.burmeseclassic.com

www.burmeseclassic.com

"ခြေလက်ခေါင်းခါး စည်းဝါးနရီ ပိုင်နိုင်သည် ×××
မိုးမလင်းမီ ရွှေသုန္ဒရီရယ် ××× ကကြိုးပျောက်မှာ စိုးမိသည်
ပရိသတ်လက်ခုပ်သံကြား ××× ယစ်မူးလွန်မှားမှုဖြင့် ×××
ထိန်းမနိုင်၊ သိမ်းမနိုင် ယိမ်းယိုင်မလားကွယ် ×××
မောင်တွေး မချိပါပြီ ××× အသည်းတယားယား
ရင်တလှပ်လှပ်နဲ့ ××× မနောဓာတ်ဘဝင်မှာ ကတုန်ကရီ
ရွှေပဒုမ္မာကြာအချပ်ကို လေအဟုန်လာဟပ်သလို ဖြစ်ပြီ ×××"

"အဟင်း . . . ငါကတော့ သွေးအေးတတ်သွားပြီ သုန္ဒရီ။ မနောဓာတ်ဘဝင်မှာ ကတုန်ကရီက မင်းပဲဖြစ်ဖို့ ကျန်တော့တယ်"



# XX

"ရော့ . . . ဒါ သုန္ဒရီ့အတွက် ဘရာဇီးက ဝယ်လာတဲ့ ကော်ဖီ"

"ဘရာဇီးက . . ."

အငွေ့တလူလူထွက်နေသော ကော်ဖီခွက်ကို ကြည့်ပြီး မေးပါတယ်။

"ဟုတ်တယ် . . . ဘရာဇီးမှာ ကမ်းကပ်တုန်း သုန္ဒရီကော်ဖီကြိုက်တတ်မှန်းသိလို့ ဝယ်လာတာ။ ဈေးတအားကြီးတယ်"

ကြိုတင်ကြံစည်ထားသော ဈေးတစ်ခုကို ပြောပြတော့ သုန္ဒရီ ပါးစပ်ဟောင်းလောင်း ပွင့်သွားတယ်။

"ဘာလို့ အဲလောက် ဈေးကြီးတာ ဝယ်လာရတာလဲ . . . ကိုရယ်။ ကော်ဖီများ ဒီမှာဝယ်သောက်လည်း ရတာပဲကို"

"မတူဘူး . . . သုန္ဒရီရဲ့။ ဒါက ကျန်းမာရေးအတွက် တမင်ထုတ်ထားတဲ့ ကော်ဖီ။ မိန်းကလေးတွေအတွက် အဓိက ရည်ရွယ်ပြီး ထုတ်ထားတာ။ သူတို့ပြောတာတော့ သံဓာတ်ကို အားပေးတယ်၊ အရိုးပါးရောဂါကို ကာကွယ်တယ်။ ပြီးတော့ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်



www.burmeseclassic.com

www.burmeseclassic.com

တာ၊ ဆံပင်ဖြူတာတွေလည်း မဖြစ်ဘူးတဲ့။ အမိကကတော့ ဒီလောက်ကို တစ်နေ့ နှစ်ခွက်ကနေ သုံးခွက် ပုံမှန်သောက်ရင် စိတ်ကျရောဂါကိုတောင် ကာကွယ်ပေးနိုင်တယ်တဲ့ကွ"

"ကောင်းလှချည်လား"

"ကောင်းလို့လည်း ဒီလောက်ဈေးကြီးတာပေါ့။ ဟိုမှာတော့ ဆရာဝန်တွေကိုယ်တိုင် အာမခံပြီးတော့ကို ရောင်းတာ"

"ဟုတ်လား"

ပြောပြောဆိုဆို ကော်ဖီခွက်ကို လှမ်းယူကာ အနံ့ခံကြည့်တယ်။

"ကော်ဖီနံ့က မွှေးနေတာပဲ။ ဒါပေမဲ့ ဒီလောက်ဈေးကြီးတာကို သောက်ရမှာ နှမြောစရာကြီး"

"မနှမြောပါနဲ့ . . . သုံးဘူးတောင် ဝယ်လာတာပါ။ ကုန်တော့လည်း နောက်တစ်ခေါက်သွားရင် ထပ်ဝယ်တာပေါ့"

ကော်ဖီနံ့ကို ဒုတိယအကြိမ် ရှူရှိုက်ရင်း သောက်ဖို့ ပြင်တယ်။ နှုတ်ခမ်းဝ တော့ပြီးကာမှ . . .

"ကို့အတွက်ရော . . ."

"ဟာ . . . ကိုမှ ကော်ဖီမကြိုက်တာ။ နောက်ပြီး ဒါက မိန်းကလေးအတွက်ပါဆိုမှ"

"အဟီး . . . ဟုတ်သားပဲ"

ကော်ဖီကြိုက်သူတို့ရဲ့ ထုံးစံအတိုင်း တစ်ငုံငုံကာ လျှာပေါ် အရင်တင်ကြည့်ပါတယ်။ ပြီးမှ နှစ်ခြိုက်သွားသော အမူအရာဖြင့် လက်မထောင်ပြပြီး . . .

"ဝွတ်တယ်"

ပြီးပြီလေ။ အမိကက သောက်ဖြစ်သွားဖို့ပဲ လိုတာပါ။ လွန်ရော ကျံရော သုံးခွက်ပဲ။ သူမ ခန္ဓာကိုယ်ထဲ အဲလောက်ရောက်သွားရင်ကို တော်ပြီ . . . ။ ဒါဆို နောက်ပိုင်း တိုက်စရာမလိုတော့ဘူး။ သူမ ခန္ဓာကိုယ်က အလိုလို တောင်းလာလိမ့်မယ်။



တစ်ငုံချင်းငုံကာသောက်နေသော သုန္ဒရီကိုကြည့်ပြီး စိတ်တွင်းက ပြုံးမိလိုက်တယ်။ မသောက်လို့လည်း မရဘူးလေ။ ကိုယ့်အပြစ်နဲ့ ကိုယ်ဆိုတော့ မင်းတို့ဖောက်ပြားတာတွေ မပေါ်အောင် ငါ့ကို အကောင်းဆုံး အလိုက်သင့်ဆုံး ဆက်ဆံရမှာပေါ့။ ငါ့စိတ်ထဲမှာ မင်းကို သံသယ နည်းနည်းမှမဝင်အောင် ငါ့အလိုကို လိုက်ရမယ်လေ။

"သောက်စမ်း . . . သုန္ဒရီ . . . ကုန်အောင်သောက်လိုက်စမ်း မင်းကို ဒဏ်ရာမပေါ်ဘဲ ငါသတ်ပြမယ်"



www.burmeseclassic.com

www.burmeseclassic.com

# XXI

လူသေတစ်ယောက်ရဲ့ အေးစက်မှုမျိုးနဲ့ ရွံရှာဖွယ် ခန္ဓာကိုယ်တစ်ခု သူ့ဘေးမှာရှိနေတယ်။ သူ့ရင်ဘတ်ပေါ် လက်တစ်ဖက်လှမ်းတင်လို့၊ အဆီတဝင်းဝင်းပြောင်နေသော မသတီဖွယ်မျက်နှာက သူ့ပခုံးစွန်းပေါ် မေးတင်ထားတယ်။ စိတ်ကုန်လိုက်တာလေ။

မနက်လင်းနေပါပြီ။ အလင်းရောင်အချို့ အခန်းထဲထိ တိုးဖောက်ဝင်ရောက်နေပြီ။ မိုးဝေ ဆက်အိပ်လို့မရတော့ဘူး။ ရင်ဘတ်ပေါ်တင်ထားသော လက်ကိုဖယ်လို့ အိပ်ရာမှ ထတယ်။ အပြင်ကိုကြည့်တော့ ကျေးဖူးရှင်ရေစင်ကြီးကို အရင်ဆုံးမြင်ရရဲ့။ ထိုစဉ်မှာပဲ စက်ဆုပ်ဖွယ်မိန်းမတစ်ဦး လူးလွန့်လှုပ်ရှားလာကာ . . .

"ကို . . . ဘယ်လဲ . . ."

"ထတော့မယ်လေ"

စားပွဲတင်နာရီကို တစ်ချက်လှမ်းကြည့်ပြီး . . .

"အာ . . . အစောကြီးရှိသေးတာကို"

"ဆက်အိပ်လို့ မရတော့ဘူး။ သဘော်ပေါ်နဲ့က မိုးလင်းချိန်မတူတော့ အစောကြီးနိုးနေတာ။ သုန္ဒရီ ဆက်အိပ်ရင် အိပ်လေ။ စောသေးတာပဲ"



မချိပေမဲ့ အောင့်ကာနမ်းပေါ့လေ။ ခေါင်းကိုပုတ်လို့ အိပ်ခန်းတွင်းမှ ထွက်ခဲ့လိုက်တယ်။ ရေချိုးခန်းဝင်ကာ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး ရေပါတစ်ခါတည်း ချိုးတယ်။ ရေချိုးပြီး အိပ်ခန်းတွင်းပြန်ရောက်တော့ မယ်မင်းကြီးမက ပြတင်းတံခါးတွေ ဘာတွေဖွင့်လို့ အိပ်ရာအောင် သိမ်းနေပါပြီ။

"ကျောင်းသွားမှာလား . . . သုန္ဒရီ"

"သွားရမယ် . . . ကို၊ ဒီနေ့ ကျူတိုရီရယ်ရှိတယ်"

"လိုက်ပို့ပေးရမလား"

"ရပါတယ် . . . ကိုရဲ့။ ဖယ်ရီနဲ့ သွားမှာပဲ။ ဒီနေ့ ဘာဟင်းစားချင်လဲ . . . ပြော။ သုန္ဒရီ ကျောင်းကအပြန် တစ်ခါတည်း ဝယ်လာခဲ့မယ်"

"မဝယ်နဲ့တော့လေ။ ညနေမှပဲ အပြင့်ဘာစ်ခုခု ထွက်စားကြတာပေါ့"

"မဟုတ်ဘူးလေ . . . နေ့လယ်စာကို ပြောတာ"

"သုန္ဒရီက ဘယ်အချိန် ပြန်လာမှာမလို့လဲ",

"ကျူတိုရီရယ် ပြီးတာနဲ့ ပြန်လာမှာလေ။ အဲဒါကြောင့် ဘာစားချင်လဲ မေးတာပေါ့"

မင်းမဆိုးဘူးဘဲ . . . သုန္ဒရီ၊ ထုံးစံမပျက်တော့ ဂရုစိုက်တတ်သားပဲ။ ဒါဆို ငါက မင်းထက်ပိုပြီး ဂရုစိုက်ပြရလိမ့်မယ်။

"အဲလိုဆိုရင်တော့ ငါးခူနဲ့ ရဲယိုရွက် ချက်စားရအောင်။ မစားရတာ တစ်နှစ်ကျော်နေပြီ"

ရယ်စရာမပါဘဲ တခစ်ခစ် ရယ်ပါလေရဲ့။

"ခစ်ခစ် . . . ဟုတ်ပြီ၊ ဟုတ်ပြီ။ သုန္ဒရီ မြန်မြန်ဝယ်ပြီး ပြန်လာခဲ့မယ်နော်"

အဝတ်လဲပြီးနောက်မှာ မိုးဝေ အိမ်အောက် ဆင်းခဲ့ပါတယ်။ ထမင်းစားပွဲပေါ်မှာ မနက်စာအတွက် အသင့်ဖြစ်နေပြီ။ သူ့ကို ဖားနေ



www.burmeseclassic.com

www.burmeseclassic.com

ကြတာလေ။ တစ်ခုပဲ။ လိုတာထက် ပိုဖုံးရင် အလိုလို ပေါ်တတ်တယ် ဆိုတာကို သူတို့ မသိကြဘူး။

မီးဖိုချောင်ဝင်လို့ ရေနွေးတစ်အိုး တည်တယ်။ ပြီးတော့ ချစ်စွာသော ဇနီးသောက်ဖို့ ကော်ဖီတစ်ခွက်ကို ကိုယ်တိုင်ဖျော်ပါတယ်။ မေတ္တာဆိုတာ စူးတတ်တယ် . . . သုန္ဒရီရဲ့။ အခု မင်းသောက်မယ့် ကော်ဖီထဲမှာ ငါ့ရဲ့မေတ္တာစူးတွေ ပါနေတယ်။

အဲဒါတွေက မင်းရဲ့ အူလမ်းကြောင်းတစ်လျှောက်နဲ့ အစာအိမ်နံရံကို စူးလိမ့်မယ်။ ချက်ချင်းတော့ သိသာမှာ မဟုတ်ဘူး။

ထမင်းစားပွဲမှာထိုင်လို့ သုန္ဒရီ ထွက်အလာကို စောင့်နေလိုက်တယ်။ ကျောင်းမှာ အငယ်နဲ့တွေ့ရမှာဆိုတော့ အစွမ်းကုန် ပြင်ဆင်လာမှာပေါ့လေ။ ငါကတော့ အိမ်ကမထွက်ခင် မင်းကို ကော်ဖီတစ်ခွက် တိုက်လွှတ်လိုက်မယ်။

"ဟင်း . . . ဟင်း . . . စူးကြ၊ စိုက်ကြလေရော့ . . ."



# XXII

"အား . . . အား . . . ကိုရေ . . . လုပ်ပါဦး . . . သုန္ဒရီ ဗိုက်တွေ တအားနာလာလို့"

"ဟင် . . ."

ခေါ်သံကြောင့် အခန်းထဲပြေးဝင်တော့ ဗိုက်ကိုဖိပြီး ခုတင်ပေါ် လူးလိမ့်နေသော သူမကို မြင်ရတယ်။

"ဟာ . . . သုန္ဒရီ . . . ဘာဖြစ်တာလဲ"

"ဗိုက်တွေ တအားနာနေတာ။ အမယ်လေး . . . ကျွတ် . . . ကျွတ် . . နာလိုက်တာ"

ဒီပုံစံမြင်ကတည်းက ဘာဖြစ်နေတာ သိလိုက်ပြီ။ ကော်ဖီတိုက်တာ ဒီနေ့နဲ့ပါဆို ငါးရက်ရှိပြီလေ။ ဒါပေမဲ့လည်း ထူပူသွားသော ပုံစံကို ဖမ်းပြီး . . .

"ဘယ်နား . . . ဘယ်နားက နာတာလဲသုန္ဒရီ၊ ကိုကို ပြစမ်း"

ဝမ်းဗိုက်ရဲ့ ဘယ်ဘက်ခြမ်းကို ညွှန်ပြတယ်။ အစာအိမ်ပေါ်း ကြိုတင်တွက်ဆထားသလို အစာအိမ် နံရံမှာ ဆံပင်မွေးတွေ အုံနဲ့ ကျင်းနဲ့ စိုက်နေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com

"အစာအိမ်ဘက်ခြမ်းပဲ။ ဘာတွေအစားမှား [illegible] ဘူး။ လာ . . . လာ . . . ဆေးခန်းသွားပြမယ်"

"ဟ . . . မသွားဘူး မသွားဘူး"

အကြောက်အကန် ငြင်းပါတယ်။ ဒါဟာ သူမရဲ့ ပျော့ကွက်ပါပဲ။ ဆေးရုံ၊ ဆေးခန်းကို သေလောက်အောင်ကြောက်တဲ့ ရောဂါကမင်းရဲ့အားနည်းချက်ပဲ သုန္ဒရီ။

ဗိုက်ကိုဖိလို့ ရှုံ့မဲ့နေတဲ့ကြားက . . .

"ရတယ် . . . ရေခဲသေတ္တာထဲမှာ ဆေးရှိတယ်။ သုန္ဒရီကို သွားယူပေး။ ဆေးသောက်လိုက်ရင် သက်သာသွားလိမ့်မယ်"

ခုတင်ပေါ်တက်လို့ သူမ ပခုံးစွန်းကို ကပျာကယာ ပွေ့ချီလိုက်ရတယ်။ အခြေအနေ သိပ်မဟန်တော့ဘူးလေ။

"ရပါ့မလား . . . သုန္ဒရီ . . . "

"ရတယ် . . . သုန္ဒရီကို ဆေးသာသွားယူပေး"

"အေးလေ . . . ဒါဆိုလည်း ပြီးရော၊ ခဏလေးစောင့်"

ခေါင်းအုံးပေါ် ပွေ့ချလို့ အခန်းထဲက ပြေးထွက်ခဲ့လိုက်တယ်။ ပျော်ရွှင်မှုများစွာနဲ့ လှေကားပေါ်က ဆင်းရင်း . . .

"ဒေါ်လေးရေ . . . ဒေါ်လေး"

မီးဖိုခန်းထဲက သူမအဒေါ် ပြေးထွက်လာတော့ . . .

"ဟိုမှာ ဒေါ်လေးတူမ ဗိုက်အောင့်လို့ လူးလိမ့်နေတယ်။ သွားလိုက်စမ်းပါဦး"

"ဟယ် . . . ဘုရား . . . ဘုရား . . . ဘယ်လိုဖြစ်တာလဲ"

မောကြီးပန်းကြီး ပြေးတက်သွားပါတယ်။ သူကတော့ ရေခဲသေတ္တာထဲက အိမ်သုံးဆေးဘူးကို ယူကာ နောက်က လိုက်တက်လိုက်တယ်။

"ဟယ် . . . သမီးလေး . . . ဘုရား . . . ဘုရား . . . ဘယ်လိုဖြစ်တာလဲ . . . သမီးလေးရယ်"



ကြိုရာပါငမိုက်သားက ဦးဆောင်သူ အမိုက်မကို စိုးရိမ်တကြီးပြေးပွေ့ပါတယ်။

"ဒီမှာ . . . ဒီမှာ . . . ဆေး . . ."

သူ့လက်ထဲက ဆေးဘူးကို ဆွဲယူကာ အဖုံးဖွင့်ပြီး ဆေးတစ်ကတ်ကို အလျင်အမြန်ရှာတယ်။ ထို့နောက် ဆေးတစ်လုံးဖောက်တာ သောက်တော့ . . .

"ဘယ်လိုလဲ . . . သုန္ဒရီ၊ သက်သာရဲ့လား"

ဗိုက်ကို ဖိကာ ရှုံ့မဲ့နေလို့ သူ့အမေးကို မဖြေနိုင်ဘူး။

သူကတော့ စိုးရိမ်မကင်းသော မျက်လုံးတွေနဲ့သာ ဇနီးသည်ကို ကြည့်နေရတယ်။ အခြေအနေမထူးခြားရင် ချက်ချင်း ဆေးခန်းသွားရမယ်လေ။ ထင်ထားသလိုပါပဲ။ နာရီဝက်လောက်ကြာအောင် စောင့်ကြည့်ပြီးသည်ထိ ရောဂါအခြေအနေက ထူးခြားမလာဘူး။ ဒီတော့ . .

"မဖြစ်တော့ဘူး . . . ဆေးခန်းသွားမှ ရမယ်။ ဒီအတိုင်း ဆက်နေရင် ဒုက္ခများသွားလိမ့်မယ်"

သဘောတူညီမှုကို စောင့်မနေတော့ဘူး။ မိုးဝေ သွက်လက်ရပါပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## Intro . . . For Ending



# XXIII

"တစ်ခါတည်း သေသွားရောလားဗျ . . .?"

သည်းမခံနိုင်တော့တဲ့အဆုံး ကျွန်တော် မေးလိုက်မိသည်။ ထိုအခါ ဇာတ်လမ်းပြောပြသူ ပုဂ္ဂိုလ်က မချိပြုံးဖြင့် ခေါင်းကို ယမ်းရင်း –

"ဘယ်သေလိမ့်ဦးမလဲဗျာ . . . ဒီနည်းက တစ်ခါတည်း အသေသတ်တဲ့နည်းမှ မဟုတ်ဘဲ။ ဖြည်းဖြည်းချင်း သတ်တဲ့နည်း။ အဲတော့ ဒီစကားကို ပြန်ဆက်ရရင် လူနာကို ဆေးခန်းပို့လိုက်တယ်ပေါ့။ ဟိုရောက်တော့ ရောဂါအမှန်ကို ရှာမရဘူး။ ဓာတ်မှန်ရိုက်ကြည့်တော့လည်း ဘာပြစ်ချက်မှ မပေါ်ဘူး။ အဲဒါနဲ့ သာမန်အခန့်မသင့် ဖြစ်တာလောက်ပဲ သဘောထားပြီး ဆေးထိုး၊ ဆေးသောက်ပဲ လုပ်ပေးလိုက်တယ်။ အခြေအနေဆိုးလာရင်တော့ ဆေးရုံတက်ဖို့ ဆရာဝန်က မှာလိုက်ပါတယ်။ လူနာကိုယ်တိုင်က ဆေးရုံဆေးခန်းကြောက်တာဆိုတော့ ဘယ်တက်လိမ့်မလဲဗျာ။ ဒီလိုပဲ ဆရာဝန်ပေးလိုက်တဲ့ဆေးသောက်ပြီး သက်သာမလားစောင့်ကြည့်တာပေါ့"

"သက်သာလား"



www.burmeseclassic.com

www.burmeseclassic.com

"နှစ်ရက် သုံးရက်တော့ ဆေးရှိန်နဲ့ သ[illegible] တယ်ဗျ။ ဒါပေမဲ့ ဆေးပတ်လွန်တော့ ပြန်အောင့်လာတာပါပဲ။ အဲမှာ သူတို့က တစ်နည်း ထပ်စဉ်းစားတယ်။ ရောဂါလည်း မပေါ်ဘူး။ နာတာလည်း မပျောက်ဘူးဆိုတော့ သူ့ကို တစ်ယောက်ယောက်က အောက်လမ်းနည်းနဲ့ ပြုစားထားသလားပေါ့။ ဖြစ်လည်းဖြစ်နိုင်တယ်လေ။ မဟုတ်တာ လုပ်ထားတဲ့သူဆိုတော့ ချစ်သူထက် မုန်းသူက သေချာပေါက် များနေမှာကိုး။ အဓိကကတော့ ရဲရင့်ဆိုတဲ့ကောင်လေးရဲ့ ဖုန်းထဲက အကြံပေးမှုပေါ့ဗျာ။ ဒါနဲ့ပဲ လူနာက မိုးဝေကို ပယောဂကုတဲ့ ဆရာတစ်ယောက် ပင့်ခိုင်းပါရော။ မိုးဝေကတော့ စိတ်ထဲက ကျိတ်ရယ်နေမှာပေါ့ဗျာ။ ဒါပေမဲ့ လူနာစိတ်ချမ်းသာအောင် နာမည်ကြီး ပယောဂဆရာတစ်ယောက်ပင့်ပြီး ကုပေးပါတယ်"

"ပျောက်လား"

"အံ့ဩဖို့တော့ ကောင်းတယ်ဗျ။ ပယောဂဆရာက ဟိတ်နဲ့ဟန်နဲ့ လူနာကို စမ်းသပ်ပြီး ပြောသွားတယ်။ အတွင်းလူ လုပ်တာပေါ့ဗျာ။ သုံးတောင်ဝတ်ထဲကပေါ့။ အစာကျွေးပြီး အပင်းထည့်လိုက်တယ်ဆိုလားပဲ။ သူ့ပညာကလည်း မသေးဘူးနော်။ ဟပ်ချလောင်းမန်းပြီး လူနာဗိုက်ထဲက ဘလိတ်ဓားတွေ ဘာတွေတောင် ထုတ်ပြသွားတာ။ အကြောင်းမသိရင် ဖျားသွားလောက်တယ်။ အကြောင်းသိတဲ့ မိုးဝေတောင် အဲဒီဆရာကို လက်ဖျားခါသွားတယ်။ ဆရာက ရေမန်းတွေဘာတွေ တိုက်ဆေးပေးပြီး ပြန်သွား။ အမယ် . . . နောက်နေ့ရောက်တော့ လူနာက ထူထူထောင်ထောင် ပြန်ဖြစ်လာတယ်ဗျ။ ဒါပေမဲ့ လေးငါးရက်ပါပဲ။ ဘယ်လိုလုပ်ပြီး သက်သာနိုင်မလဲဗျာ။ ကော်ဖီက တစ်နေ့ နှစ်ခွက်လောက် ပုံမှန်သောက်ဖြစ်နေတဲ့ဥစ္စာ။ ပိုပြီးဆိုးသွားတာက ကော်ဖီထဲမှာပါတဲ့ ဘိန်းတစ်မျိုးကြောင့် လူနာကိုယ်တိုင်က ကော်ဖီကို အချိန်ကျရင် မသောက်ရ မနေနိုင်တော့ဘူး"



"[illegible] . . . အဲလောက်တောင်"

"ဟုတ်တယ် . . . သူ့အလိုလိုကို သွေးက တောင်းလာတာ အဲ့တော့ ပြီးပြီပေါ့။ နောက်ပိုင်းကတော့ တဖြည်းဖြည်း အခြေအနေဆိုးသထက် ဆိုးလာတယ်ပေါ့ဗျာ။ စားမဝင် အိပ်မပျော်တော့ဘူး။ ခန္ဓာကိုယ်က တဖြည်းဖြည်း ပိန်လှီပြီး ချွတ်ခြုံကျလာတယ်"

"နောက်ဆုံး ဘယ်လိုဖြစ်သွားလဲ"

သိချင်စိတ်တို့ ပြင်းထန်လာရကာ အလျင်စလို မေးလိုက်မိသည်။ ထိုအခါမှာတော့ . . . .



www.burmeseclassic.com

# XXIV

"ဒီနယ်မှာ သတင်းကြီးလှသည် ××× မင်းသမီးလေး ရွှေသုန္ဒရီ
အဆိုရော အရော ရှပ်ချောသဘောညီ ×××လူတိုင်း ချစ်နေပြီ။
ဒီနယ်မှာ သတင်းကြီးလှသည် ××× မင်းသမီးလေး ရွှေသုန္ဒရီ
လူတိုင်းနှုတ်ဖျား မနားတမ်း ×××ရေပန်းစားနေပြီ ×××"

ဟား . . . ဟား . . . ရေပန်းစားနေပြီ သုန္ဒရီ။ မင်းအကြောင်းတတော့ လူတိုင်း ပါးစပ်ဖျားမှာကို ရေပန်းစားနေပြီ။ မင်း ဘယ်သူနဲ့ ဖောက်ပြန်နေတာတွေ၊ ကာမပိုင် လင်ယောကျ်ားရှိရက်နဲ့ နောက်ကွယ်မှာ ဖြစ်ချင်တိုင်း ဖြစ်နေတာတွေ၊ မင်းအကောင်ကို မင်း ဘယ်လိုလျော်ခဲ့တာတွေ . . . မင်းယောကျ်ား ငါက ဘယ်လောက် နွားကျနေတာတွေ . . . လူတွေရဲ့ ပါးစပ်ဖျားမှာကို ရေပန်းစားနေပြီ သုန္ဒရီရေ။

အခုကြည့်စမ်း . . . ရောဂါမပေါ်ဘဲ မင်း အိပ်ရာထဲ လဲနေပြီ။ လူတွေ ဘယ်လိုထင်ကြလဲ။ မင်းကို ဘယ်လိုပြောနေကြလဲ သိလား။ မြန်မြန်သေ အေးရောတဲ့။ ဟား . . . ဟား . . . မင်းကို ဘယ်သူမှ မချစ်တော့ဘူး။ မချစ်တဲ့အပြင် အကုန်ရွံနေကြပြီ။ အခု လူတွေ သနားနေကြ



[illegible]ကွ။ ငါ့ကို။ နိုင်ငံရပ်ခြားမှာ ပိုက်ဆံတွေ ကုန်းရုန်းပြီးရှာ။ ပြန်လာတော့ မိန်းမက နေမကောင်းဖြစ်၊ ဘာမှမသိရှာဘဲ မိန်းမအတွက် အပူမီးတွေဝိုင်း၊ ယူကျုံးမရတွေဖြစ်၊ လူနာကို ပြုစုရတာလည်း ဖတ်ဖတ်ကိုမော၊ ဟိုဆေးခန်းပြေးရ၊ ဒီဆေးခန်းပြေးရ၊ ဟိုဆရာပင့်ရနဲ့ . . . အဟင်း . . . ပင်တော့ပင်ပန်းတာပေါ့ . . သုန္ဒရီရယ်။ ဒါပေမဲ့ ငါပျော်တယ်ဟေ့ . . ဘာတဲ့ . . .

"တျာနီမြန်း ချစ်နှုတ်ခမ်းပလီ ×××
သမင်မျက်လုံး ရှုမက် မဆုံးပြီ ×××
အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္ဘူ ထူးမြတ်တဲ့ ဆုတွေအညီ×××
ဘယ်ရေးဆုတောင်း ဘယ်အကြောင်းငယ်ဖန်သည်"

မင်းကိုမင်း ကြည့်စမ်းပါဦး . . . သုန္ဒရီ။ ဘယ်ရုပ် ပေါက်နေပြီလဲလို့။ နှုတ်ခမ်းတွေက မသာနှုတ်ခမ်းလို ဖြူဖွေးနေပြီ။ မျက်ကွင်းတွေညိုလို့။ ချိုင့်လို့၊ ပါးချောင်နားချောင်တွေကျလို့။ လူရုပ်တောင် ကောင်းကောင်း မပေါ်တော့ဘူး။ ဒါနဲ့များတောင် မင်းက နေပြန်ကောင်းရင်ကျောင်းသွားချင်သေးတယ် . . . ဟုတ်လား။

အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္ဘူ တော်လေးဝ ဝင်တွေတဲ့။ လေးသချိုနဲ့ကမ္ဘာတစ်သိန်းရှာတာတောင် ဒီလေးယောက်ပဲ တွေ့ခဲ့တယ်တဲ့။ ငါကတော့ ယုံသွားပြီ . . . သုန္ဒရီရေ။ ငါတော့ တော်တော်ယုံသွားပြီ။ ငါလည်း မထင်ရလောက်အောင် ရှုးနှမ်းခဲ့တဲ့ကောင်ပဲ။ မင်းလိုမိန်းမမျိုးကိုမှ သွားပြီး အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္ဘူနဲ့ နှိုင်းမိလိုက်သေးတယ်။ ကိုယ့်ကိုယ်ကိုယ် ခံပြင်းလို့ မဆုံးဘူး။

တော်လေးဝမဝင်ရင်တောင် ကောင်းသော မိန်းမတစ်ယောက်၊ ကောင်းသော ဇနီးသည်တစ်ယောက်ဖြစ်ရင် တော်သေးတာပေါ့ကွာ။

www.burmeseclassic.com

တန်ဖိုးရှိသေးတာပေါ့ကွာ။ အခုတော့ . . . လာပြီ၊ လာပြီ . . . [illegible] ဆုံးအပိုဒ် လာပြီ။

"ညကမ္ဘာလေးမှာ ပျော်စရာရွှင်စရာ ×××
အထူးသရုပ်ဆောင်သည် ××× လက်ခုပ်ဩဘာ ဆူညံသံတွေ
နဘံမိုးသို့ညံ့စီ ××× ကသာကပါ ရွှေသုန္ဒရီရေ ×××
မောင်လည်းကြည့်နေသည် ×××
သူ့အလှတောမှာ စုန်ချည်ဆန်ချည် ရင်မောလှပါသည် ×××
ဒီဘဝမှာ မနီးရရင်ဖြင့် ကြီးဒုက္ခ မီးဖိစီးလိမ့်မည် ×××"

ညရောက်နေပြီ . . . သုန္ဒရီရဲ့၊ လုပ်စမ်းပါဦး။ အရင်တုန်းကလို ငါ့ကို တီတီတာတာစကားတွေ ပြောပြီး အယုံသွင်းစမ်းပါဦး။ ဟိုကောင်နဲ့ ပျော်လို့ကောင်းအောင်၊ ဟိုကောင်နဲ့ ဖြစ်ချင်တိုင်း ဖြစ်လို့ကောင်းအောင် ငါ့ကို သကာရည်လောင်းစမ်းပါဦး။

ဟင်း . . . ဟင်း . . . မင်း အခုတော့ ခုတင်ပေါ်မှာ ခွေခွေလေး လဲနေတယ်။ အသက်တောင် အနိုင်နိုင် ရှူနေရတယ်။ လှော့တွက်တာကိုးကွ။ ငါ့ကို လှော့တွက်ခဲ့တာကိုး။ မဟုတ်ဘူး။ အဓိကက ငါ့အချစ်ကို လှော့တွက်ခဲ့တာ။ အချစ်ကြီးရင် အမျက်ကြီးတယ်ဆိုတဲ့စကားက အလကားပေါ်လာတာ မဟုတ်ဘူးကွ။ နားလည်လား။

ကစမ်း . . . မင်းကြိုက်သလောက်က . . . လိုက်စမ်း။ မင်းအကောင်နဲ့ ကြိုက်သလောက် ပလူးလိုက်စမ်း၊ ဟင်း . . . ဟင်း . . . အခု မင်း မကနိုင်တော့ဘူးမလား။ မပလူးနိုင်တော့ဘူးမလား။ ငါကတော့ လက်ခုပ်တီးပေးနေတယ် . . . သုန္ဒရီရေ။ မင်းပုံစံကို ကြည့်ပြီး လက်ခမောင်းခတ်ပြီးတော့ကို အားပေးနေတယ်။ မင်းပုံစံက အခုမှ တော်တော်ကြီးကို ကြည့်လို့ကောင်းသွားတာ။ ဒီလိုပုံနဲ့ပဲ မင်းက ထိုက်တန်တာလေ။ ဖြစ်နိုင်ရင် ဗီဒီယိုတောင် ရိုက်ထားလိုက်ချင်သေးတယ်။ ဒါမှ



[illegible] မတည်မြဲခြင်းသဘောကို ငါ နားလည်ရမှာ၊ သံဝေဂယူနိုင်မှာ။

ဩော် . . . လူ့ဘဝဆိုတာ ဒီလိုပါလား . . . သုန္ဒရီရယ်၊ ဒီလိုပါလားကွယ် . . . သေချာတာကတော့ မင်းရဲ့ ချစ်ပါတယ်ဆိုသော မောင်တော်ဘုရားနဲ့ ဘယ်လိုမှ ဆုံဆည်းနိုင်မှာ မဟုတ်တော့ဘူး။ ဟားဟား . . ."

"ခြေလက်ခေါင်းခါး ××× စည်းဝါးနရီ ပိုင်နိုင်သည် ×××
မိုးမလင်းမီ ရွှေသုန္ဒရီရေ ××× ကကြိုးပျောက်မှာ စိုးမိသည်
ပရိသတ် လက်ခုပ်သံကြား ယစ်မူးလွန်မှားမှုဖြင့် ×××
ထိန်းမနိုင်၊ သိမ်းမနိုင် ယိမ်းယိုင်မလားကွယ် ×××
မောင်တွေးမချိပါပြီ ××× အသည်းတယားယား ×××
ရင်တလှပ်လှပ်နဲ့ ××× မနောမာတ်ဘဝင်မှာ ကတုန်ကရီ ×××
ရွှေပဒုမ္မာ ကြာအချပ်ကို လေအဟုန်လာဟပ်သလိုဖြစ်ပြီ"

ပိုင်နိုင်ခဲ့တယ်လေ။ အစကတော့ လေးစားလောက်အောင်ကို ပိုင်နိုင်ခဲ့တာ။ လူတိုင်းမှာ မရှိနိုင်တဲ့ ရိုးသားမှု၊ မိန်းကလေးတစ်ယောက်ရဲ့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမှု၊ ထိန်းသိမ်းမှု၊ သိက္ခာရှိမှု၊ အဲဒါတွေအားလုံး မင်းမှာရှိခဲ့တာ။ ဒါပေမဲ့ ငါနဲ့ရပြီး နောက်ပိုင်း မင်းက အရင်သုန္ဒရီ မဟုတ်တော့ဘူး။ မဆင်းရဲတော့ဘူး။ တန်ဖိုးကြီးသော အသုံးအဆောင်ပစ္စည်းတွေ ဝတ်စားသုံးဆောင်နိုင်လာပြီ။

ဒီအခါမှာ မင်းကို လူတွေ ဂရုစိုက်လာပြီ၊ စောင့်ကြည့်လာပြီ၊ ပြီးတော့ ချဉ်းကပ်လာကြပြီ။ အထူးသဖြင့် တန်ဖိုးမဲ့တဲ့ ရဲရင့်လိုယောကျ်ားပျက်တွေ မင်းနားကို ရောက်လာပြီ။ ဟား . . . ဟား . . . အစကတော့ ပြည့်တန်ဆာတို့၊ မိန်းမပျက်တို့ ဆိုတာလောက်ပဲ ကြားဖူးတာကွ။ အခုမှ



www.burmeseclassic.com

www.burmeseclassic.com

ဒီကောင့်ကို ကြည့်ပြီး လောကမှာ ယောကျ်ားပျက်ဆို[illegible] မှန်း နားလည်သွားတယ်။ အဲဒါတွေမှာ မင်း သာယာသွားတာ။ မသုံးဖူးတာတွေ သုံး၊ မဝတ်ဖူးတာတွေ ဝတ်၊ အရင်က လှည့်တောင်မကြည့်ခဲ့တဲ့ လူတွေက မင်းကို ဂရုတစိုက် အလေးထားပြီး ကြည့်လာရတာတွေ၊ ရဲရင့်လို ယောကျ်ားပျက်တွေရဲ့ ပြုံဆွဲဆွဲစကားတွေမှာ မိန်းမူးသွားတာ၊ ပျော်ဝင်သွားတာ။

စိတ်တော့ မကောင်းဘူး . . . သုန္ဒရီ၊ နောင်တမရခင် မင်းဘဝ ဆုံးခန်းတိုင်တော့မယ်။ အခု မင်းရဲ့ အစာအိမ်နဲ့ အူလမ်းကြောင်းတစ်လျှောက်မှာ ငါ့ဆံပင်တွေ စိုက်နေပြီ။ အဲဒါတွေရဲ့ နှိပ်စက်မှုဒဏ်ကို မင်း အလူးအလဲ ခံနေရပြီ။

ဒီဒဏ်ရာနဲ့ မင်းဘဝ မဆုံးဘူးလား . . . ရတယ်။ ငါ အခု တော်ဖီဖျော်ထားတယ် . . . သုန္ဒရီ။ အကယ်၍များ မင်းနိုးလာရင် ငါ့ကို သေချာပေါက် ကော်ဖီတောင်းမှာ။ မသောက်လို့ မရတော့ဘူးလေ။ မင်း ငါ့ကော်ဖီကို ဘိန်းစွဲသလို စွဲသွားပြီ။

ငါ့ဆံပင်တွေ မင်းအစာအိမ်နံ့ရံမှာ များသထက် များလာတာနဲ့အမျှ အဲဒါတွေက ကောင်းကောင်း ဒုက္ခထပ်ပေးဦးမှာ သုန္ဒရီရေ။ နာတဲ့ ဝေဒနာကနေ ကင်ဆာအဖြစ်ပြောင်းသွားလိမ့်မယ်။ အဲဒီအခါမှာ မင်း ဒီထက် ပိုခံစားရလိမ့်မယ်။

ပြီးတော့ . . .

ငါပို့ပေးချင်တဲ့ နေရာကို မင်းအမြန်ဆုံး ရောက်သွားလိမ့်မယ်။



အခုတော့ . . .
ကမ္ဘာမြေကြီးကို ဖန်တီးတဲ့ စွမ်းအားရှင်ကိုရော . . .
ဖိုမတို့ရဲ့ မိဘနှစ်ပါးကိုရော
ပြောလို့ရရင် စကားတစ်ခွန်းကို
သုံးခါသုံးချင်တယ်။

ရှိစေတော့လေ၊ . . .
ရှိစေတော့လေ . . .
ရှိစေတော့လေ . . .

ငါ့ဘဝနဲ့ငါပဲ ရှိပါစေတော့၊

သူမကိုတော့ . . .
နတ်ဘုံနတ်နန်းနဲ့
စံမြန်းခွင့်ပေးတော်မူပါ . . .



www.burmeseclassic.com

www.burmeseclassic.com

# Ending



# XXV

"ရက်စက်လိုက်တာဗျာ . . ."

စကားဆုံးဆုံးချင်း ကျွန်တော့်နှုတ်က ထွက်လာမိသော ရေရွတ်မှုတစ်ခုပါ။

"သူ့နေရာကလည်း ဝင်ကြည့်ဦးလေဗျာ။ မှိုးအောက်ဆုံးက လူတစ်ယောက်ကို အမြင့်ဆုံးထိ ရောက်အောင်မြှင့်တင်ပေးခဲ့တယ်။ အကောင်းဆုံးအရာ၊ အကောင်းဆုံးခံစားမှုတွေကို ခံစားစေခဲ့တယ်။ ဒါတွေ ပြည့်စုံမှ သူ့ကိုပစ်ပြီး နောက်တစ်ယောက်နဲ့ ဖောက်ပြန်တယ်ဆိုတာကြီးက . . . နောက်ပြီး သူ အရမ်းချစ်ရတဲ့၊ သူ့ကိုချစ်ပါတယ်ဆိုတဲ့ မိန်းမက သူတို့ရဲ့ မင်္ဂလာဦးအိပ်ခန်းထဲ နောက်ယောက်ျားတစ်ယောက်ခေါ်ပြီး ဖြစ်ချင်တိုင်းဖြစ်နေတာကို သူကိုယ်တိုင် မျက်ဝါးထင်ထင် မြင်နေရတာဗျ။ ခင်ဗျားပဲ စဉ်းစားကြည့်လေ"

ဒီလိုဆိုတော့လည်း ဟုတ်နေပြန်သည့်အတွက် ကျွန်တော် ငြိမ်သွားရပါသည်။ ဒါပေမဲ့ . . .

"သုန္ဒရီ . . . သေသွားလား"



www.burmeseclassic.com

“ဒါကိုတော့ ကျုပ်မပြောဘူး”

ထင်မှတ်မထားသော အဖြေကြောင့် ကျွန်တော် မော့ကြည့်လိုက်တော့ ပုဂ္ဂိုလ်က အေးအေးသက်သာပင် ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်နေသည်။

“မိုးဝေရော ထောင်ကျသွားလား”

“အဲဒီမေးခွန်းဆို ပိုလို့တောင် မပြောဘူး”

ထိုလူ့မျက်နှာအား ကျွန်တော် စေ့စေ့ကြည့်မိလိုက်၏။ ဘာသဘောပါလဲ။ ဇာတ်လမ်းတစ်ခုလုံး ပြောပြလာပြီးကာမှ . . .

“အမှန်တော့ သုန္ဒရီသာ ရှေ့မှာ စကားကြီး စကားကျယ်တွေ မပြောခဲ့ဘူး။ ကိုယ့်ကိုယ်ကိုယ် ထင်တစ်လုံး မလုပ်ခဲ့ဘူးဆို မိုးဝေ ဒီလောက်ထိ ရက်ရက်စက်စက် လုပ်ဖြစ်မှာမဟုတ်ဘူး။ ဒါပေမဲ့ သုန္ဒရီက ရှေ့ပိုင်းမှာ အရမ်းကြည်ညိုဖို့ ကောင်းခဲ့တယ်လေ။ နောက်မှ ဘယ်လိုဖြစ်သွားတယ် မသိဘူး။ မိုးဝေကို တကယ်မချစ်လို့လား။ မချစ်ရင်လည်း အစကတည်းက မယူခဲ့သင့်ဘူး။ ကိုယ့်စိတ်ကိုယ် မထိန်းနိုင်ဘူးဆိုလည်း မိုးဝေကို တရားဝင်ကွာပစ်လိုက်။ အခုဟာကဗျာ . . .”

ကျွန်တော် တိတ်သွားမိသည်။

“မိုးဝေကို ရက်စက်တယ်လို့ပြောရင် ဟိုမိန်းမကရော ရက်စက်တာ မဟုတ်တော့ဘူးလားဗျ။ ပင်လယ်ရပ်ခြားမှာ မိသားစုအတွက် စီးပွားထွက်ရှာနေတာဗျ။ ရှင်းရှင်းပြောရရင် သူ့အတွက် ရှာနေတာ။ ရက်စက်တယ်ဆိုရင် မိုးဝေအတွက်ကရော ဘာလဲ။ မိုးဝေအတွက် အမှန်တရားကရော ဘယ်မှာလဲ . . .”

တိတ်နေရပြန်ပါသည်။ မတိတ်လို့လည်း မရ။ ပြောပြသူ ပုဂ္ဂိုလ်က တဖြည်းဖြည်းနဲ့ ဒေါသသံ ပါလာနေပြီမဟုတ်ပါလား။

“ကဲ . . . စာရေးဆရာ၊ ခင်ဗျားကို ကျုပ်မေးမယ်ဗျာ . . . အဲဒီနှစ်ယောက်မှာ တကယ်ရက်စက်တာ ဘယ်သူလဲ”



www.burmeseclassic.com
လေပြီ။

ဘယ်လို ဖြေရမည်နည်း။

အခိက ကတော့ သေချာစဉ်းစားဖို့ပါပင်။

ကိုယ်ချင်းစာစိတ်ကို ရင်ဝယ်ထား၍ နှစ်ဖက်စလုံးမှ ဝင်ကာ စဉ်းစားကြည့်ရမည်။

လူဆိုတာ အသိဉာဏ်ရှိရမည်။ ကိုယ်ချင်းစာတတ်ရမည်။

ထို့ကြောင့် ဒီမေးခွန်းအတွက်ကိုတော့ ကျွန်တော် အချိန်ယူရပါလိမ့်ဦးမည်။

ကဲ . . . ကျွန်တော့်ရဲ့ ချစ်စွာသော ညီအစ်ကိုမောင်နှမများ၊ သူငယ်ချင်းများ အားလုံးကရော ဒီကိစ္စကို ဘယ်လိုမြင်ပါသနည်း။

မိုးဝေနှင့် သုန္ဒရီ ဘယ်သူက ရက်စက်သည် ထင်ပါသနည်း။

မိုးဝေဘက်ကလည်း ဝင်ရောက်စဉ်းစားပေးကြပါ။

သုန္ဒရီ့ဘက်ကလည်း ဝင်ရောက်စဉ်းစားပေးကြပါ။

(သို့)

သူတို့နှစ်ဦးကြားမှာ အမှန်တရားတစ်ခု ရှိဦးမည်ဆိုလျှင်လည်း . . .

သိုးဆောင်း

ကျမ်းကိုး –

ရွှေသုန္ဒရီ (ဂီတစာဆိုစိန်မောင်မြင့်)



www.burmeseclassic.com

www.burmeseclassic.com

# Noodle

**Written by Thoe Saung**



ဇာတ်ညွှန်းရေးဆရာမ Rachel Mathews ထံတွင် သင်တန်းတက်ခဲ့စဉ်က ရေးသားခဲ့သည့် ဇာတ်ညွှန်းလေးတစ်ပုဒ်ဖြစ်ပါသည်။ ယခုပြန်ဖတ်ကြည့်သော် အမှားအယွင်းပေါင်း မြောက်မြားစွာ တွေ့ရသည့်အတွက် ထိုစဉ်အချိန်က ရေးသားနိုင်ခဲ့သော ကိုယ့်အရည်အချင်းကိုယ်လွန်စွာ ရှက်ရွံ့ရပါသည်။ (၁၅) မိနစ်စာ ဇာတ်ညွှန်းဖြစ်သည့်အတွက်ဇာတ်ညွှန်းရှည်တစ်ပုဒ်လောက်တော့ ဖတ်၍ အရသာရှိကောင်းမှ ရှိပါလိမ့်မည်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ ချစ်စွာသော ပရိသတ်များအတွက် အမှတ်တရအနေနဲ့ ထည့်ပေးလိုက်ပါသည်။

ကျွန်တော်ရေးသားခဲ့သည့် ပထမဆုံး ဇာတ်ညွှန်းလေးတစ်ပုဒ်အနေနဲ့ပေါ့ . . . နော်။

တစ်ချိန်မှာတော့ Short film တစ်ကားအဖြစ် ရိုက်ကူးဖို့ ကျွန်တော် ရည်ရွယ်ထားပါသည်။

တစ်လုံးတစ်ပါဒမျှ ဖြည့်စွက်ပြင်ဆင်ထားခြင်း မရှိပါ။

ထို့အတွက် . . .

ချစ်ခြင်းအားဖြင့် သည်းခံခွင့်လွှတ်ပေးကြပါဟု မေတ္တာရပ်ခံရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

# "Noodle"

Scene . 1

အပြင်/အနည်းငယ်မြင့်သော တောင်ကုန်းတစ်ခု /နေ့

မောင်ရိုး မိန်းမကြီးတစ်ဦးကို တင်၍ တောင်ကုန်းပေါ်သို့ စက်ဘီးနင်းတက်လာ၊ ခန္ဓာကိုယ်တွင် ချွေးဒီးဒီးကျ၊ မောင်ရိုးလည်ပင်းမှ ဆွဲကြိုးလေးကို သေချာပြထား၊ မိန်းမကြီးကတော့ နောက်တွင် ယပ်တောင်ခတ်ကာပါလာ၊ တောင်ကုန်းပေါ်ရှိ အိမ်ကိုရောက်၊ မောင်ရိုး ပစ္စည်းများချပေး၊ မိန်းမကြီးက ပိုက်ဆံအိတ်ကိုဖွင့်၊ ပိုက်ဆံအသစ်များကြားမှ အနွမ်းဆုံး ငါးရာတန်တစ်ရွက်ထုတ်ပေး။ မောင်ရိုး ရိုသေစွာယူ၊ သူ့အိတ်အတွင်းမှ ပိုက်ဆံထုတ်၊ နှစ်ရာတန် နှစ်ရွက်နှင့် ငါးရာတန်တစ်ရွက်ရို၊ ထိုအထဲမှ အနည်းငယ်နွမ်းနေသော နှစ်ရာတန် တစ်ရွက်ပြန်အမ်း၊ မိန်းမကြီးက မယူ၊ လက်ကာပြပြီး မောင်ရိုးလက်တွင်းမှ ကျန်ရစ်သော နှစ်ရာတန်အသစ်ကို လှမ်းဆွဲ၊ မောင်ရိုးကြောင်သွား၊ တစ်ခုခုပြောမည်ပြုစဉ် တံခါးပိတ်သွား။ မောင်ရိုး တံခါးခေါက်ရန် ပြင်၊ ခွေးဟောင်၊ လန့်၍ စက်ဘီးနင်းထွက်ပြေး၊ အဆင်းလမ်းတွင် ဟောင်၍ကျန်ခဲ့သော ခွေးကို လှည့်ကြည့်၍ တစ်ခွန်းပြော . . .

**မောင်ရိုး**

မင်းသခင်ကတော့ ငါ့ကို ဒေါသထွက်နေရောမယ်။ ဘာလို့ . . . ပိုက်ဆံအစုတ်မှ ရွေးယူသွားတယ် မသိဘူး။



Scene . 1 (A)

အတွင်း/ တောင်ကုန်းပေါ်မှ ပျဉ်ထောင်အိမ်တစ်လုံး/ နေ့

တံခါးပိတ်ပြီး မိန်းမကြီး လှည့်ထွက်လာ၊ မျက်နှာကိုမဲ့၍ တစ်ခွန်းပြော။

**မိန်းမကြီး**

ပိုက်ဆံအကောင်း ရှိရဲ့သားနဲ့ အစုတ်လာပေးနေတယ် ဟွန်း . . . နင်တို့လည်တာလောက်ကတော့ သနားတာပေါ့။

Scene . 2

အတွင်း/ မောင်ရိုး၏အိမ်/ နေ့

မောင်ရိုး၏ မိခင်ကြီး အိမ်ရှေ့တွင် ထိုင်နေ၊ နောက်ဖေးတွင် မောင်ရိုး ချက်ပြုတ်၊ အလုပ်ပြီးစဉ် အိမ်ရှေ့ထွက်လာပြီး အမေ့ကိုကန်တော့၊ အမေ့ခြေထောက်မှ ကိုယ်ပူငွေ့ကို ခံစားမိ၊ အမေမှာ အနည်းငယ် မျက်စိမှုန်နေသည်ကြောင့် မောင်ရိုးခေါင်းကို လက်ဖြင့်စမ်း၍ ဆုပေး။

**မောင်ရိုး**

အမေ . . . နေ့လယ်စာအတွက် သား အားလုံး ချက်ပြုတ်ပြင်ဆင် ပြီးသွားပြီ။ စားပွဲပေါ်မှာ အဆင်သင့်ရှိတယ်။ ဆာရင် ခူးစားလိုက်နော်။ ဆေးသောက်ဖို့လည်း မမေ့နဲ့ဦး။ ကိုယ်ပူနည်းနည်း ကျန်သေးတယ်။

www.burmeseclassic.com

အမေ

အေးပါကွယ် . . .
ငါ့သားလေးလည်း ပိုက်ဆံရှာရ အမေအိုကြီးကို ပြုစု
ရနဲ့ ပင်ပန်းလှပါတယ်။

မောင်ရိုး

မဟုတ်တာ အမေရယ် . . .
အမေ့ကို ပြုစုခွင့်ရတာကိုပဲ သားမှာ ကံထူးလှပါပြီ။

မောင်ရိုး အိမ်ပြင်ကို တစ်ချက်လှမ်းကြည့် . . .

မောင်ရိုး

နေတောင် တော်တော်မြင့်နေပြီ။ သား အလုပ်သွား
တော့မယ်။ နေကောင်းမပျောက်သေးဘူးဆိုတော့
အမေအားရှိအောင် သား မြို့က ကြက်သားစွပ်ပြုတ်
လေး ဝယ်လာခဲ့မယ်။

အမေ

မဝယ်ပါနဲ့ သားရယ်၊ အမေ မသောက်ချင်ပါဘူး။

မောင်ရိုး

ဒါဆို ခေါက်ဆွဲကြော်ဆိုရင်ရော . . .
အမေက ခေါက်ဆွဲကြော် ကြိုက်တယ်လေ

အမေမှာ ဘာမှမပြောဘဲ ငြိမ်နေ . . .



မောင်ရိုး . . .

အဲဒါဆို အားလည်းရှိအောင် ခေါက်ဆွဲကြော်ကို
ကြက်သားများများလေးနဲ့ ဝယ်လာခဲ့မယ်။ အမေ
သားကို စောင့်နေနော်။

မောင်ရိုး အိမ်ပေါ်ကဆင်း၊ စက်ဘီးထုတ်၊ အိတ်တွင်းကို နှိုက်ကြည့်
ငါးရာတန်တစ်ရွက်ထွက်လာ၊ ပြုံး၍ ခေါင်းညိတ်၊ အိမ်ရှေ့လမ်းပေါ်သို့
စက်ဘီးနင်းထွက်ခဲ့။

Scene . 3

အပြင်/ မောင်ရိုးအိမ်မှ အထွက်လမ်း/ နေ့

မောင်ရိုး အိမ်မှထွက်လာ၊ လမ်းတွင် ကျောင်းသွားမည့် အိမ်နီးချင်းကလေး
များကိုတွေ့၊ စက်ဘီးနှင့်တင်ခေါ်၊ ကျောင်းလိုက်ပို့ပေး၊ ထို့နောက် ကယ်ရ်
ဆွဲရန် မြို့သို့တက်၊ မြို့အဝင်မှာ တရုတ်ကြီးခေါက် ဆွဲဆိုင်ကိုတွေ့
စက်ဘီးရပ်ကြည့်၊ ဝင်ရကောင်းနိုး မဝင်ရကောင်းနိုး စဉ်းစား၊ စက်ဘီး
နင်းထွက်၊ နှစ်ဘီး သုံးဘီးလိမ့်ပြီးမှ စိတ်ပြောင်းသွား၊ စက်ဘီးပြန်လှည့်
ဆိုင်ရှေ့တွင်ရပ်၊ ဆိုင်ထဲဝင်။

Scene . 4

အတွင်း/ တရုတ်ကြီးခေါက်ဆွဲဆိုင်/ နေ့

ဆိုင်တွင်းဝင်လာသော မောင်ရိုးကို ကြည့်ပြီး ကောင်တာထိုင်နေသော
တရုတ်ကြီးက မေးဆတ်ပြ။ (ဘာယူမလဲ) ဟူသည့်သဘော၊ မောင်ရိုး



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်နံရံကို လှမ်းကြည့် (ခေါက်ဆွဲကြော် – ၁၅၀၀)ဟု ရေးထား။ မောင်ရိုး ခပ်ယိုယိုဖြင့် တရုတ်ကြီးရှေ့သွားကာ . . .

မောင်ရိုး

ခေါက်ဆွဲကြော်တစ်ပွဲလောက် ဝယ်ချင်လို့ပါ။ ဒါပေမဲ့ . . .

စကားမဆုံးခင် တရုတ်ကြီးက နောက်ဖေးလှမ်းအော် . . .

တရုတ်ကြီး

ခေါက်ဆွဲကြော်တစ်ပွဲဟေ့ . . . မြန်မြန်လေး။

မောင်ရိုး

ဟာ . . . မဟုတ်ဘူး။ မဟုတ်ဘူး . . . တရုတ်ကြီး။ ကျွန်တော်က ညနေမှဝယ်မှာ။

တရုတ်ကြီးက မောင်ရိုးကို မျက်လုံးပြူးဖြင့် ကြည့်၊ ပြီး ဒေါသထွက်သလို အမူအရာဖြင့် . . .

တရုတ်ကြီး

ညနေမှ ဝယ်မှာ ဘာလို့ အခု လာပြောနေတာလဲကွ။ ငါ့ကို လာနောက်နေတာလား။

ဘာပြောရမှန်းမသိသော မျက်နှာဖြင့် . . .

မောင်ရိုး

မဟုတ်ပါဘူး . . . ဟိုဟာ . . . ဟိုဟာ . . .



တရုတ်ကြီး

ကျွတ် . . . သွားစမ်းကွာ၊ သက်သက်လာနှောင့်ယှက်နေတယ်။ သွားတော့ . . . ။

မောင်ရိုး ဘာမှဖြေရှင်းခွင့်မရဘဲ ဆိုင်မှ ထွက်လာခဲ့ရသည်။ ဆိုင်အတွင်းမှ စားသောက်နေသူများ ဝိုင်းကြည့်သည်ကြောင့် မောင်ရိုး ရှက်မိ၊ စက်ဘီးနင်းကာ ကယ်ရီဂိတ်သို့ထွက် . . .

Scene . 5

အပြင် / လမ်းတစ်နေရာ/ နေ့

လမ်းတွင် စီးနေကျ ပန်းသည်မိန်းမကြီးတစ်ဦးနဲ့တွေ့ . . .

ပန်းသည်

ဟဲ့ . . . မောင်ရိုး . . . မောင်ရိုး . . .

စက်ဘီးကို မိန်းမကြီးရှေ့တွင် ရပ်လိုက်။

ပန်းသည်

ငါ့ကို ကားဂိတ်မြန်မြန်လိုက်ပို့ပေးစမ်းပါဟယ် . .

ကားမမီမှာစိုးသော အရိပ်ယောင်တွေ မိန်းမကြီးမျက်နှာမှာ ပေါ်နေ မိန်းမကြီးကို စက်ဘီးပေါ်တင်ပြီး မောင်ရိုးမြန်မြန်နင်းထွက်။ ကားဂိတ်ရောက်၊ ကားမှာ ထွက်ခါနီး စက်နှိုးနေပြီ။ မိန်းမကြီး စက်ဘီးပေါ်မှ

အမြန်ဆင်းကာ ကားပေါ်ပြေးတက်သွား၊ မောင်ရိုး ကြောင်တောင်တောင်ဖြင့် ကျန်ခဲ့၊ ကားပေါ်ရောက်မှ သတိရပြီး မိန်းမကြီးလှမ်းအော်။

ပန်းသည်

မောင်ရိုးရေ . . . ငါ ကားခပဲကျန်တော့လို့ ကယ်ရီခကို နောက်နေ့မှ ယူနော်။

မတတ်နိုင်တော့၊ ကားမှာ မောင်းထွက်ပြီ။ မောင်ရိုး ခေါင်းညိတ်၍သာ ကျန်ခဲ့သည်။

Scene . 6

အပြင်/ ကယ်ရီဂိတ်နှင့်လမ်းများ/ နေ့

မောင်ရိုး လူစောင့်ပုံ၊ ကယ်ရီဆွဲပုံများကို ပြ။

Scene . 7

အပြင်/စက်ဘီးကယ်ရီဂိတ်/နေ့

ဂိတ်ပြန်ရောက်စဉ် သူ့ကိုစောင့်နေသော လူတစ်ဦးကို တွေ့ရ၊ စီးနေကျ ခရီးသည်တစ်ဦး။ ဂိတ်တွင် အခြားကယ်ရီသမားများလည်း ရှိနေ။ သူတို့ကိုမစီးဘဲ မောင်ရိုးကို စောင့်နေသည်ကြောင့် မနှစ်မြို့သောဟန်များ တခြားကယ်ရီသမားများမျက်နှာတွင် တွေ့ရ၊ မောင်ရိုး သွက်သွက်ပင် လိုက်ပို့ပေးလိုက်။ ခရီးဆုံးတော့ ပိုက်ဆံပေး၊ မောင်ရိုး တရိုတသေ ယူ၊ လည်ပင်းမှ ကြိုးလေးကို ငုံ့နမ်း၊ စက်ဘီးနင်းထွက်။



Scene . 8

အပြင်/ လမ်းများ/ နေ့

မောင်ရိုး စက်ဘီးပတ်နင်း၍ ခရီးသည် ရှာနေပုံများကိုပြ၊ လူမရ။

Scene . 9

အပြင်/လမ်းတစ်နေရာ/နေ့

စက်ဘီးရပ်စဉ် စက်ဘီးကယ်ရီကြား၌ အထုပ်တစ်ထုပ် ကျန်နေသည်ကို တွေ့၊ လိုက်ပေး။

Scene . 10

အတွင်း-အပြင်/ ခရီးသည်၏ အိမ်ငယ်/ နေ့

မောင်ရိုး အိမ်ရှေ့တွင် စက်ဘီးရပ်ပြီး အော်ခေါ် . . .

မောင်ရိုး

အိမ်ရှင်တို့ . . . အိမ်ရှင်တို့ . . .

အိမ်တွင်းမှ လူတစ်ဦးထွက်လာ (ခုန မောင်ရိုး စက်ဘီးကို ငှားစီးခဲ့သော ခရီးသည်)

မောင်ရိုး

ဒီအထုပ်လေး ကျန်ခဲ့လားလို့ . . .



www.burmeseclassic.com

မောင်ရိုးပြသော အထုပ်လေးကိုကြည့်ပြီး ခရီးသည် www.burmeseclassic.com

ခရီးသည်

ဟာ . . . တော်သေးတာပေါ့ဗျာ။ ကျွန်တော်က ပြန်မရတော့ဘူး အောက်မေ့နေတာ။

မောင်ရိုး

ရပါတယ်ဗျာ . . . ဘာပစ္စည်းကျန်ကျန် ကျွန်တော် ပြန်လိုက်ပေးပါတယ်၊

ခရီးသည်

ဟာ . . . အဲလိုပြောတာ မဟုတ်ပါဘူး။ အစ်ကို့ကို မယုံလို့ပြောတာ မဟုတ်ဘူး။ အထုပ်ကသေးသေးဆိုတော့ လမ်းမှာ ပြုတ်ကျကျန်ခဲ့မှာကို ပြောတာပါ။

ထို့နောက် ခရီးသည်မှာ ဝမ်းသာအားရ အိမ်တွင်းလှမ်းအော်။

ခရီးသည်

အမေရေ . . . အမေ့ရဲ့ အံကပ်လေး ပြန်ရပြီဗျ။ ဒီမှာ . . . ကျွန်တော် စီးနေကျ စက်ဘီးဆရာအစ်ကိုက လာပြန်ပေးတယ်။ လာဗျာ . . . အစ်ကို . . . အိမ်ထဲဝင်။

ဖိတ်ခေါ်မှုကြောင့် မောင်ရိုး အိမ်ထဲဝင်သွားလိုက်၊ ဆင်းရဲနွမ်းပါးသော အိမ်အခင်းအကျင်းကိုတွေ့၊ ဖျာစုတ်လေးတစ်ချပ်ပေါ်တွင် အမေဖြစ်သူ ထိုင်နေ၊ မလှမ်းမကမ်းတွင် ထောင်းလက်စ သံဆုံတစ်ခုကို တွေ့ရ။



ခရီးသည်

အမေ့အတွက် ထမင်းနဲ့ငါးခြောက် ရောထောင်းနေတာလေ။ အံကပ်မရှိတော့ဘူးဆိုတော့ အမေက ထမင်းထောင်းကျွေးမှ အဆင်ပြေမှာ . . ထိုင်ဗျာ . . ရေနွေးသောက်ဦး။

မောင်ရိုးအိမ်ပေါ်တွင် ဝင်ထိုင်၊ ရေနွေးတစ်ခွက် ငှဲ့သောက်။

ခရီးသည်

အမေ . . . သား ခွံ့ကျွေးမယ်နော်။ အခုတော့ ထမင်းထောင်းပဲ စားလိုက်ဦး။ ညနေမှ အံကပ်ဆေးပြီး သား ပြန်ထည့်ပေးမယ်။

ခရီးသည်က သံဆုံတွင်းမှ ထောင်းပြီးသား ထမင်းများကို ဇလုံတစ်ခုတွင်း လှယ်ထည့်ပြီး အမေဖြစ်သူကို တရိုတသေ ခွံ့ကျွေး။

ခရီးသည်

အမေက မျက်စိလည်း မှုန်နေတော့ အဲလိုပဲ ခွံ့ကျွေးရတယ်။

အမေကို ထမင်းခွံ့ကျွေးနေသော ခရီးသည်မျက်နှာမှာ ကျေနပ်ပီတိဟန်တွေ အတိုင်းသားပေါ်နေ။ ထမင်းထောင်းကို တနံ့နံ့ဝါးနေသော အဘွားအိုကို ကြည့်လျက်မှ မောင်ရိုး သူ့အမေကို သတိရမိ။

ခရီးသည်

ခဏနော် . . . အမေ့ကို ထမင်းကျွေးပြီးမှပဲ ခင်ဗျားကို လက်ဖက်ရည် လိုက်တိုက်တော့မယ်။



www.burmeseclassic.com

www.burmeseclassic.com

မောင်ရိုး

ဟာ . . . မသောက်တော့ဘူး။ ခင်ဗျားအမေ ထမင်းစားတာကြည့်ပြီး ကျွန်တော့်လည်း ကျွန်တော် အမေ့ကို သတိရသွားပြီ။ ကျွန်တော့်အမေက နေမကောင်းဖြစ်နေတာဗျ။ အမေ့ကို အားရှိအောင် ကြက်သားခေါက်ဆွဲကြော်ဝယ်လာခဲ့မယ် ပြောထားတာ။ အခုထိ ပိုက်ဆံ မပြည့်သေးဘူး။ မဖြစ်သေးပါဘူးဗျာ။ ပိုက်ဆံ ထွက်ရှာဦးမှပါပဲ။

မောင်ရိုး ကပျာကရာ အိမ်တွင်းမှထွက်။ ခရီးသည် လှမ်းခေါ်ဟန် ပြင်သော်လည်း မမှီတော့။ စက်ဘီးနင်း ထွက်သွားခဲ့ပြီ။

Scene .11

အပြင်/ကယ်ရီဆွဲရာလမ်းနှင့် ကယ်ရီဂိတ်/နေ့

မောင်ရိုးဂိတ်တွင် ထိုင်ကာ ရရှိသောပိုက်ဆံများကို ထုတ်ရေနေမိ၊ ရေးကြီးသုတ်ပျာနှင့် သူငယ်ချင်းတစ်ဦးရောက်လာ။

သူငယ်ချင်း

မောင်ရိုးရေ . . . ငါတော့ ဒုက္ခအကြီးအကျယ်ရောက်ပြီ။

မောင်ရိုး

ဟင် . . . ဘာဖြစ်လို့လဲ။



သူငယ်ချင်း

ငါ့သား ဆိုင်ကယ်တိုက်ခံရလို့၊ အခုဆေးရုံမှာ ဆေးဖိုးပိုက်ဆံလိုနေလို့ ငါ ထွက်ရှာတာ။

သူငယ်ချင်းက မောင်ရိုးကို အားကိုးတကြီးဖြင့် ကြည့်။

သူငယ်ချင်း

ငါ့ကို ကူညီပါဦးကွာ။

မောင်ရိုး

ငါ့မှာတော့ ဒီလောက်ပဲရှိသေးတယ်။ ဖြစ်ပါ့မလား။

သူငယ်ချင်း

ဟာ . . . ရတယ် . . . ရသလောက်ပေါ့ကွာ။ ငါ ထပ်ရှာရမှာပေါ့။

မောင်ရိုး လက်ထဲမှပိုက်ဆံများကို သူငယ်ချင်းအားပေးလိုက်၊ ပြီး သူငယ်ချင်းသွားလိုရာကို လိုက်ပို့ပေး။ သူ့ထံတွင် အိမ်ကပါလာသော ပိုက်ဆံငါးရာလေးသာ ကျန်တော့။ နေလုံးကို မော့ကြည့်၊ မွန်းလွဲချိန် ရောက်ပြီဖြစ်၊ တရုတ်ကြီး ခေါက်ဆွဲဆိုင်ပြန်သွား။

Scene .12

အတွင်း/တရုတ်ကြီးခေါက်ဆွဲဆိုင်/နေ့

မောင်ရိုးဆိုင်ထဲဝင်လာ၊ ကောင်တာမှ တရုတ်ကြီးက လှမ်းကြည့်။



www.burmeseclassic.com

www.burmeseclassic.com

တရုတ်ကြီး

ခေါက်ဆွဲဝယ်မှာလား။

မောင်ရိုး ဘာမှမပြောနိုင်သေးခင် . . .

တရုတ်ကြီး

ခေါက်ဆွဲတစ်ပွဲဟော့။

မောင်ရိုး

ဟာ . . . မဟုတ်ပါဘူး။ ကျွန်တော် ခေါက်ဆွဲဝယ်ဖို့လာတာ မဟုတ်သေးဘူး။

တရုတ်ကြီး

လာပြန်ပြီ . . . ဒါဆို ဘာလာလုပ်တာလဲ။

မောင်ရိုး

ကျွန်တော် စရန်လာပေးတာပါ။

တရုတ်ကြီး နားမလည်နိုင်သလို မောင်ရိုးကိုကြည့် . . .

မောင်ရိုး

ခေါက်ဆွဲတစ်ပွဲဖိုးတော့ ကျွန်တော့်မှာ ပိုက်ဆံမပြည့်သေးဘူး။ ဒါပေမဲ့ အခုရှိသလောက်လေး စရန်လာပေးထားတာပါ။

မောင်ရိုးအိတ်ထဲမှ ငါးရာတန်ထုတ်ပေး။ ကောင်တာပေါ်ရောက်လာသော ငါးရာတန်ကို တရုတ်ကြီးကြည့်၊ မောင်ရိုးကိုလည်း မယုံသလိုကြည့်။



တရုတ်ကြီး

ကောင်းပြီးလေ . . . ဒါဆိုလည်း ယူထားလိုက်မယ်။ ဒါပေမဲ့ မင်းပိုက်ဆံအကျေပေးမှ ခေါက်ဆွဲကြော်ပေးမှာနော်။

မောင်ရိုး

ဟုတ် . . . ဟုတ်ကဲ့ပါ ရပါတယ်။

မောင်ရိုး စိတ်အေးသွား၊ ဆိုင်တွင်းမှ ထွက်လာခဲ့။

Scence .13

အပြင်/လမ်းတစ်နေရာ/နေ့

လူတစ်ယောက် စက်ဘီးတား၊ အရက်သမားဖြစ်နေ၊ ပိုက်ဆံလိုနေသည်ကြောင့် မလိုက်မဖြစ် လိုက်ခဲ့ရ၊ ပို့ခိုင်းသော နေရာရောက်။

မောင်ရိုး

(၃၀၀) ကျပါတယ်။

အရက်သမား

ငါ့မှာ တစ်ပြားမှမရှိဘူး။

မောင်ရိုး

ဟာ . . . အဲလိုလုပ်လို့တော့ မရဘူးလေ။ ခင်ဗျား သွားချင်တဲ့နေရာ လိုက်ပို့ပေးပြီးပြီပဲ။ တန်ရာတန်ကြေးတော့ ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

**အရက်သမား**

မရှိပါဘူးဆိုမှ ငါက ဘာကိုပေးရမှာလဲ။

**မောင်ရိုး**

မပေးလို့ မရဘူး။ မရှိလို့ ကယ်ရီနင်းစားတာ။ အဲလို တော့ မလုပ်ပါနဲ့။

**အရက်သမား**

လုပ်တယ်ကွာ . . . ဘာဖြစ်လဲ။

မောင်ရိုးကို ဆောင့်တွန်း၊ စက်ဘီးနဲ့အတူ လဲကျသွား၊ မောင်ရိုး ပြန်ထပြီး သည်းခံကာပြော . . .

**မောင်ရိုး**

မလုပ်ပါနဲ့ဗျာ။ ကျွန်တော့်ကို တန်ရာတန်ကြေးတော့ ပေးပါ။

**အရက်သမား**

မပေးဘူးကွာ။

မောင်ရိုးကို ထိုးလိုက်၊ မောင်ရိုး သည်းမခံနိုင်တော့။ အပြန်အလှန် သတ်ပုတ်၊ မောင်ရိုးလည်ပင်းမှ ဆွဲကြိုးပြုတ်သွား၊ အရက်သမားက ဆွဲမိဆွဲရာ မြေကြီးခဲနဲ့ထု၊ မောင်ရိုးထူပူသွား၊ အရက်သမား ထွက်ပြေး၊ နောက်မှ ပြေးလိုက်သော်လည်း မမီတော့။ အိမ်ကြိုအိမ်ကြားတွင် မျက်ခြည်ပြတ်သွားခဲ့။ နောက်ဆုံးလဲကျနေသော စက်ဘီးကို ထောင်၍သာ ပြန်လာခဲ့ရသည်။



Scene . 14

အပြင်/ကယ်ရီဆွဲရာလမ်းနှင့် ကယ်ရီဂိတ်/နေ့

စိတ်မကောင်းစွာ ပြန်လာစဉ် လမ်းတွင် အဘိုးကြီးတစ်ဦးနဲ့တွေ့၊ သူ့ကို တစ်နေရာ လိုက်ပို့ခိုင်း၊ သွားလိုသောနေရာသို့ ကောင်းမွန်စွာပို့ပေး၊ ဘုရားစောင်းတန်းတစ်ခုရှေ့တွင်ရပ်၊ စက်ဘီးပေါ်မှဆင်းကာ မောင်ရိုးကို ငါးရာတန်တစ်ရွက်ထုတ်ပေး၊ ဘုရားဖူးရန် လာခြင်းဖြစ်သည်မို့ မောင်ရိုး ပိုက်ဆံမယူ၊ အဘိုးကြီးက အတင်းပေး။

**မောင်ရိုး**

မယူပါဘူး . . . အဘရယ်၊ အဘက ဘုရား၊ တရား လာလုပ်တာပဲ။ အဘကို လိုက်ပို့ပေးလို့ ကျွန်တော် လည်း ကုသိုလ်ရပါတယ်။

**အဘိုးကြီး**

မဟုတ်ဘူး မောင်ရင် . . . ကျသင့်တဲ့အဖိုးကို ယူပါ။ အဘ အလကား မစီးတတ်ဘူး။ အလကားစီးတာ အလကားလူတွေရဲ့ အလုပ်ကွယ့်။

မောင်ရိုး ပြန်ပေးရခက်သွား။ အဘိုးကြီးကတော့ ပြတ်သားစွာ ရှိနေ။ မောင်ရိုးလေးစားစွာ ဦးညွှတ်လိုက်။

**မောင်ရိုး**

ဒါဆိုလည်း (၃၀၀) ကျပါတယ် အဘ။

**အဘိုးကြီး**

ဟုတ်လား . . . အေး . . . အေး။

www.burmeseclassic.com

ငါးရာတန်ကို ပြန်သိမ်း၍ အကြွေ (၃၀၀) ထုတ်ပေး၊ မောင်ရိုး ရိုသေ လေးစားစွာ ယူလိုက်။ အဘိုးကြီးမှာ ခေါင်းတဆတ်ဆတ်ညိတ်ပြီး ဘုရား စောင်းတန်းပေါ်တက်သွား၊ အဘိုးကြီး၏ ကျောပြင်အား မျက်စိတစ်ဆုံး လိုက်ကြည့်ပြီးနောက်မှာ စောင်းတန်းရှေ့မှ ထွက်ခဲ့။

Scene . 15

အပြင်/ကယ်ရီဂိတ်/နေ့-ည

မောင်ရိုး ကယ်ရီဂိတ်တွင် ခရီးသည် စောင့်နေ၊ ကယ်ရီငှားမည့်သူများ မရှိတော့။ တဖြည်းဖြည်းနေဝင်လာ၊ အလင်းရောင်ပျောက်၊ အမှောင်တို့ ကြီးစိုးလာ၊ တခြားကယ်ရီသမားများ ပြန်ရန် ပြင်ဆင်။

**ကယ်ရီ (၁)**

ဟေ့ကောင် . . . မပြန်သေးဘူးလား။ မိုးချုပ်နေပြီ

**မောင်ရိုး**

ပြန်လို့ မဖြစ်သေးပါဘူးဗျာ . . . ကျွန်တော်ပိုက်ဆံ လိုနေသေးတယ်။

တခြားကယ်ရီသမားများ ဂိတ်မှ တစ်ဦးပြီးတစ်ဦး ပြန်သွားကြ။ နောက်ဆုံးဂိတ်တွင် မောင်ရိုးတစ်ဦးတည်းသာ ကျန်၊ လမ်းမီးများ လင်းလာ ထို့နောက် အိမ်တိုင်းလိုလို အိမ်မီးများလင်းလာ၊ မောင်ရိုးကတော့ ကယ်ရီ လာငှားမည့်သူကို စောင့်နေဆဲ၊ အချိန်တွေ တဖြည်းဖြည်း ကုန်လာ ကယ်ရီငှားမည့်သူ မရှိတော့။ နီးစပ်ရာ အိမ်များဆီမှ ထမင်းဝိုင်းများကို တွေ့၊ အမေဖြစ်သူကို သတိရသွား၊ မောင်ရိုးသက်ပြင်းချ၊ စက်ဘီးနင်း ကာ ထွက်ခဲ့။



Scene . 16

အတွင်း /တရုတ်ကြီးခေါက်ဆွဲဆိုင် / ည

ပိုက်ဆံ (၃၀၀) ကို ကောင်တာပေါ် တင်ပေး . . .

**တရုတ်ကြီး**

ဘာလဲ . . . ။

**မောင်ရိုး**

ကျွန်တော် (၃၀၀) ပဲ ထပ်ရှာရခဲ့လို့ ကျွန်တော့်ကို (၈၀၀) ဖိုးလောက်ပဲ ကြော်ပေးလို့ မရဘူးလားဗျာ။

**တရုတ်ကြီး**

ကျွတ် . . . ဒီကောင်တော့ ပြဿနာပဲ။ ငါ့ကို တစ်နေ့လုံး ဒုက္ခလာပေးနေတယ်။ ရော့ . . . ယူသွားကွာ၊ မင်းပေးထားတဲ့ စရန် (၅၀၀) ပါ ယူသွားလိုက်၊ ငါ့ဆိုင်မှာ (၈၀၀) တန်ခေါက်ဆွဲကြော် မရှိဘူး။

**မောင်ရိုး**

မဟုတ်ပါဘူးဗျာ . . ကျွန်တော် တကယ်ပဲ တောင်းပန်ပါတယ်။ ကျွန်တော့်မှာ တကယ့်ကို မရှိလို့ပါ။

**တရုတ်ကြီး**

မရှိရင် မဝယ်နဲ့ပေါ့ကွာ . . . ဘာခက်တာလိုက်လို့။



www.burmeseclassic.com

www.burmeseclassic.com

**မောင်ရိုး**

ကျွန်တော့်အမေ လူမမာသည်အတွက်မို့လို့ပါဗျာ။ မဟုတ်ရင် ကျွန်တော်လည်း တရုတ်ကြီးကို ဒုက္ခ မပေးပါဘူး။

**တရုတ်ကြီး**

ခက်တယ်ကွာ . . . ခေါက်ဆွဲတစ်ပွဲသာ ဘယ်လောက်လဲ မင်းသိလား။ ကြက်သားဈေးတွေလည်း တက်လိုက်တာ ခေါင်ခိုက်နေပြီ။ မင်းကို ဈေးလျှော့ရောင်းရင် ငါက ဘာနဲ့ ထမင်းသွားစားရမှာလဲ။ ငါ့မှာ မိသားစုလည်း ရှိသေးတယ်။ ဒီဆိုင်က ဝန်ထမ်းတွေကိုလည်း နေစရာပေးပြီး အလကားကျွေးထားရတာ။ လကုန်ရင် ရှင်းပေးရတဲ့လစာက မနည်းဘူး။ ငါ့ကိုလည်း သနားပါဦး။

**မောင်ရိုး**

ဗျာ . . . ။

**တရုတ်ကြီး**

ကဲ . . . ကဲ . . . သွားပါတော့ကွာ။ ငါ့မှာ အလုပ်တွေ ရှိသေးတယ်။

ပြောပြီးအံဆွဲထဲမှ ပိုက်ဆံတစ်ထပ်ကြီးကို ထုတ်၊ လက်ကို တံတွေးဆွတ်ကာ တစ်ရွက်ချင်းရေနေ၊ ပိုက်ဆံရေနေရင်းမှ . . .

**တရုတ်ကြီး**

ကျွတ် . . . သေချင်တာပဲကွာ။ ဒီနေ့ ရောင်းမကောင်းဘူး။



ထို့နောက် ရပ်ကြည့်နေသော မောင်ရိုးကိုကြည့်ကာ . . .

**တရုတ်ကြီး**

ခေါက်ဆွဲတော့ ကျွေးမှာမဟုတ်ဘူးနော်။ ကြည့်ချင်တယ်ဆိုရတော့ ငါ့ကို တစ်ညလုံး ထိုင်ကြည့်လို့ရတယ်။

မောင်ရိုး စိတ်ပျက်စွာ ဆိုင်တွင်းမှထွက်လာ၊ ဆိုင်ပြင်ရောက်စဉ် မျက်နှာချင်းဆိုင်မှ အထုပ်တစ်ထုပ်ဆွဲလာသော ကလေးတစ်ဦးနဲ့တွေ့၊ မောင်ရိုး စက်ဘီးဒေါက်ကိုဖြုတ်၊ ခေါင်းငိုက်စိုက်ကျကာ တစ်လှမ်းချင်း တွန်းထွက်။

Scene . 17

အတွင်း - အပြင်/ တရုတ်ကြီးခေါက်ဆွဲဆိုင်/ ည

**ကလေးငယ်**

ဦးတရုတ်ကြီး . . . သားက ကြာဇံကြော်ဝယ်တာ ဒီမှာ ခေါက်ဆွဲကြော်ဖြစ်နေတယ်။

တရုတ်ကြီး အံ့သြသွား။ သူ့ရှေ့မှ ဈေးဝယ်စာရင်းကို ကြည့်၊ 'ကြာဇံကြော်' ဟုရေးထား၊ ကပျာကရာ အထုပ်ကို ဖြေကြည့်၊ ခေါက်ဆွဲကြော် ဖြစ်နေ၊ ဆိုင်ဝန်ထမ်းများကို တရုတ်ကြီးဒေါပွ၊ အော်ဟစ်ငေါက်ငမ်း ခေါင်းငိုက်စိုက်ကျလျက် တစ်လှမ်းချင်းလျှောက်နေသော မောင်ရိုးကို ပြတင်းမှလှမ်းတွေ့၊ ကောင်တာပေါ်မှ ခေါက်ဆွဲထုပ်ကိုကြည့်၊ မောင်ရိုး ကို တစ်လှည့်ပြန်ကြည့်၊ တရုတ်ကြီး ချီတုံချတုံဖြစ်နေ၊ ကြီးမားသော ဆုံးဖြတ်ချက်တစ်ခုကို အသည်းအသန်ချနေဟန်များ တရုတ်ကြီးမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com

တွင် ပေါ်နေ၊ နောက်ဆုံး ယတိပြတ်ဆုံးဖြတ်ချက် ချ... ဆိုင်ရှေ့ကို ပြေးထွက်။

**တရုတ်ကြီး**

ဟော့ကောင် . . . ဟော့ကောင် . . . လာဦး။

မောင်ရိုး လှည့်ကြည့်၊ တရုတ်ကြီးက လက်ယပ်လှမ်းခေါ်၊ ဘာမှန်းမသိ စွာနဲ့ တရုတ်ကြီးဆိုင်သို့ မောင်ရိုး ပြန်လျှောက်လာခဲ့။ ဆိုင်ဝသို့ ရောက် စဉ် . . .

**တရုတ်ကြီး**

ရော့ . . . မင်းအရမ်းလိုချင်နေတဲ့ ခေါက်ဆွဲကြော်၊ မင်းကို ကြည့်ပြီး စိတ်မကောင်းဖြစ်မိလို့ (၈၀၀) နဲ့ ရောင်းလိုက်မယ်။

မောင်ရိုး အတိုင်းထက်အလွန် ဝမ်းသာသွား၊ အိတ်တွင်းမှ ပိုက်ဆံ (၈၀၀) ကို အလျင်အမြန်ထုတ်ရင်း . . .

**မောင်ရိုး**

ဝမ်းသာလိုက်တာဗျာ။ ဘယ်လို ကျေးဇူးတင်ရမှန်း တောင် မသိဘူး။

ဝမ်းသာလွန်း၍ မျက်ရည်စို့မိ၊ ပြောစကားပင် တစ်ဝက်တစ်ပျက်နဲ့ ရပ် သွား။ တရုတ်ကြီးအား ကျေးဇူးရှင်တစ်ယောက်လို အားကိုးတကြီးနဲ့ ကြည့်ရင်း . . .

**မောင်ရိုး**

ကျေးဇူးတင်လိုက်တာ တရုတ်ကြီးရာ။



မောင်ရိုးလက်တွင်းမှ (၈၀၀)ကို တရုတ်ကြီး ဖျတ်ခနဲဆွဲယူ၊ ပြီး တကယ့် လူပီသသူ၊ ကိုယ်ချင်းစာစိတ်ပြည့်ဝသူ၊ စေတနာရှင်ကြီးတစ်ယောက်လ ခပ်မိန့်မိန့် ပြုံးရင်း . . .

**တရုတ်ကြီး**

ငါ့မှာလည်း စာနာစိတ်အပြည့်နဲ့ပါကွ။

ပစ်ရမယ့်အတူတူ ရရာဈေးနှင့် ထိုးရောင်းခြင်းဖြစ်ကြောင်း မောင်ရိုး သဘောပေါက်မိ၊ ဒါပေမဲ့ မောင်ရိုး ကျေးဇူးတင်မိပါသည်။ ရပ်ထား သော စက်ဘီးဆီဝမ်းသာအားရပြေး၊ စက်ဘီးလက်ကိုင်တွင် တွဲလောင်း ချလျက် ခေါက်ဆွဲထုပ်ကိုချည်၊ ထို့နောက်-ပျော်ရွှင်ဝမ်းမြောက်စွာ အိမ် အပြန်လမ်းကို ဦးတည်။

Scene . 18

အပြင်/ အိမ်အပြန်လမ်းတစ်လျှောက်/ ည

လက်ကိုင်တွင် ချည်ထားသော ခေါက်ဆွဲထုပ်အား လမ်းတစ်နေရာ... ခွေးတစ်ကောင်ဝင်ဆွဲ၊ ခွေးကြောက်တတ်သူမို့ စက်ဘီးလဲသွား၊ ခွေး... ခေါက်ဆွဲထုပ်ကို ကိုက်ချည်ပြေး၊ မောင်ရိုး အလျင်အမြန် စက်ဘီး... လိုက်။ လမ်းကြမ်းသော နေရာသို့အရောက် စက်ဘီးချိန်းကျ၊ စက်... ကို ပစ်ချပြီး လူကိုယ်တိုင်ပြေးလိုက်၊ သို့သော် ခွေးကို မမြင်ရတော့... ပိုဆိုးသည်က အရှေ့လမ်းပေါ်တွင် ခွေးတစ်အုပ်ရှိနေ၊ အသည်းအသ... ပြေးလာသော သူ့ကိုမြင်တော့ ဝိုင်းဟောင်၊ မောင်ရိုးပြေးရပြန်၊ ခေါက်... ကြော် ပြန်မရတော့ပြီဟု သိလိုက်ချိန်တွင် မောင်ရိုး ဝမ်းပန်းတန... ရှိုက်ငိုမိ၊ စက်ဘီးကို ပြန်ထောင်၊ လမ်းမီးရောင်ရှိရာသို့ တွန်းသွား၊ ပါး... တွင် မျက်ရည်များစီးကျလျက်မှ ချိန်းတင်။



www.burmeseclassic.com

www.burmeseclassic.com

Scene . 19

အတွင်း-အပြင် / မောင်ရိုး၏ တဲအိမ်ငယ်/ ည

ခပ်လှမ်းလှမ်းမှ သူ၏တဲအိမ်လေးကိုမြင်၊ မှန်အိမ်လေးထွန်းထား၊ ခြံတွင်းသို့ စက်ဘီးတွန်းဝင်ခဲ့၊ မောင်ရိုး ခေါင်းငိုက်စိုက်ကျလျက် အိမ်ထဲဝင်လာ၊ အိမ်နီးချင်းကလေးများ အမေ့နားတွင် ဝိုင်းထိုင်နေကြ (မနက်က မောင်ရိုးကျောင်းလိုက်ပို့ခဲ့သည့် ကလေးများ)၊ မောင်ရိုး အမေ့ကို ကြည့်ကာ ဘာပြောရမှန်းမသိ၊ မောင်ရိုးခြေသံကိုကြားကာ အမေက လှမ်းပြော . . .

အမေ

သားပို့ပေးလိုက်တဲ့ ခေါက်ဆွဲကြော်လေးက စားလို့ကောင်းလိုက်တာ . . . သားရယ်။

မောင်ရိုး အံ့သြသွား၊ ထမင်းစားပွဲပေါ်သွားကြည့်၊ အမေစားပြီးသား ခေါက်ဆွဲကြော်ပန်းကန်ကိုတွေ့၊ အံ့သြစွာ ဘယ်ကရလဲ မေးမည်ပြင်စဉ် ကလေးတစ်ဦးက ဝင်ပြော။

ကလေး - ၁

ဟုတ်ပ . . အစ်ကိုကြီးရယ်၊ အဘွားကျန်တာတောင် သမီးတို့ စားရသေးတယ်။ အရမ်းကောင်းတာပဲ။

ကလေး - ၂

ဒီမှာလာပို့တဲ့ ဦးလေးက စာတစ်စောင်လည်း ပေးသွားတယ်။



မောင်ရိုး အံ့သြသွား၊ ကလေးပေးသော စာရွက်ကို မောင်ရိုးလှမ်းယူ၊ ကပျာကယာ ဖွင့်ကြည့်၊ စာမှာ တစ်ကြောင်းတည်း။ 'အမေ့အံကပ်အတွက် ကျေးဇူးပါ . . . သူငယ်ချင်း' စာရွက်ကိုင်ပြီး မောင်ရိုး ကြောင်သွား၊ မောင်ရိုးရောက်ပြီဖြစ်သဖြင့် အမေ့ကို လာစောင့်ပေးသော ကလေးများ အိမ်ပြန်၊ စာရွက်ကိုင်ပြီး မောင်ရိုး ဖင်ထိုင်ကျမိ၊ ကြည်နူးခြင်း၊ ပီတိဝမ်းသာဖြစ်ခြင်းတွေနဲ့ မောင်ရိုး မျက်ရည်ကျ၊ အမေ အနားရောက်လာ။

အမေ

သား . . . ဘာဖြစ်နေတာလဲ။

ပါးပြင်မှစီးကျနေသော မျက်ရည်များကို အမေ မမြင်အောင်သုတ်ရင်း..

မောင်ရိုး

ဘာမှမဖြစ်ပါဘူး အမေ။

အမေ

ဖြစ်ပါတယ် . . . သားရယ်၊ အမေ့ကို ဘာလို့ လိမ်ရတာလဲ။ သား ဒီနေ့တစ်နေ့လုံး အဆင်မပြေဖြစ်ခဲ့တယ်မလား"

မောင်ရိုး နားမလည်စွာ အမေ့ကို မော့ကြည့်။

မောင်ရိုး

အမေ ဘယ်လိုလုပ် သိနေတာလဲ။

အမေ

အမေ ဒီနေ့တစ်နေ့လုံး နို့တွေ တဆစ်ဆစ်ကိုက်နေတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

မောင်ရိုး လိမ်၍မဖြစ်တော့။ ယနေ့ ဖြစ်ပျက်ခဲ့သမျှ [illegible] အမေ့ကို ပြောပြလိုက်၊ စကားဆုံးစဉ် အမေက မောင်ရိုးပခုံးကိုဖက်။

အမေ

အမေဆွဲပေးထားတဲ့ ကြိုးလေး မရှိတော့ပါလား။

မောင်ရိုး အထိတ်တလန့် ကိုင်ကြည့်၊ လည်ပင်းတွင် တကယ်ပဲ ကြိုးလေး ရှိမနေတော့။ အမေ ထိုင်ရာမှထကာ တုန်တုန်ရီရီဖြင့် အခန်းတွင်းဝင်သွား၊ တအောင့်ကြာတော့ ပြန်ထွက်လာ၊ လက်ထဲတွင် သံကတ်ကြေး တစ်လက်ပါလာ။

အမေ

ထဘီစုတ်တွေ မတွေ့တော့ဘူးကွယ့်။

မောင်ရိုးဘေးတွင် ဝင်ထိုင်၊ ထဘီအနားစကို ကတ်ကြေးဖြင့် လှီး၍ ကြိုးလေးတစ်ခုလုပ်၊ ထို့နောက် မောင်ရိုးလည်ပင်းတွင် ဆွဲပေး၊ မောင်ရိုး မျက်ရည်ကျလာ၊ မောင်ရိုးခေါင်းကို ပုတ်ပြီး အမေက တစ်ခွန်းပြော။

အမေ

စိတ်ကောင်းထားတဲ့ လူကို လောကကြီးက ပစ်ထား လေ့မရှိပါဘူးကွယ်။

**Written by Thoe Saung**



# သိသောသူမည်တား ကြားပါစေ – ၂



www.burmeseclassic.com

www.burmeseclassic.com

မီးမောင်းကြီးနှစ်လုံးက မျက်လုံးအား စုံပစ်ထိုးလိုက်သလို ခံစားရသည်။ အမြင်အာရုံတွေ ကျိန်းစပ်ပူလောင်သွား၏။ လက်ဖြင့်ကွယ်ကာ မျက်လုံးကို ဖွင့်ကြည့်တော့ နေရောင်အချို့ ထိစပ်သောနေရာမှာသူ ရောက်နေသည်။ ကျင့်သားရအောင် မျက်တောင်ကို ပုတ်ခတ်ရင်း ကွယ်ထားသောလက်ကို ဖယ်တော့ . . .

ငါ ဘယ်ရောက်နေတာလဲ။

ပတ်ဝန်းကျင်ကို မျက်ဝါးထင်ထင်မြင်ပြီးပြီးချင်း ခေါင်းထဲရောက်လာသော အတွေးပါ။ ဒုတိယအတွေးက 'ငါ ဘယ်သူလဲ'။

အူကြောင်ကြောင်တော့ နိုင်နေ၏။ ကိုယ့်ကိုယ်ကိုယ် ဘယ်သူမှန်းမသိသည့်အဖြစ်က ဘီလူးက ခေါင်းပေါင်းပေါင်းပြီး နိုင်ငံရေးတရားဟောတာနဲ့ပင် ဆင်ဆင်တူနေသည်။ ကဲ . . . အဲဒါ အသာထားဦး။ လောလောဆယ် ငါ ဘယ်ရောက်နေလဲဆိုတာကို အမြန်ဆုံးသိအောင် လုပ်ရမည်မဟုတ်ပါလား။

နိုင်ငံခြား လူသတ်ကားတွေထဲကလို မြင်တာနဲ့ ဦးသူသတ်ကြေးလောကထဲ ရောက်နေရင် ဒုက္ခ။ ကိုယ့် ဘယ်သူကမြင်ပြီး၊ ဘယ်သူက ဝင်သတ်မလဲ မသိသည်ကြောင့် လေ့လာစရာရှိတာကိုတော့ လေ့လာထားရပေမည်။ ကဲ . . . ငါ ဘယ်ရောက်နေတာလဲ။



ရုံးတစ်ခု။ ဒါတော့ သေချာသည်။ စိမ်းလန်းသော သစ်ပင်ကြီးငယ်တချို့ ပေါက်ရောက်နေပုံထောက်တော့ လူသတ်ကွင်းထဲ ရောက်နေတာ မဟုတ်နိုင်ပေ။ အကြောင်းက အတ္တဖုံးလွှမ်းသော၊ ရက်စက်အတ်သော၊ မေတ္တာတရားခေါင်းပါးသော အရပ်တို့တွင် သစ်ပင်များမှာ ကြာကြာမနေတတ်။

လေ့လာဖူးသော စာအုပ်များအရ သစ်ပင်များသည် လူတွေထက် ခံစားမှုအာရုံ ပိုကောင်းသည်ဆို၏။ ထိခိုက်ခံစားလွယ်သည်။ ငြိုးငွေ့လွယ်သည်။ ပြီးတော့ မည်သူ့ကိုမျှမညှာဘဲ ပြင်းထန်စွာ အပြစ်ဆားတတ်သည်ဟု မှတ်သားဖူးသည်။

ယခု သစ်ခတ်သစ်လက်များ စိမ်းလန်းနေပုံထောက်တော့ ဆိုးသွမ်းသော ပတ်ဝန်းကျင်ထဲ ရောက်ရှိနေခြင်းမဟုတ်ကြောင်း ခံစားမိ၏။

ဟိုး . . . ခပ်ဝေးဝေးကို မျှော်ကြည့်တော့ မိုးထိမြင့်လောက်သော တိုက်တာအဆောက်အဦများကို မြင်ရသည်။ ကောင်းကင်တစ်ခွင်က ကင်းရှင်းကြည်လင်နေ၏။ ဒါဆိုလျှင်တော့ သူ ရောက်နေသော ပတ်ဝန်းကျင်မှာ လူတွေရှိနေတာပဲ၊ သေချာသည်။ ဘယ်လိုလူတွေလဲ သိရအောင် တိုက်ခတ်လာသော လေကို ရှူရှိုက်ကြည့်တော့ . . .

အင်း . . . လတ်ဆတ်ပေစွ။ သန့်ရှင်းပေစွ။ ဒီလိုဆိုလျှင် လှမ်းမြင်နေရသော လူ့အသိုင်းအဝိုင်းသည်လည်း လောဘ၊ ဒေါသ နည်းသော၊ အေးချမ်းဆိတ်ငြိမ်သော အသိုင်းအဝိုင်းပဲဆိုတာ သေချာနေပြန်သည်။ မဟုတ်ပါက ရှူရှိုက်ရသော လေသည်။ ယခုလို သန့်ရှင်းမနေ။

မီးခိုးငွေ့တွေ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် ညစ်ညမ်းသော ဓာတုအငွေ့အသက်တွေ ညစ်ပွန်းနေမည် မဟုတ်ပါလား။ ဒီလိုဆိုတော့ ကိုယ့်ကိုယ်ကိုယ် နှောက်ကျောလုံသွား၏။ နေရာနဲ့ပတ်သက်ပြီး စိုးရိမ်စရာမရှိ။ ငါ ဘယ်သူလဲဆိုတာပဲ စဉ်းစားရတော့မည်။ ထိုင်နေလျက်နှင့် အနီးတစ်ဝိုက်မြေပြင်ကို မျက်စိကစားတော့ သူနှင့် လက်တစ်ကမ်းအကွာမှာ အရာတစ်ခုနဲ့ဖိထားသော စာတစ်ရွက် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com

စာမှာ ရေးထားသည်က . . .

မင်းနာမည် - သီဟသူရ

အသက် - ၂၃

အလုပ်အကိုင် - သတင်းထောက်

သတင်းယူရမည့်ပုဂ္ဂိုလ် - ပရော်ဖက်ဆာ ဒေါက်တာဘမြိုင်

ရယူရမည့်သတင်း - ၂၂ ရာစုတွင် တစ်မုဟုတ်ချင်း တိုးတက်ထွန်းကားလာသော ပြည်နယ်ကြီးတစ်ခုအကြောင်း

နေရပ်လိပ်စာ - . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . .

အောက်ဖက်၌ ပရော်ဖက်ဆာ ဒေါက်တာဘမြိုင်၏ နေရပ်လိပ်စာအပြည့်အစုံကို မြေပုံနှင့်တကွ ရေးပြထားသည်။ ဒါပဲ။

အစမှ ကိုယ့်ကိုယ်ကိုယ် ငါ ဘာကောင်ပဲဆိုတာ သိသွားသည်။ ဩော် . . . ငါက အမှန်ကိုချစ်သည့် . . .

အမှန်ကို အမှန်အတိုင်း မကွယ်မဝှက် တင်ပြရဲသည့် . . .

အများပြည်သူတို့ရဲ့ မျက်စိနှင့်နား ပါပေတကား . . .

အမှန်တရားရဲ့ ပြတင်းပေါက်တစ်ခု ပါပေတကား . . .



"ပရော်ဖက်ဆာကြီး ဒေါက်တာဘမြိုင်အိမ်ကို ဘယ်လိုသွားရလဲဗျ"

အမေးခံရသူက သူ့ကို အထူးအဆန်းသဖွယ် ကြည့်သည်။

"ဘယ်သူ . . . "

"ပရော်ဖက်ဆာကြီး ဒေါက်တာဘမြိုင်လေ . . . "

ထိုစကားနောက်မှာ ဝါးလုံးကွဲမတတ် ရယ်ပါတော့၏။ ရယ်နေရင်းနဲ့မှ . . .

"ဒေါက်တာဘမြိုင် . . . ဟုတ်လား၊ ပရော်ဖက်ဆာကြီး . . ဟုတ်လား . . . ခင်ဗျား တော်တော်နောက်တဲ့လူဗျာ . . . ဟား . . . ဟား . . . ဟား . . . "

ဟက်ဟက်ပက်ပက် ရယ်နေသည်ကြောင့် . . .

"ဘာဖြစ်လို့လဲဗျ . . . ပရော်ဖက်ဆာ မဟုတ်ဘူးလား"

"ဟား . . . ဟား . . . သူ့အိမ်မှာတော့ ခင်ဗျားပြောသလို ဆိုင်းဘုတ် တပ်ထားတာပဲဗျို့။ ဟုတ်၊ မဟုတ်ဆိုတာတော့ သူကိုယ်တိုင်ပဲ သိလိမ့်မယ်။ နေစမ်းပါဦးဗျ . . . ခင်ဗျားက ဘာဖြစ်လို့ သူ့ဆီ သွားချင်ရတာလဲ"

"ဩော် . . . ဒီလိုပါ၊ ကျွန်တော်က သတင်းထောက်တစ်ယောက်ပါ။ ဆရာကြီးဆီက သတင်းလိုချင်လို့"

www.burmeseclassic.com

“ဗျာ . . . သတင်း၊ ဦးဘမြိုင်ဆီက သ[illegible] ဟုတ်လား။ လုပ်ပြန်ပြီဗျာ ခင်ဗျားကတော့ . . . ဟား . . . ဟား . . . ဦးဘမြိုင်ဆီက သတင်းလိုချင်လို့တဲ့ . . . ဟား . . . ဟား . . . ”

ခက်တော့နေပါပြီ။ ဟာသလုပ်နေတာလည်း မဟုတ်။ ဒါပေမဲ့ သူပြောသမျှကို တစ်ဖက်သားမှာ ပွဲကျလျက်ရှိနေ၏။ သူ့ကိုလည်း လူထူးဆန်းတစ်ယောက်လို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်၊ ရယ်လိုက် လုပ်နေသည်မို့ . . .

“ဘာလို့ အဲလောက် ရယ်နေတာလဲဗျ . . . ကျွန်တော်ပြောတဲ့ထဲမှာ ရယ်စရာပါလို့လား”

“ရယ်စရာ . . . ဟုတ်လား . . . ခင်ဗျားပြောနေတာတွေက ရယ်စရာမဟုတ်လို့ ဘာလဲဗျာ။ တကယ့်ဟာသပဲ။ နေပါဦး . . . ဦးဘမြိုင်ဆီက သတင်းယူရအောင် ဦးဘမြိုင်အကြောင်း ခင်ဗျား ဘယ်လောက်သိသလဲ”

“မသိဘူး”

“အဲဒါကြောင့် ရယ်တာပေါ့ဗျ။ ဒီမှာ . . . မသိရင် ကျုပ် ပြောပြမယ်။ ဦးဘမြိုင်က လူကောင်းမဟုတ်ဘူး။ စာတွေအဖတ်များပြီး ကြောင်တောင်တောင် ဖြစ်နေတာ။ အဲ့လူကြီးဆီသွားပြီး သတင်းယူမယ်ဆိုတော့ ကျုပ်က ဘယ်လိုနေရပါ့မလဲ . . . ရယ်ချင်တာပေါ့ဗျ”

ကြားရသော စကားက သူ့ကို ဘဝင်မကျ ဖြစ်သွားစေသည်။ ဘယ်လိုလူမျိုးကမှ စိတ်အခြေအနေမကောင်းသော လူတစ်ယောက်ဆီက သတင်းယူနိုင်းမှာမဟုတ်။ တွေဝေသွားသော သူ့ပုံစံကို ရိပ်မိပုံရကာ . . .

“ကျုပ်ပြောတဲ့ စကားတွေကို မယုံသကဲ့ ဖြစ်နေတယ်ပေါ့။ အဲလိုဆိုလည်း လက်တွေ့သိရအောင် သွားကြည့်လိုက်။ လမ်းညွှန်ပေးလိုက်မယ်။ ဒီကနေ တည့်တည့်သွား။ ပြီးရင် ဘယ်ချိုး။ အဲသည်မှာ အဝိုင်းတစ်ခု တွေ့လိမ့်မယ်။ နီးစပ်ရာလူတစ်ယောက်ကိုသာ မေးကြည့်



လိုက်ဗျာ။ ခင်ဗျားပြောတဲ့ ပရော်ဖက်ဆာ ဒေါက်တာဘမြိုင်ဆိုရင် အဲသည့်နားမှာ မသိသူ မရှိဘူး . . . ဟား . . . ဟား . . . ဟား”

သူ့ကို သနားစဖွယ်ကြည့်ရင်း ရယ်နေပါသေးသည်။

“ခင်ဗျားကတော့ တကယ့်ဟာသပဲ”

မတိုးမကျယ်ပြောရင်း ထွက်သွားသောလူကို ရပ်၍သာ ကြည့်မိတော့သည်။ ဒါပေမဲ့ သူ့တွင် ရွေးချယ်စရာမရှိ။ ထို့ကြောင့် . . .

ညွှန်ပြသော လမ်းအတိုင်း လျှောက်လာခဲ့ရာ တစ်နေရာတွင် အဝိုင်းပတ်ကြီးတစ်ခုကို ထင်ထင်ရှားရှား မြင်လိုက်ရပါသည်။ စာရွက်မှ မြေပုံကို ထုတ်ကြည့်မိသော်လည်း နားမလည်။ ထို့အတွက် နီးစပ်ရာလူတစ်ယောက်ကိုသာ မေးမြန်းဖို့ ဆုံးဖြတ်လိုက်ရ၏။

အရှေ့ဆီတွင် စက်ဘီးနှင့် လူတစ်ယောက် လာနေသည်။

“ဟော့လူ . . . ခဏ”

စက်ဘီးမှာ သူ့ရှေ့တွင် ကျီခနဲ ရပ်သွားပြီး . . .

“ဘာလဲဗျ”

“ကျွန်တော် ပရော်ဖက်ဆာ ဒေါက်တာဘမြိုင်အိမ် သွားချင်လို့။ ဘယ်လိုသွားရလဲ မသိဘူး”

“သြော် . . . ပရော်ဖက်ဆာကြီးဆီ သွားမလို့လား။ လာ . . . လာ . . . တက်။ ကျွန်တော် လိုက်ပို့ပေးမယ်”

ဒီတစ်ယောက်ကျတော့ တစ်မျိုးပါလား၊ လိုက်ပို့ပေးမည်ဟုပင် ဆိုလာသေး၏။ တုံ့ဆိုင်းသွားသော သူ့ကိုကြည့်ကာ စက်ဘီးသမားက ဟက်ခနဲ ရယ်သည်။

“တက်ပါဗျ . . . စက်သုံးဆီထည့်မောင်းရတဲ့ ယာဉ်တွေထက်တော့ ကျွန်တော့်စက်ဘီးက အန္တရာယ်ကင်းပါတယ်။ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်ဘူး၊ ကျွန်တော့်အတွက်လည်း လေ့ကျင့်ခန်းလုပ်ပြီးသား ဖြစ်တယ်။ လာပါ . . . တက်ပါ”



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကြောင်းဖြင့် စက်ဘီးပေါ် တက်ထိုင်လိုက်သည်။ စက်ဘီးနင်းသူက အဝိုင်းပတ်ကို ပတ်ရင်း . . .

"ခင်ဗျားကို မမြင်ဖူးပါဘူး။ ဆရာကြီးဆီ ဘာသွားလုပ်မလို့လဲဗျ"

"ကျွန်တော်က သတင်းထောက်ပါ။ ဆရာကြီးနဲ့ တွေ့ပြီး သတင်းလေး ဘာလေး ယူချင်လို့"

"ဟာ . . . ဒါဆို ခင်ဗျားက ဆရာကြီးကို အင်တာသွားဗျူးမှာပေါ့"

"ဆိုပါတော့"

"ခင်ဗျားကတော့ တော်တော်ကံထူးတဲ့ လူပဲဗျို့။ ဆရာကြီးနဲ့ အင်တာဗျူးဖို့က လွယ်တာမဟုတ်ဘူး။ ဆရာကြီးက အလုပ်တအား များတာလေ။ သူ့ဆီ ခင်ဗျားလို သတင်းထောက်တွေ ခဏခဏလာကြတယ်။ ဒါပေမဲ့ ဆရာကြီးနဲ့ စကားလက်ဆုံပြောခွင့်ရတဲ့လူက ခပ်ရှားရှား။ ခင်ဗျားကရော ဆရာကြီးနဲ့တွေ့ဖို့ ကြိုတင်ရက်ချိန်းယူထားတာလား"

ဖြေရကြပ်သွားသည်။ အိတ်ထဲစာရွက်ပဲ ထုတ်ပြရမည်လား၊ အဖြစ်မှန်ကိုပဲ ပြောပြရမည်လား။ နောက်ဆုံးတော့ . . .

"အင်း . . . ယူထားတယ်"

"ဒါဆိုရင်တော့ ခင်ဗျား ကံကောင်းမှာပါ။ ကျွန်တော်တို့က တော့ ဆရာကြီးကို တအားကြည်ညိုတာဗျို့။ အားလည်း ကိုးတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘာကိစ္စပဲဖြစ်ဖြစ် ဆရာကြီးနဲ့ ဆွေးနွေးတိုင်ပင်ပြီးမှ လုပ်ကြ၊ ကိုင်ကြတယ်။ ဆုံးဖြတ်ရခက်တဲ့ ကိစ္စမျိုးဆိုလည်း ဆရာကြီးကိုပဲ အကူအညီတောင်းရတယ်။ ဆရာကြီးဆုံးဖြတ်ပေးတဲ့ ကိစ္စမှန်သမျှ အခုအချိန်အထိ တစ်ခါမှ မမှားဖူးသေးဘူး။ ကျွန်တော်တို့ ပြည်နယ်အတွက်တော့ ဆရာကြီးက နေလို၊ လလို မရှိမဖြစ် ပုဂ္ဂိုလ်ကြီးပဲ။ အဲဒါကြောင့် ခြေအသောင်းခံပြီး ဆရာကြီးဆီ လိုက်ပို့ပေးတာ"



တယ်ဆိုတဲ့ စာပါပင်။ ဒါပေမဲ့ နှစ်ယောက်မေးကြည့်တာ နှစ်သံထွက်နေတာတော့ စဉ်းစားဖို့ကောင်း၏။ ဘယ်သူ့စကားကို ယုံရမလဲ။ သတင်းထောက်ပီပီ ကြားသမျှစကားတိုင်းကို recorder နဲ့ ဖမ်းထားရမည်လား၊ နောက်ကျသွားပေပြီ။ အကြောင်းကား . . .

ပဏ္ဍောဖက်ဆာ ဒေါက်တာကြီးဦးဘမြိုင်

ဝံ့ကြွားခန့်ညားသော ဆိုင်းဘုတ်ကြီးတစ်ခုက သူ့အရှေ့တည့်တည့်မှာ ရှိနေခဲ့ချေပြီ။ စက်ဘီးပေါ်က ဆင်းတော့ . . .

"ဝင်းသွားလိုက် . . . တံခါးဖွင့်ထားရင် ဆရာကြီးရှိတယ်"

သူ့ကိုချပေးပြီး လိုက်ပို့သူ စက်ဘီးနင်းထွက်သွားသည်။ တံခါးဖွင့်ထားသော အိမ်ကြီးတစ်လုံးရှေ့မှာ သူတစ်ယောက်တည်း။ လှေခါးသုံးထစ်တက်ပါက တံခါးဝကို ရောက်မည်။ အိမ်တွင်းလှမ်းကြည့်စဉ် လူရိပ်လူခြည်ကို မတွေ့ရ။

လှေကားမှ တစ်လှမ်းချင်းတက်ကာ အိမ်ဝကိုရောက်တော့ . .

"နေဦးဟေ့ . . . "

မာထန်သော အသံကြီးတစ်ခုအတွင်းမှ ထွက်ပေါ်လာသည်။ ခြေလှမ်းတို့ တုံ့ခနဲ ရပ်သွားမိတော့ . . .

"မင်း . . . မျက်လှည့်ပညာကို ယုံလား"

"ဗျာ . . .

မဆီမဆိုင် စကားကြောင့် လူက အလိုလို 'ဗျာ' မိသွားသည်။

"မျက်လှည့်ကွာ . . . မင်း မျက်လှည့်ပွဲတွေ ဘာတွေ မကြည့်ဖူးဘူးလား"

"ဟုတ် . . . ကြည့်ဖူးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကြည့်ဖူးရင် အဲဒီပညာကို ယုံလား"

"ဟုတ်ကဲ့ . . . ယုံပါတယ်"

အခြားတစ်ယောက် ဝင်ပြောသလို အဖြေများက နှုတ်မှ အလိုလို ထွက်လာ၏။

"ယုံရင် တစ်လှမ်းဝင်လာခဲ့"

တိုက်တွန်းမှုမပါဘဲ အိမ်တွင်းကို ခြေတစ်လှမ်း ရောက်သွားသည်။ အိမ်တွင်းမှာ မည်းမှောင်နေ၏။ သူဝင်လာခဲ့သော ဝင်ပေါက်တစ်ခုမှလွဲပြီး အိမ်တွင်းမှာတော့ အလင်းဝင်ရာ လမ်းမရှိ။ ဒါပေမဲ့ . . .

"ဖျောက် . . . "

ခလုတ်ဖွင့်သံတစ်ချက် ထွက်လာပြီးနောက်မှာတော့ အိမ်ကြီးတစ်ခုလုံး မီးပွင့်တွေ တစ်ပွင့်ပြီးတစ်ပွင့် ထွန်းလင်းလာကာ . . .

"ဟာ . . . "

ပါးစပ်ဟောင်းလောင်း ပွင့်သွားသည်။ စာအုပ်တွေ၊ မြင်မကောင်းအောင် အိမ်ကြီးတစ်လုံးအပြည့်မှ၊ နံရံတွေမှာ၊ စင်တွေပေါ်မှာ၊ ကြမ်းပြင်မှာ . . .

အစုစု အပုံပုံ၊ အလဲလဲ အပြိုပြို။

စာကြည့်တိုက်ကြီးတစ်ခုအတွင်း ရောက်သွားသလားပင် ထင်လိုက်မိပါသည်။ ဒါပေမဲ့ အသံပိုင်ရှင်ပုဂ္ဂိုလ်ကို မမြင်ရသေး။

"မျက်လှည့်ကို ယုံတယ်ဆိုတော့ ဒီပညာအပေါ် မင်းအမြင်လေးကိုလည်း ပြောပြစမ်းပါဦး။ မျက်လှည့်ကို ဘယ်လိုမြင်လဲ။ မင်းဘယ်လိုနားလည်လဲ"

"အရမ်းခက်ခဲနက်နဲတဲ့ ပညာရပ်ကြီးတစ်ခုပါ။ သူ့မှာ ပညာရပ်ပေါင်း များစွာပါဝင်တယ်။ လွယ်လွယ်ပြောရရင်တော့ မျက်လှည့်ဆိုတာ မျက်စိကို လှည့်စားတာပဲ။ ဒါပေမဲ့ အဲလိုလှည့်နိုင်ဖို့က ပညာရပ်တွေ အများကြီး တတ်ထားမှရမယ်။ အလိမ်ပညာ၊ အဝှက်ပညာ၊ ခါးပိုက်နှိုက်ပညာ၊ စိတ်ညို့ပညာ၊ ပုံပြောပညာ၊ သရုပ်ဆောင်ပညာ၊ ဟာသပညာ၊



ချိန်သားကိုက် ဖန်တီးခြင်း အတတ်ပညာ၊ အနေအထိုင်မှင်ကောင်းခြင်း အတတ်ပညာ၊ ပြီးတော့ အယုံသွင်းတတ်ခြင်းပညာ . . . စသဖြင့် ပညာရပ်ပေါင်းများစွာ ကျွန်တော်တို့ မသိနိုင်၊ မမြင်နိုင်သေးတဲ့ ဉာဏ်ယှဉ်သော ဖန်တီးမှုပေါင်းများစွာ၊ လေ့ကျင့်မှုပေါင်းများစွာ ပါဝင်ဖွဲ့စည်းထားတဲ့ အံ့မခန်း ပညာရပ်ကြီးတစ်ခုပါ"

ကိုယ့်ကိုယ်ကိုယ်ပင် အံ့ဩသွားမိသည်။ ဒီစကားတွေ ဘယ်ကဘယ်လို ခေါင်းထဲ ရောက်လာသည်မသိ။

"မဆိုးပါဘူး . . . တော်တော်တော့ စုံပါတယ်။ မျက်လှည့်ဆရာမဟုတ်ဘဲ အဲဒီပညာတွေကို သိမ်းကျုံးတတ်မြောက်ထားတဲ့ လူတချို့ လောကမှာ ရှိနေတယ်ကွ။ တော်တော်ကြောက်ဖို့ကောင်းတယ်၊ ထားပါလေ ဝင်ခဲ့ပါ။ စာအုပ်စင်တွေရဲ့အဆုံးမှာ ငါ မင်းကို စောင့်နေတယ်"

တုံ့နှေးမနေဖြစ်၊ တစ်လှမ်းချင်း ဝင်သွားလိုက်သည်။ ပရော်ဖက်ဆာ ဒေါက်တာဘမြိုင်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပါလဲ။ ချပြထားသော စာအုပ်တွေကတော့ များသွားလောက်ပေသည်။ အလဲလဲအပြိုပြိုဖြစ်နေသော စာအုပ်များကို ရှောင်ရှားရင်း စင်ပေါ်က စာအုပ်များကို ငေးဝဲလေ့လာရင်း အဆုံးတစ်နေရာရောက်တော့ . . .

"ဒီမှာ . . . "

"ဟာ . . . "

အံ့ဩရပြန်ပါပြီ။ ဉာဏ်ဖက်ခြမ်းဆီမှာ ရှင်းလင်းသပ်ရပ်နေသော အခန်းတစ်ခန်းက လက်ရှိရပ်နေသော အခန်းနှင့် ကွဲလွဲခြားနားလွန်းကာ စာအုပ်တစ်အုပ်တလေမျှပင် မရှိဘဲ ခန်းလုံးပြည့် ရှင်းလင်းသပ်ရပ်နေသည်။ အခန်းလယ်မှာ စားပွဲတစ်လုံးကိုချပြီး ဆိုဖာဆက်တီနဲ့ လူကြီးတစ်ယောက်။

"ပရော်ဖက်ဆာကြီး ဦးဘမြိုင်ဆိုတာ . . . "

"ငါပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်က သတင်းထောက်ပါ"

"သိတယ် . . . ဝင်ခဲ့"

အကြားအမြင်များ ရနေတာလား။ ကိုယ့်ကိုယ်ကိုယ်ပင် သတင်းထောက်မှန်း မကြာသေးခင်ကမှ သိထားတာပါ။ ဒါကို . . .

"လာ . . . ထိုင်"

ခပ်ယိုယိုဖြင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်တော့ . . .

"ဘယ်သူလွှတ်လိုက်တာလဲ"

အိတ်ထဲက စာကို ထုတ်ပေးလိုက်၏။

"မင်းအိတ်ထဲက Recorder မြင်လို့သာ သတင်းထောက်ဖြစ်မှန်းသိတာ ကျန်တာတော့ မသိဘူးဟေ့"

သူပေးသောစာကို လှမ်းယူပြီး အဘိုးကြီးက ခေါင်းတညိတ်ညိတ် ဖတ်သည်။ ဒီတော့မှ အကြားအမြင်ပေါက်နေခြင်း မဟုတ်မှန်းလည်း သိရပါသည်။ အဘိုးကြီး စာဖတ်နေစဉ်၌ အခန်းအား လေ့လာမိသည်။ ဘယ်၊ ညာ နံရံနှစ်ဖက်လုံး ရှင်းလင်းလျက်ရှိနေ၏။ ဒါပေမဲ့ အဘိုးကြီးနောက်ကျောဘက် နံရံမှာတော့ အနည်းငယ် ထူးခြားနေသည်။

စနစ်တကျ ဆွဲသားထားပုံရသော နံရံဆေးရေး ပန်းချီကားတစ်ခု . . .



ပြော . . . ”

အူရိုးဘိုးရော့စ် (Ouroboros)။ ကိုယ့်အမြီးကိုယ် အငမ်းမရ မျိုခဲထားသော မြွေတစ်ကောင်ပုံစံ။ ဂမ္ဘီရကျမ်းအဆောင်ဆောင်မှာ တွေ့ထားဖူးသည်။ ဉာဏ်ပညာစွမ်းအားကို အထူးပွင့်လန်းစေသော အဆောင်ဖြစ်၏။ 'MEDIE VAL'ဟု ခေါ်သော အလယ်ခေတ်၊ ခရစ်သက္ကရာဇ် ၅၀၀ မှ ၁၄၀၀ တွင် ပေါ်ပေါက်ခဲ့သော 'ပရီးမေစင်' အသင်းကြီး၏ နိမိတ်ကောင်းအဖြစ် သတ်မှတ်ထားသော ရုပ်ပုံဖြစ်ပါသည်။

'ပရီးမေစင်' အဖွဲ့၏ အဆင့်မြင့်အတတ်များကို လေ့လာထားသူများ၏ အမှတ်သင်္ကေတအဖြစ်လည်း အသုံးပြုကြသည်။ သည်ပုံကို နံရံမှာ ရေးဆွဲထားပုံထောက်တော့ ဒီအဘိုးကြီးများ ရှေးဟောင်းလောကီပညာများကို တတ်မြောက်နားလည်ထားတာလား။

ရှေ့ခန်းမှာရှိနေသော စာအုပ်များ၊ နံရံမှာဆွဲထားသော 'Ouroboros'ပုံ၊ အိမ်ဝရုပ်ရုပ်ချင်း မေးလာသောမေးခွန်း 'မင်း မျက်လှည့်ပညာကို ယုံလား'။

အင်း . . . တစ်ခုခုတော့ တစ်ခုခုပဲ။ ထိုစဉ်မှာပင် . . .

"၂၂ ရာစုမှာ တစ်မုဟုတ်ချင်း တိုးတက်ထွန်းကားလာတဲ့ ပြည်နယ်ကြီးတစ်ခုအကြောင်း . . . ဟုတ်လား"

စကားကို မဆက်ဘဲ မချိတင်ကဲ ပြုံး၏။ ပြီးတော့ 'ဟက်ခနဲ' ရယ်ကာ . . .

"မေးသူရှိလာတော့လည်း ပြောပြရတာပေါ့ကွာ။ ဒါမှလည်း သမိုင်းကို တာဝန်ကျေတဲ့လူ ဖြစ်မှာကွ။ ခဏတော့ စောင့်ဦး . . . ၊ တစ်မနက်လုံး ငါ ဘာမှ မစားရသေးဘူး။ မနက်စာစားရင်းနဲ့ မင်းသိချင်တာတွေ ပြောပြမယ်"

ထို့နောက် ဒေါက်တာဘဖြိုင်ဆိုသူ အဘိုးကြီးက စားပွဲပေါ်မှ ခလုတ်တစ်ခုကို နှိပ်သည်။ လျှပ်စစ်ခေါင်းလောင်းသံများ တစ်အိမ်လုံး



www.burmeseclassic.com

www.burmeseclassic.com

ဆူညံသွားပြီး မကြာလိုက်၊ နောက်ဖက်မှ ထွက်ပေါ်လာသော ခြေသံ တစ်ခုနှင့်အတူ . . .

"ဟင် . . . "

ပုပ်အဲ့ဆိုးရွားလှသော အနံ့သက်တစ်ခုက နှာခေါင်းတွင်းသို့ ပွတ်တိုက်ဝင်ရောက်လာသည်။ ထိုအနံ့က လျှောက်လှမ်းလာသော ခြေသံနှင့်အတူ တဖြည်းဖြည်း နီးကပ်လာကာ မနေနိုင်သည့်အဆုံး လှည့်ကြည့်မိတော့ . . .

"ဟာ . . . "

စားဖိုမှူးဝတ်စုံနှင့် လူတစ်ယောက် ဟင်းရည်သောက်ပန်းကန်လုံးတစ်ခုကို လင်ဗန်းပေါ်တင်ကာ အတွင်းသို့ ဝင်လာသည်။ ချွေးတို့ မျက်နှာတွင် စို့ရွှဲကာ နှာခေါင်းကို အဝတ်စီးထား၏။ လက်ထဲမှ ဟင်းရည်သောက်ပန်းကန်အား အနိုင်နိုင်သယ်လာရပုံမျိုး။ ဆိုးရွားနေသော အပုပ်နံ့များ ထိုဟင်းရည်သောက်ပန်းကန်ထဲမှ ထွက်ပေါ်နေခြင်းပါ။

နံဘေးမှ ဖြတ်စဉ် နှာခေါင်းကို အလျင်အမြန် အုပ်လိုက်ရ၏။ စားဖိုမှူးက သူ့ကို ကျော်ပြီး အဘိုးကြီးရှေ့သို့ ဟင်းရည်သောက်ပန်းကန်ကို ချပေးသည်။ အသက်ကို အောင့်ရင်း စားပွဲပေါ်မှ ပန်းကန်လုံးအား လှမ်းကြည့်မိတော့ . . .

"အေ့ (ဂ်) . . . "

ညှီဟောက်ရွှဲကျိုနေသော မည်းညစ်ညစ်အရည်များ၊ အပေါ်ယံတွင် အမြှုပ်တွေ တစီစီ ထွက်နေသည်။ စားဖိုမှူးက ပန်းကန်ကိုချပြီး လှည့်ထွက်သွား၏။ မထွက်ခင် အဓိပ္ပာယ်များစွာပါသော အကြည့်ဖြင့်လည်း သူ့ကို သနားစဖွယ် ကြည့်သွားသေးသည်။

အဘိုးကြီးက တူနှစ်ချောင်းဖြင့် ပန်းကန်တွင်း ထိုးမွှေသည်။ ရွံ့ရှာဖွယ် အမည်းရည်တွေကြားမှာ ခေါက်ဆွဲဖတ်များ ပေါ်လာ၏။ အပုပ်နံ့က အခုမှ ပိုဟောင်လာကာ . . .



"စားပါဦးလားကွ"

"ဟာ . . . တော်ပြီ"

အကြောက်အကန် ထရပ်သော သူ့ကို ကြည့်ပြီး အဘိုးကြီးက ပြုံးသည်။

"ငါက ဘာလုပ်လုပ် အကျိုးရှိတာပဲ လုပ်တတ်တယ်ကွ။ ဒီမနက်စာက တန်ဖိုးအရမ်းကြီးတယ်။ တန်ဖိုးကြီးသလောက် ခန္ဓာကိုယ်အတွက် အာဟာရတကယ်ဖြစ်တယ်။ အသားတွေကို အပုပ်ခံပြီး အဲဒီကထွက်တဲ့ အရည်တွေ၊ အညှီအချွဲတွေကို ခေါက်ဆွဲနဲ့ ပြန်ကျိုထားတာ။ သီးပင်ငယ်တွေ ရှင်သန်ကြီးထွားဖို့ သဘာဝမြေသြဇာ အပုပ်အစပ် ကျွေးရသလိုပေါ့ကွာ။ လူဆိုတဲ့ ခန္ဓာရုပ်ကြီး ရှင်သန်ကြီးထွားဖို့ကိုလည်း အပုပ်စာ ထည့်ကျွေးပေးရတယ်ကွ။ ဟား . . . ဟား . . . "

တူဖြင့်ညှပ်ကာ ခေါက်ဆွဲကို စားသည်။ အရည်ကို ဇွန်းခွက်ဖြင့် ရှူးခနဲ ခပ်သောက်သည်။ အညှီအချွဲတွေက နှုတ်ခမ်းတစ်ဝိုက်မှာ ပေကျံကုန်၏။ အင်္ကျီလက်မောင်းဖြင့် ပင့်သုတ်ရင်း . . .

"ကောင်းလိုက်တဲ့ မနက်စာ"

"ဝေါ့ . . . "

သည်းမခံနိုင်တော့၍ ထိုးအန်ပါတော့၏။ ဒါပေမဲ့ ဗိုက်ထဲမှာ အစာမရှိသည်ကြောင့် လေကလွှဲပြီး ဘာမှထွက်မလာ။

"အစာမရှိဘူး ထင်တယ်ကွ။ တစ်ဇွန်း၊ နှစ်ဇွန်းလောက် စားသွားပါလား"

"နေ . . . နေ . . . ရတယ်"

အဘိုးကြီးက နှုတ်ခမ်းကို တွန့်ကွေးရင်း . . .

"လူတွေရဲ့ ဓမ္မတာပဲကွ။ မစားရသေးခင်မှာတော့ အကြောက်အကန် ငြင်းကြတယ်။ စားပြီးလို့ အရသာလည်း သိသွားရော သူ့ရဲ့ကျွန်စီးတော့တာပဲ။ ကျင့်ဝတ်တွေ၊ သိက္ခာတွေ မသိတော့ဘူး။ လုပ်သင့်တာ



www.burmeseclassic.com

www.burmeseclassic.com

တွေ၊ မလုပ်သင့်တာတွေ နားမလည်တော့ဘူး။ အတ္တတွေ [illegible] သွားတယ်။ 'ငါ' ဆိုတဲ့တရားကို လက်ကိုင်ထားသွားတယ်။ အဲတော့ ဘာဖြစ်လဲ။ ငါပဲ ခံရတော့တာပေါ့။ ဟား . . . ဟား . . . ဟား . . ."

ဘယ်လိုလူကြီးပါလိမ့်။ အပုပ်နံ့တွေ တသီတဝေ ထွက်နေသော ပါးစပ်နဲ့ ပြောနေသော စကားတွေက . . .

"မစားတာပဲ ကောင်းပါတယ်ကွာ။ စားဖူးလို့ အရသာတွေ့သွားရင် နေရင်းထိုင်ရင်း ငါပါ နေရာပျောက်ဦးမယ်"

"ဘာကို ပြောတာလဲဗျ"

"ရှင်းရှင်းလေးလေကွာ။ ဒီလို မနက်စာက ငါ့ဆီမှာပဲ ရတယ်။ မင်းစားလို့ အရသာသိသွားရင့် ငါ့ဆီက တောင်းတော့မယ်လေ။ ငါက လည်း သဘောမနောကောင်းစွာနဲ့ မင်းကို ဝေမျှပေးတယ်ပဲထား ငါ ဘယ် လောက်ပေးနိုင်မှာလဲ။ လူဖြစ်နေတဲ့အတွက် ကြာရင်တော့ မင်းကို ငြီးငွေ့ လာမယ်။ အဲဒီအခါမှာ မင်းကို ငါ မပေးတော့ဘူး။ မင်းကလည်း ဒီ မနက်စာရဲ့ အရသာကို သိနေပြီ။ စားနေတာနဲ့အမျှ မင်းအတွက် အကျိုး များမယ်ဆိုတာကိုလည်း သိနေပြီဆိုရင် မပေးတာနဲ့ မင်း ငါ့ကို ဒေါသ ထွက်တော့မယ်။ ရန်သူလို သဘောထားမယ်။ ငါ့ဆီက မနက်စာကို ရ အောင် နည်းအမျိုးမျိုးနဲ့ ကြံစည်တော့မယ်။

နောက်ဆုံး မင်းမှာရှိတဲ့ ငါဆိုတဲ့အတ္တ ကြီးရင်ကြီးသလောက် ငါ့ကို ပျက်စီးရာပျက်စီးကြောင်း လုပ်တော့မှာပေါ့။ 'ငါဆိုတဲ့ တံခွန်' အမြင့်ဆုံး ရောက်လာတဲ့အဆုံး ငါ့ကို သုတ်သင်ပစ်တော့မယ်လေ။ ပြီး ရင် မင်းက ငါ့နေရာကို ယူမယ်။ ငါ့ရဲ့စည်းစိမ်ချမ်းသာတွေ၊ မနက်စာ တွေကို မိန့်မိန့်ကြီး သုံးဆောင်မယ်။

အဆိုးဝါးဆုံး အလုပ်တစ်ခုက တစ်ကြိမ်တစ်ခါ ခံစားဖူးတဲ့ အရသာနောက်ကိုလိုက်ပြီး ဒီထက်ကြီးကျယ်သော၊ ချိုမြိန်သော အရသာ တွေရရှိဖို့ မင်း ကြိုးစားတော့မှာ။ မင်းကြောင့် လူပေါင်းများစွာ၊ အသက်



ပေါင်းများစွာ ပျက်စီးရတော့မှာ။ အဲတော့ အခုမနက်စာကို မင်းမစားတာ ဘဲ ကောင်းပါတယ်ကွာ"

စကားဆုံးတော့ တူဖြင့်ညှပ်ကာ ခေါက်ဆွဲကို ပါးစပ်တွင်း ထည့် သည်။ အရသာခံဝါးသည်။ အပုပ်ရည် အညှိအရွဲတွေကို တရှူးရှူး သောက်သည်။ အဘိုးကြီး စားနေပုံကိုကြည့်ပြီး အခုမှ ကိုယ်တောင် စား ချင်လာသလို။

"ကဲ . . . ကဲ . . . မင်းမေးခွန်း ဖြေပေးဖို့ အချိန်တန်ပြီ၊ Recorder ဖွင့်လိုက်တော့"

ပေရေနေသော နှုတ်ခမ်းကို လက်မောင်းအိုးဖြင့် နောက်တစ် ကြိမ် ထပ်သုတ်၏။ ပြီးတော့ အပုပ်နံ့တွေ လှိုင်လှိုင်ထွက်နေသော ပါးစင် ကြီးကို ဖြဲကာ . . .

## အခန်း (၁)
## ပြည်နယ်ကြီး

ကြည့်စမ်းပါဦး . . . လှလိုက်တာ။ အစိမ်းရောင် မြကမ္ဘလား တော့ မဟုတ်တော့ပါ။ ခေတ်တွေ၊ စနစ်တွေ၊ အခေါ်အဝေါ်တွေ ပြောင်း သွားပြီ။ အစိမ်းရောင် သဘော်ဆေးတွေ မြေပုံပေါ် သွန်ချပြီး တံမြက် စည်းနဲ့ ခပ်ညီညီ ဆွဲထားသလို မြင်မြင်သမျှက ယိမ်းနွဲ့စိမ်းလန်းကာ နေသည်။

သူတို့ကို ကြည့်ရင် ရင်အေးတယ်။ အနားကဖြတ်ရင် ရနံ့ချွေး တယ်။ ဒါဟာ ပြည်နယ်ကြီးတစ်ခုလုံးရဲ့ ပြယုဂ်ပဲ။ ဂုဏ်ယူစရာပါပဲ။ တစ်ကမ္ဘာလုံးကတော့ သူ့တို့ပြည်နယ်ကြီးကို Green-State လို့ အမှတ် ထားလေရဲ့။ ဟုတ်တယ်လေ . . .ဘယ်နေရာကြည့်ကြည့် အစိမ်းရောင် အပင်ငယ်လေးတွေက လေနှင့်အတူ ကကြိုးဆင်နေတာကို။



www.burmeseclassic.com

“မင်းတို့က ဘာလဲ၊ ဘယ်လိုမျိုးလဲ”

www.burmeseclassic.com

မယုံမေးကြည့်။ ဂုဏ်ယူမဆုံးသော လေသံနဲ့ ‘စပါး’လို့ သံပြိုင်ဖြေဆိုကြမယ်။ တကယ်လည်း ‘စပါး’ဆိုသော အပင်တွေက ပြည်နယ်တစ်ခုလုံးရဲ့ ဂုဏ်ကျက်သရေ ဖြစ်နေတာကိုး။

အဲဒီခေတ်၊ အဲဒီအခါက ဆန်စပါးဟာ သူတို့ပြည်နယ်ကြီးရဲ့ အဓိက ထွက်ကုန်။ အရည်အသွေးက ပေါ့သေးသေးမဟုတ်ဘူး။ ကမ္ဘာမှာ နံပါတ်တစ်။ ဒီလိုဆိုတော့ ဘာပြောကောင်းမလဲ။ တစ်ပြည်လုံး ချမ်းသာကြပြီပေါ့။ လက်ဖျား ငွေသီးကြပြီပေါ့။ ကြွယ်ဝချမ်းသာလွန်းလို့ အိမ်နီးချင်းပြည်နယ်တွေကတောင် မနာလို မရှုစိမ့်ဖြစ်ရတဲ့အထိ။

ဘယ်လောက်ထိ စိုက်ပျိုးရေးထွန်းကားလဲဆို အခြားပြည်နယ်တွေက ပညာရှင်တွေတောင် သူတို့ပြည်နယ်ရဲ့ စိုက်ပျိုးရေးနည်းစနစ်ကို လာရောက်လေ့လာ သင်ယူရတဲ့ထိ။ ကဲ . . . ဘယ်လောက် ဂုဏ်ယူဖို့ ကောင်းလိုက်ပါသလဲ။

ဒါပေမဲ့ ထုံးစံအတိုင်း သူတို့လူမျိုးတွေက ကိုယ်ခံအားနည်းတယ်။ ရောင့်ရဲလွယ်တယ်။ အဲတော့ ဘာဖြစ်လဲ။ ကြိုးစားပမ်းစားတည်ဆောက်ခဲ့ရတဲ့ စွမ်းရည်တွေကို လျှော့ချပစ်လိုက်တယ်။

“တော်ပြီပေါ့။ ဒီလောက် ချမ်းသာနေတာ ဘာလို့ ပင်ပင်ပန်းပန်း အလုပ်လုပ်နေတော့မှာလဲ”

“မိုးတွင်းဘက် စပါးစိုက်၊ နွေမှာ စပါးရောင်း၊ ပိုက်ဆံကတော့ ဝင်နေမှာပဲလေ။ ဘာလို့ လုပ်ငန်းတွေထပ်ချဲ့ပြီး သောကရှာတော့မှာလဲ”

ရောင့်ရဲမှုကင်းတဲ့သူတွေ ကျပြန်တော့လည်း အလုပ်ကို နှစ်ဆတိုးလုပ်။ နွေရော၊ မိုးရော စပါးစိုက်၊ ပိုက်ဆံတွေ ဖောဖောသီသီဝင်၊ စိုက်ပျိုးရေး အခြေခံတဲ့ ပြည်နယ်ဖြစ်လို့ စိုက်ပျိုးရေးကောင်းတာနဲ့အမျှ ဆက်စပ်သော လုပ်ငန်းအသီးသီး၊ နယ်ပယ်အသီးသီးဟာလည်း အလိုလိုနေရင်း အောင်မြင်လာ၊ ဝင်ငွေတွေ ဖောသီလာ၊ ဒီတော့ ငွေပိုရအောင်



[illegible]ကြ။ မဆုံးနိုင်တဲ့ သံသရာဝဲကန်တော့ထဲ ပြုံးလို့ပျော်လို့ လည်နေလိုက်ကြတာ၊ တဝဲဝဲလည်နေလိုက်ကြတာ ကိုယ့်ကိုယ်ကိုယ် မုန့်လုံးစက္ကူကပ်လို့ ကပ်နေမှန်း မသိကြဘူး။

ရောင့်ရဲတဲ့သူနဲ့၊ ရောင့်ရဲမှုကင်းတဲ့လူ အဲဒီ အစွန်းနှစ်ပါးကြားမှာ အရေးကြီးသော ကိစ္စတချို့ ပြုတ်ကျန်သွားတယ်။ ရောင့်ရဲတဲ့ အသိုင်းအဝိုင်းက ငွေနဲ့ရောပြီး အရာအားလုံးကို ရောင့်ရဲပစ်လိုက်တယ်။ ရောင့်ရဲမှုကင်းတဲ့ အသိုင်းအဝိုင်းက ငွေနောက်လိုက်ပြီး ကျန်တာတွေ သတိမရတော့ဘူး။

ဘာတွေ မေ့ကျန်သွားတာလဲ။ အခြားတော့ မဟုတ်ပါဘူး။ အမြဲတမ်း မြင်နေပြီး လူတိုင်း မေ့နေတဲ့အရာ . . .

ပညာ . . . ပညာ . . . ပညာ . . .

မေ့ကျန်နေသော အရာများစွာအနက် အဓိကအရေးအကြီးဆုံး တစ်ခု။

သူငယ်ချင်း . . .

ငါတို့ရဲ့ကျောင်းအိုကြီးတွေကို မမေ့လိုက်ပါနဲ့။ ဟောင်းနွမ်းရင့်ရော်နေသော ဆံချည်မျှင် အရှုပ်အထွေးတွေလို့ မထင်လိုက်ပါနဲ့။

အဲဒီမှာ ငါတို့အတွက် သင်ယူစရာတွေ နိုက်မကုန်အောင် ကျန်သေးတယ်။ မင်းကြိုက်တဲ့ အလင်းရောင်၊ မင်းသုံးတဲ့ အဖြူရောင်အကျီ၊ မင်းစီးတဲ့ ရော်ဘာဖိနပ် ဒါတွေနဲ့ ငါတို့ အတိတ်ကို ငါတို့ ပြန်လျှောက်လိုက်ပါ။

မင်း မြင်မယ်၊ တွေ့လိမ့်မယ်။

ချိန်ခွင်တစ်ဖက်ကို မင်း ဝင်ထိုင်၊ တစ်ဖက်ကို ဝါးလုံးထောက်ထားတဲ့ ကျောင်းအိုကြီးကိုပေး။ မင်းဘက်က ပေါ့နေရင် တစ်ခါတည်း မေ့ပစ်လိုက်တော့၊ မင်းဘက်က အလေးချိန်စီးနေရင်တော့ ငါတို့ သူ့ကို ထိုင်ကန်တော့ရမယ်။

www.burmeseclassic.com

www.burmeseclassic.com

ဟောင်းတော့ ဟောင်းနေပြီ။ ဒါပေမဲ့ [illegible] **မဖြစ်သေးဘူး။ အသစ်တွေလို လက်ခံနိုင်ဖို့အတွက် အဟောင်းတွေကို ကြေညက်ထားမှ ဖြစ်မယ်လေ။**

အဲတော့ ခုနဇာတ်လမ်းကို ပြန်ဆက်ရရင် ပညာကို မေ့ပစ်လိုက်တဲ့အတွက် သူတို့ပြည်နယ်ကြီးရဲ့ အပြင်ဘက်မှာ ဘာတွေဖြစ်နေလဲ။ ဘာနည်းတွေ သုံးနေလဲ။ ဘာကို တီထွင်နေကြလဲ။ သူတို့ မသိတော့ဘူး။ ပညာနဲ့ပတ်သက်ပြီး စနစ်တကျ သင်ယူမှု၊ ပျိုးထောင်မှု၊ ပွံ့ပိုးမှု၊ ပညာရှင်မွေးမြူမှု၊ ထိုက်တန်သော ချီးမြှင့်မြှောက်စားမှု ဘာဆိုဘာမှ မရှိတော့ဘူး။ ကောင်းလေရော။

ဒီလိုနဲ့ တစ်နှစ်ပြီးတစ်နှစ် မေ့ထားလိုက်ကြတာ ဆယ်စုနှစ်တစ်ခု မပြည့်ခင်မှာပဲ မေ့လျော့ခြင်းရဲ့ အမှားကို သူတို့လက်တွေကျကျ ခံစားလိုက်ရပြီ။ ထာဝရ တည်မြဲမယ်လို့ ယူဆထားတဲ့ သူတို့ပြည်နယ်ရဲ့ ဆန်စပါးတင်ပို့မှုဟာ တစ်မုဟုတ်ချင်း ထိုးဆင်းသွားတယ်။

ဘာဖြစ်လို့လဲ။

ကိုယ့်ဆီလာပြီး စိုက်ပျိုးရေးနည်းစနစ်လေ့လာသွားတဲ့ ပညာရှင်တွေက သူတို့ရဲ့ ခေတ်မီအတတ်တွေနဲ့ ပေါင်းပြီး ဆန်စပါး စိုက်ပျိုးလိုက်တာ နှစ်အနည်းငယ်အတွင်း အကြီးအကျယ် အောင်မြင်သွားတယ်။ အရည်အသွေးကလည်း အဆပေါင်းများစွာ ပိုမိုကောင်းမွန်သွားတယ်။

ဒီတော့ ထုံးစံအတိုင်း ပိုကောင်းတဲ့ဟာက ဈေးကွက်မှာ ဦးဆောင်သွားတာပေါ့။ ပထမတော့ မသိသာဘူး။ ဒါပေမဲ့ နှစ်တွေကြာလာတာနဲ့အမျှ တဖြည်းဖြည်း ကွာခြားသွားလိုက်တာ ဆယ်စုနှစ်တစ်စုလောက်လည်းရောက်ရော လုမ်းခေါ်လို့ မကြားတော့တဲ့ အကွာအဝေးကို ရောက်သွားတယ်။

ပြည်နယ်ရဲ့ ဝင်ငွေဟာ သိသိသာသာ လျော့နည်းသွားတယ်။ စီးပွားရေးတွေ တစ်ရှိန်ထိုး ကျဆင်းသွားတယ်။



ဒီတော့ ပြည်နယ်တွင်းမှာနေတဲ့ အထက်ပိုင်း ပုဂ္ဂိုလ်တွေ ခေါင်းချင်းရိုက်ရပြီ။ ဒီကိစ္စကို အမြန်ဆုံး ဖြေရှင်းမှ ရတော့မယ်။

ပြဋ္ဌာန်းထားတဲ့ စီးပွားရေးမူဝါဒအရ ပြည်နယ်စီးပွားရေးကို လူကြီးနဲ့ပေါင်းပြီး ဦးဆောင်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်တိုင်း ဆံချည်တစ်မျှင်လောက်တောင် အရှုံးပေါ်လို့ မဖြစ်ဘူး။ ဘယ်သူတွေ ဘာဖြစ်ဖြစ် သူတို့ အမြတ်ကျန်ရမယ်။ ဒါသည် လက်ရှိပြဋ္ဌာန်းထားတဲ့ စီးပွားရေးပေါ်လစီ။

ဒီတော့ သူတို့ မရှုံးဖို့အရေး အကြီးအကျယ် တိုင်ပင်ဆွေးနွေးရပြီပေါ့။ တစ်ယောက်တစ်မျိုး ထင်ရာဝင်ပြောနေကြတာနဲ့ တစ်နေ့ကုန်တာတောင် လိုရင်းအချက်ကို မဆုပ်ကိုင်မိဘူး။ မိုးချုပ်လို့ အစည်းအဝေးသိမ်းခါနီးမှ လုပ်ငန်းရှင်တစ်ယောက်က ထပြောတယ်။

"ဒီကိစ္စ ဘယ်လိုမှ အဖြေရှာမရရင်တော့ လုပ်စရာတစ်ခုပဲ ရှိတော့တယ်"

"ဘာလဲ"

"ဘယ်လိုလုပ်မှာလဲ"

အတ္တဘောကြီးတို့ လူတစ်စု ခေါင်းတွေ မော့သွားတယ်။

"ကျွန်တော်တို့တွေ ဆရာကြီး ဝေဠုနသန်ဆီ သွားဖို့ လိုနေပြီ"

## အခန်း (၂)
## ဆရာကြီး ဝေဠုနသန်

ပေါ့သေးသေးတော့ မဟုတ်ဘူး။ အဲဒီခေတ်ရဲ့ အကျော်ကြားဆုံး အတွေးအခေါ်နဲ့ စီးပွားရေးပညာရှင်။ ဝင်ငွေစီးဆင်းမှု၊ ထိန်ချုန်မှု မိုးယူမှု အတတ်ပညာတွေနဲ့ ပတ်သက်ပြီး ကျမ်းပေါင်းအဆောင်ဆောင် ပြုစု



www.burmeseclassic.com

www.burmeseclassic.com

ထားတဲ့လူ။ နိုင်ငံတကာ အသိအမှတ်ပြု ဘွဲ့တံဆိပ်တွေတောင် ရှိထားတယ်လို့ ကြားသိရတယ်။

ဒီလိုဆိုတော့ ငွေရဖို့ကလွဲပြီး ကျန်တာ ဘာမှမသိတဲ့လူတစ်ရ ဆရာကြီး ဝေဠုနသန်ဆီ ဆည်းကပ်ရပြီပေါ့။ အတ္တဘောကြီးတစ်စုရဲ့ ကယ်ပါယူပါ စကားတွေကို နားထောင်ပြီး ဆရာကြီးက ပြုံးတယ်။

ပူစရာ မလိုပါဘူးတဲ့။ အမိက ပို့ကုန်ဝယ်လိုအား ကျဆင်းရုံ မကလို့ လုံးဝမဝယ်လည်း ကိစ္စမရှိပါဘူးတဲ့။ ထိုစကားကြားတော့ ထွက် နေသောလျှာတွေ အတွင်း ပြန်ဝင်ကုန်ကြတယ်။ ဆရာကြီး ဆက်လက် မိန့်ကြားတော်မူသော စကားက . . .

သူတို့နေထိုင်ရာ ပြည်နယ်ကြီးဟာ ကမ္ဘာမှာ ရှားပါးပြည်နယ် ကြီးတစ်ခု ဖြစ်ပါတယ်တဲ့။ ဘယ်နေရာ၊ ဘယ်ဒေသ၊ ဘယ်အရပ်မှာမှ မရှိတဲ့ မြေပေါ်၊ မြေအောက် သဘာဝသယံဇာတတွေ ပေါကြွယ်ဝလို့ အဲဒါတွေသာ ထုတ်ရောင်းရင် ပြည်နယ်စီးပွားရေး ပြန်ဦးမော့လာရုံမက ဘဲ ကမ္ဘာ့အချမ်းသာဆုံး ပြည်နယ်ကြီးတောင် ဖြစ်သွားနိုင်ပါတယ်တဲ့။

အတ္တဘောကြီးတို့တစ်တွေ တစ်ယောက်ကိုတစ်ယောက် ကြည့် ပြီး မော်တာနဲ့ မှုတ်နေသလို သွားရည်တွေ တဝေါဝေါ ထွက်ကုန်ကြ ပြီ။ ထွက်လည်း ထွက်လောက်တယ်လေ။ ဒီလိုသာဆိုပါက သူတို့တွေ အကုန်လုံးလည်း ကမ္ဘာ့အချမ်းသာဆုံးစာရင်း ဝင်သွားနိုင်တယ်။

"ဘယ်လိုလုပ်ရမှာလဲ"

"ကျွန်တော်တို့ ဘာတွေ ထုတ်ရောင်းရမှာလဲ မြန်မြန်ပြောပြ ပေးပါ"

"ချမ်းသာမယ်ဆိုလို့ကတော့ မိန်းမကလွဲပြီး ကျန်တာအကုန် ရောင်းမယ် . . . ဗျို့"

"ကျုပ်ကတော့ မိန်းမတောင် မချန်ဘူးဗျာ။ အဲလောက်ထိ ငွေ အပေါ် သစ္စာရှိတာ"



တစ်ယောက်တစ်ပေါက် အသံတွေ ဆူညံကုန်တယ်။ တစ်ချိန် လုံး ငြိမ်နေတဲ့ စီးပွားရေးသမားတစ်ယောက်က အကုန်လုံးကြားလောက် အောင် အသံကို မြှင့်ပြီး . . .

"ဒီလိုတော့ ရှိပါတယ် . . . ဆရာကြီး။ သယံဇာတရောင်း တာတော့ ဟုတ်ပါပြီ။ ဘယ်လိုသယံဇာတမျိုးဆိုတာလည်း ပြောပြပါဦး။ နောက်ပြီး ကျွန်တော့်အမြင်လေးကိုပါ တစ်ခါတည်း ပြောပြချင်ပါ တယ်။ နိုင်ငံခြားက အသိပညာရှင်၊ အတတ်ပညာရှင်တွေ ခေါ်ယူပြီး ရင်းနှီးမြှုပ်နှံရမယ့် လုပ်ငန်းမျိုးဆိုရင်တော့ ကျွန်တော် လုံးဝ မနှစ်သက် ပါဘူး။ စရိတ် အရမ်းကြီးပါတယ်။

ရှင်းရှင်းပြောရရင် အဲဒီစရိတ်စကကို မတတ်နိုင်ဘူးဆိုတာ ထက် ပေးကိုမပေးချင်တာပါ။ ဈေးပေါပေါနဲ့ရတဲ့ ပြည်တွင်းအလုပ်သမား တွေကျတော့လည်း အဲဒီပညာမျိုး မတတ်ကြဘူးလေ။ ပြီးတော့ ကျွန်တော် တို့ဆီမှာ လိုအပ်တဲ့ စက်ပစ္စည်းတွေ မရှိဘူး။ ငှားရမ်းရင်လည်း ကျွမ်းကျွမ်း ကျင်ကျင် အသုံးပြုတတ်သူတွေပါ ထပ်ခေါ်ရမယ်။ ဒီလိုဆို စရိတ်စက ထပ်ကြီးဦးမယ်။ အဲတော့ အလွယ်ဆုံးနဲ့ အမြန်ဆုံးချမ်းသာမဲ့ နည်းလမ်း ကိုသာ ပြောပြပေးပါ"

"ဟုတ်ပါတယ် . . . ဟုတ်ပါတယ် . . . ကျွန်တော်တို့လည်း အဲဒီအဆိုကို ထောက်ခံပါတယ်"

"ကျွန်တော်တို့ကိုယ်တိုင်လည်း ဘာအတန်းပညာမှ မတတ်လို့ အလွယ်ဆုံး အရှင်းဆုံးနည်းကိုသာ ပြောပါ"

ဆရာကြီး ဝေဠုနသန် သဘောကျသွားတယ်။ တင်ပြသူက တကယ့်ကို ရိုးသားလွန်းနေတယ်လေ။ ဘာအတန်းပညာမှ မတတ်ဘူး။ အဲဒါကြောင့် လူပြိန်းနည်းနဲ့ ချမ်းသာမဲ့လမ်းကို တောင်းဆိုတယ်။

ကြည့်စမ်း . . . ဘယ်လောက် ရိုးသားလိုက်ပါသလဲ။ ဘယ် လောက် ဖြူစင်လိုက်ပါသလဲ။ ဆရာကြီးကလည်း ကိုယ့်တပည့်တွေ



www.burmeseclassic.com

www.burmeseclassic.com

အကြောင်း ကိုယ်သိတယ်လေ။ နိုင်ငံတကာက ချီးမြှင့်ထားတဲ့ ဂုဏ်ပြု ဆုတံဆိပ်တွေတောင် ရရှိထားတဲ့ ပုဂ္ဂိုလ်ကြီးပဲ။

ပါးစပ်ဟလိုက်တာနဲ့ စအိုထိ ထုတ်ချင်းပေါက် မြင်နိုင်လောက်သော အတွေးအခေါ်ရှိတယ်။ အရိပ်ပြရင် အကောင်မဟုတ်ဘူး၊ ဗိုလ်ချုပ်ကြီးလောက်ကို မြင်တာ။ ဒီလိုဆိုတော့ ကိုယ့်တပည့်တွေရဲ့ စဉ်းစားချင့်ချိန်နိုင်စွမ်းကို ကောင်းကောင်းသိတာပေါ့။

ဝေဠုနသန်ဆိုတာ ဘာလဲ။ ဘာကြောင့် အခုလို ဒိတ်ဒိတ်ကြဲ စီးပွားရေးလုပ်ငန်းရှင်တိုင်း ဆည်းကပ်ကိုးကွယ်နေကြသလဲ မေးစရာ မလိုတော့။ သံသယဖြစ်စရာ မလိုတော့။

မိန့်ခြွေလိုက်သော စကားတစ်ခွန်းက သူ့ဂုဏ်သိက္ခာကို ဆက်လက်တည်တံ့ခဲ့စေပြီ။

"သစ်ပင်တွေ ခုတ်ရောင်းကွာ။ မင်းတို့ သေချာပေါက် ချမ်းသာလိမ့်မယ်"

ဘယ်လောက် စူးရှတောက်ပြောင်လွန်းတဲ့ အတွေးအခေါ်ပါလဲ။ သဘာဝပတ်ဝန်းကျင်မလို၊ ဂေဟစနစ်မလို၊ ရာသီဥတုမလို၊ ဇီဝမျိုးစိတ်မလို၊ ဘာဆို ဘာမှမလိုတော့။ 'သစ်ပင်တွေ ခုတ်ရောင်း၊ ချမ်းသာမယ်'။

ဒါပဲ။

ထိုင်နေကြတဲ့ အတ္တဘောကြီးတွေခမျာ တရားထူးရသလို ရုတ်ခြည်း ဉာဏ်အလင်း ပွင့်သွားတယ်။ ဟုတ်ပါရဲ့ . . . ဘယ်လောက် လွယ်ကူသော သူဌေးဖြစ်နည်းပါလဲ။ ဒါကို ဘာကြောင့် အစက သတိမထားခဲ့မိပါလိမ့်။

သူတို့တွေအကုန်လုံး ဆရာကြီး ဝေဠုနသန်ကို ညီညာဖျဖျ ဦးချကန်တော့လိုက်ကြတယ်။ ဒါသည်သာ 'အတတ်လည်းသင်၊ ပွဲပြင်ဆုံးမပါ'၊ ဆရာကြီးမိန့်ခြွေသော စကားသည်သာ ဆင်းရဲခြင်းမှ လွတ်ကင်းကြောင်း တရားစစ် တရားမှန်ပါ။

'သစ်ပင်တွေ ခုတ်ရောင်း၊ ချမ်းသာမယ်'

ဘယ်လောက်ထိရောက်တဲ့ အဆုံးအမပါလဲ။

လူပြိန်းတိုင်း နားလည်နိုင်တယ်။

ဦးနှောက်တစ်ရွေးသားရှိသူတိုင်း သဘောပေါက်နိုင်တယ်။

ဩော် . . . ကောင်းလွန်းပေစွ။

ဝေါဟာရ ကြွယ်လွန်းပေစွ။

ဘယ်လိုလူကို ဘယ်လိုစကားပြောရမယ် သိတတ်လွန်းပေစွ။

အတ္တဘောကြီးတို့အုပ်စုမှာတော့ ရင်တစ်ဝက် အေးသွားရချေပြီ။

**အခန်း (၃)**

**ဆွေးနွေးပွဲ**

ကမ္ဘာလောကကြီးတစ်ခုလုံးက လမ်းဘေး ကြက်ဝိုင်းတစ်ဝိုင်းရဲ့ ရုန့်ရင်းကြမ်းတမ်းမှုမျိုးကို ဆောင်နေတယ်။

ဗလွတ်ရွတ်တစကားတွေ၊ အဆိုင်ေ မတည့်မှုတွေ၊ ရန်လိုမှုတွေ၊ ငြင်းခုန်မှုတွေ၊ အရှက်ကင်းလွတ်မှုတွေ၊ မထီမဲ့မြင်မှုတွေနဲ့ ရှုပ်ယှက်ခတ် ပြီးနေတယ်။ ခွဲထနေတဲ့ ကြက်ကိုကြည့်ပြီး ပြိုင်ဘက်ကြက်ဆရာတစ်ယောက်ရဲ့ ညှာတာမှုကင်းသော အပြုံးတွေကိုလည်း မြင်ရရဲ့။ အခုလည်း ကြည့်ဦးလေ။

ဆရာကြီး ဝေဠုနသန်ဆီက ပြန်လာတဲ့လူတိုင်းရဲ့ ရင်မှာ မီးတောက်နေကြပြီ။ ဘယ်သူနဲ့ပေါင်းပြီး ဘယ်တောကို ရှင်းရမလဲဆိုတဲ့ အတွေးတွေက လူတိုင်းရင်မှာ ရှိနေပြီ။

ဒါပေမဲ့ လက်ရှိပြဋ္ဌာန်းထားတဲ့ ပြည်နယ်ရေးပေါ်လစီအရ ပွင့်လင်းမြင်သာမှု ရှိရမယ်။ အများဆန္ဒသဘောနဲ့အညီ ဖြစ်ရမယ်။ ဒီအတွက်လည်း သူတို့ အကျေအလည် တိုင်ပင်ခဲ့ကြရဲ့။

www.burmeseclassic.com

www.burmeseclassic.com

နောက်သုံးရက်လောက်ကြာတော့ ပြည်နယ်တစ်ခုလုံးမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင် အားလုံးကို ဖိတ်ကြားပြီး သစ်ခုတ်ခြင်းဆိုင်ရာ သမိုင်းဝင် နီးနှောဖလှယ်ပွဲကြီးတစ်ရပ်ကို ဆယ်ရက်တိုင်တိုင် ကျင်းပစ်လိုက်တယ်။

ဆယ်ရက်လုံးလုံး မနေမနား ဆွေးနွေးလိုက်ကြတာ တက်ရောက်သူ လုပ်ငန်းရှင်တွေမှာ ဖတ်ဖတ်ကိုမောလို့။ ဒါပေမဲ့ ဆယ်ရက်မြောက်နောက်ဆုံးနေ့မှာတော့ ကြိုးစားမှုနဲ့ အသီးအပွင့်တွေကို သူတို့ ခံစားနိုင်ပါပြီ။ မျှော်လင့်ခြင်းရဲ့အလင်းရောင်ကို သူတို့ ရရှိခဲ့ပြီ။

ပြည်သူတွေသိစေဖို့ ဆွေးနွေးပွဲရလဒ်ကို ညနေသတင်းမှာ ထည့်သွင်းကြေညာလိုက်တယ်။

သစ်ခုတ်ခြင်းဖြင့် ရရှိနိုင်မည့် အကျိုးခုနစ်ချက် ရှိပါတယ်တဲ့။ အဲဒါတွေကတော့ . . .

၁။ နိုင်ငံခြားဝင်ငွေရရှိခြင်း၊

၂။ သစ်တောများမရှိတော့သည့်အတွက် သားရဲတိရစ္ဆာန်တို့ အန္တရာယ်မှ ကင်းဝေးရခြင်း၊

၃။ တောခြောက်မခံရခြင်း၊

၄။ မည်သည့်အကွာအဝေးမှဖြစ်ဖြစ် တစ်ဦးနဲ့တစ်ဦး ရှင်းလင်းပြတ်သားစွာ မြင်ရခြင်း၊

၅။ ကွေ့ပတ်သွားစရာမလိုဘဲ တစ်နေရာမှတစ်နေရာ လွယ်ကူစွာ သွားလာနိုင်သဖြင့် ခရီးတွင်ခြင်း၊

၆။ တောကောင်များကို အရှင်ဖမ်းကာ ပြည်ပသို့ တင်ပို့ရောင်းချနိုင်သဖြင့် ပြည်နယ်ကြီးအတွက် ပို့ကုန်လုပ်ငန်း သစ်တိုးခြင်း၊

နောက်ဆုံးအချက်ကိုတော့ အကြိုက်ဆုံးပါပင်။



၇။ ပြည်နယ်ကြီးအတွင်း၌ အလုပ်လက်မဲ့ဦးရေ တိုးပွားနေသည်ဖြစ်ရာ ထိုသူတို့အား နေ့စားသစ်ခုတ်ခိုင်းခြင်းဖြင့် အလုပ်လက်မဲ့ဦးရေကို လျှော့ချပြီးသားဖြစ်ခြင်း။

ဘယ်လောက်မှန်လိုက်တဲ့ တွေ့ရှိချက်တွေပါလဲ။ လုံးဝငြင်းကွက်မရှိအောင် မှန်လွန်းနေတော့ ပြည်သူတွေခမျာ တအံ့တသြဖြစ်ရတယ်။ သတင်းမှ ထုတ်ပြန်ချက်တွေကို ကြည့်ပြီး ပါးစပ်ဟောင်းလောင်းပွင့်ရတယ်။

တစ်ပြိုင်တည်းမှာပဲ အသိဉာဏ်ပညာ ကြီးမားလွန်းသူတွေအဖြစ် ကြည်ညိုလေးစားရတယ်။ ဒီလို အထင်ကရ ပုဂ္ဂိုလ်ကြီးတွေလက်အောက်မှာနေရတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူမဆုံး ဖြစ်မိပါတယ်။

အလိုလိုနေရင်းကို အသက်၊ အိုးအိမ်၊ စည်းစိမ်အတွက် နွေးထွေးလုံခြုံသွားသလိုပါပဲ။

ဒီလောက်ကောင်းမွန်တဲ့ တွေ့ရှိချက်တွေကို မြင်ရ ကြားရတော့ ဘယ်လိုလူမျိုးမှ မကန့်ကွက်နိုင်တော့ဘူးလေ။

ဒီလိုဆိုတော့ ကန့်ကွက်သူမရှိ၊ ထောက်ခံသူ (၁၀၀) % နဲ့ သစ်ခုတ်ခြင်းအကြောင်းအရာမှာ အတည်ဖြစ်သွားတယ်။

မကြာပါဘူး . . .

ပြည်နယ်နှင့်အဝှမ်း ခုတ်ထွင်ရှင်းလင်းကြပါပြီ။

## အခန်း (၄)
## ဆရာဝန်ကြီး

ထိုပြည်နယ်ကြီးရှိ မြို့တော်ဆရာဝန်ကြီးမှာ လွန်စွာ စိတ်ဆင်းရဲလျက် ရှိနေပါတယ်။ အကြောင်းကား မျက်စိရောဂါဝေဒနာရှင်များ တစ်နေ့တခြား များပြားလာခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com

သစ်တောတွေ ပြုန်းတီးလာတာနဲ့အမျှ အပူရှိန်က ပြည်နယ်ကြီးအတွင်းမှာ တရိပ်ရိပ် တိုးလာတယ်။ တိုက်ကြီးတာကြီး၊ ကွန်ဒိုကြီးတွေမှာ နေနိုင်တဲ့လူတွေ၊ အိမ်ထဲကအိမ်ပြင်မထွက်ဘဲ ဖုန်းလေးတစ်လုံး၊ ကွန်ပျူတာလေးတစ်လုံးနဲ့ အလုပ်လုပ်နိုင်တဲ့လူတွေ၊ Air-Con ခန်းထဲမှာ တစ်နေကုန် နစ်မြုပ်နေနိုင်တဲ့ လူတွေကလွဲပြီး ကျန်လူတွေအကုန် ဒုက္ခတွေ့ပြီလေ။

လက်လုပ်မှ ပါးစပ်လှုပ်ရတဲ့ဘဝတွေ၊ နေပူပူအောက်မှာ တစ်နေကုန် လှုပ်ရှားရုန်းကန်ပါမှ စားဖို့ အနိုင်နိုင်ဖြစ်ရတဲ့လူတွေ၊ လက်လုပ်လက်စားတွေ၊ ဖိုက်စတားအဆင့်ရှိ ဟိုတယ်ကြီးပေါ်မှာ ထိုင်ပြီး ဆေးလိပ်လေးဖွာ၊ ကော်ဖီလေးသောက်ပြီး လောကစည်းစိမ်ကို အပြည့်အဝ ခံစားနေသော ပုဂ္ဂိုလ်တို့၊ လုံးဝ မမြင်ဖူး၊ မတွေ့ဖူးသော အောက်ခြေလူတန်းစားအလွှာတွေ။

သူတို့ပါပဲ . . . ပြည်နယ်ကြီး ဆင်းရဲရင် အရင်ဆုံးခံရတာ အောက်ခြေပြည်သူတွေပဲ။ ပြည်နယ်ကြီး ကပ်ဆိုးကျရင် အရင်ဆုံး စားရမဲ့၊ သောက်ရမဲ့ ဖြစ်တာလည်း အောက်ခြေပြည်သူတွေပဲ။ ပြည်နယ်သားဖြစ်ပါလျက် ပြည်နယ်သား မှတ်ပုံတင်ရှိပါလျက် အနိုင်ကျင့်ခံရပြီး လမ်းဆားရောက်ရတာလည်းအောက်ခြေပြည်သူတွေပဲ။

အဲ . . . ပြည်နယ်ကြီး ချမ်းသာရင်တော့ နောက်ဆုံးမှ ခံစားရတာက အောက်ခြေပြည်သူတွေပါ။

အခုလည်း သူတို့ အရင်ဆုံး ခံနေရပြီ။

နေပူရှိန်က ပြင်းတဲ့အဆင့်ကိုကျော်ပြီး လွန်ကဲတဲ့အဆင့်ကို ရောက်နေပြီလေ။ ဘယ်လောက်ပူလဲဆို ကျန်တာတွေ အသာထား လမ်းခင်းထားတဲ့ ကတ္တရာတွေတောင် အငွေ့ပျံပြီး အရည်ပျော်မတတ်ဖြစ်နေပြီ။ ဒီတော့ အလွန်နုနယ်သော၊ အလွန်ပါးလွှာသော မျက်ကြည်လွှာမှာ ဒဏ်ရာဒဏ်ချက်တွေ ဖြစ်ရပြီပေါ့။



ချမ်းသာသူတွေလို နေကာမျက်မှန်လည်း ဝယ်တပ်နိုင်တာမဟုတ်ဘူး။ တပ်နိုင်တော့လည်း အပေါစားဆိုတော့ တပ်လေ ပိုဆိုးလေ ဖြစ်ဖို့ပဲ ရှိတယ်လေ။

ဒီလိုနဲ့ပဲ မျက်စိဝေဒနာရှင်တွေ ဆေးရုံကို တဖွဲဖွဲ ရောက်လာလိုက်ကြတာ မြို့တော်ဆရာဝန်ကြီးမှာတော့ စေတနာရှင်ပီပီ လူနာတိုင်းကို ကောင်းမွန်စွာ ကုသပေးပါတယ်။ လိုအပ်သော ဆေးဝါးများပေးပြီး လက်တွေ့ကုသနည်းကိုလည်း ပြောပြတယ်။

ဒီလိုပါ . . . မျက်စိမှုန်၊ မျက်စိဝေ၊ မျက်စိအားနည်းသူများ အစိမ်းရောင်ရှိသောအရာ၊ ဥပမာ–သစ်ပင်စိမ်း၊ သစ်ရွက်စိမ်းများကို မကြာမကြာ ကြည့်ပေးရပါမယ်တဲ့။

အဲဒါကြောင့် ဝေဒနာရှင်တွေမှာ အိမ်ပြန်ရောက်တာနဲ့ သစ်ပင်စိမ်းစိမ်းများကို ရှာဖွေကြည့်ရှုကြတယ်။ ဒါပေမဲ့ အလွန်ဆုံး တစ်ပတ်ပါပဲ။ တစ်ပတ်ကျော်တော့ ဝေဒနာရှင်များ ဆေးရုံကို ပြန်လည်စုငေးရောက်ရှိလာကြတယ်။ အားလုံး မျက်နှာမကောင်းကြပါဘူး။

ဘာကြောင့်ပါလဲ။

"ဆရာကြီး . . . ကျွန်တော်တို့ ဘယ်သစ်ပင် သွားကြည့်ရတော့မှာလဲ။ တစ်မြို့လုံး ခုတ်လိုက်ကြတာ သစ်ပင်မပြောနဲ့ သစ်ငုတ်တောင် မကျန်တော့ဘူး"

"လုပ်ပါဦး ဆရာကြီးရယ် . . . ကျွန်မတို့တော့ အခုမှ တကယ်ကန်းပြီနဲ့ တူပါတယ်ရှင်"

"မနေ့ကမှ လမ်းထိပ်ကသစ်ပင် ရှိသေးတယ်။ ဒီနေ့ကြည့်ဖို့သွားတော့ ဘယ်ရောက်သွားမှန်းမသိတော့ဘူး"

တိုင်နေကြပြီ။ မြို့တော်ဆရာဝန်ကြီးကို မျက်စိဝေဒနာရှင်များအားကိုးတကြီးနဲ့ လာတိုင်နေကြပြီ။ ဟုတ်တယ်လေ . . . သစ်ပင်မရှိရင် သူတို့ ဘာသွားကြည့်ရတော့မှာလဲ။ တစ်သက်လုံး မျက်ကန်းတွေအဖြစ် နေသွားရတော့မှာလား။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုဆိုပြန်တော့ လူနာတွေအရေး မြို့တော်ဆရာဝန်ကြီး စဉ်းစားရပါပြီ။ ဒီကိစ္စ မျက်ကွယ်ပြုထားလို့တော့ မဖြစ်တော့ဘူး။ ကြာရင် တစ်မြို့လုံး မျက်ကန်းတွေ ဖြစ်သွားနိုင်တယ်။

ဒါနဲ့ပဲ အုန်းအုန်းကျွက်ကျွက်ဖြစ်နေတဲ့ လူစုကို ပျားရည်နဲ့ ဝမ်းချပြီး ပြန်ခိုင်းလိုက်ရတယ်။

ပြီးတော့ သူကိုယ်တိုင် ဒီကိစ္စကို အလေးအနက်ထား စဉ်းစားပြီး ပြည်သူတွေဘက်က ရပ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ စာတစ်စောင်ရေးပြီး လူကြီးမင်းများထံ တင်ပို့လိုက်ရဲ့။

မြို့တော်၏ ဩဇာတိက္ကမကြီးမားသော စေတနာဆရာဝန်ကြီး ဖြစ်နေတာကတစ်ကြောင်း၊ မျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝပြီး ပြည်နယ်ကြီး ကျန်းမာရေးအတွက် လိုတာမှန်သမျှ ဦးဆောင်လှူဒါန်းခဲ့တာက တစ်ကြောင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ပြီး နာမည်ပျက်မရှိသူ ဖြစ်တာကတစ်ကြောင်းတို့ကြောင့် သူ စာနှင့်အကြံပေးချက်ကို အလေးအနက်ထား စဉ်းစားပေးလိမ့်မည်ဟု မျှော်လင့်ထားမိခဲ့ပါတယ်။

မျှော်လင့်ထားသလိုပါပဲ . . .

တကယ်ပဲ အလေးအနက်ထား စဉ်းစားပေးလေရဲ့။

## အခန်း (၅)
## တယ်တင်ရှင်

နောက်ရက် အနည်းငယ်ကြာတော့ ဆရာဝန်ကြီးအိမ်ရှေ့ကို ကားတစ်စီး ထိုးဆိုက်လာတယ်။ ကားပေါ်မှ ဆင်းလာသူက . . .

“ဆရာဝန်ကြီးနဲ့ တွေ့ချင်လို့ပါ”

“ကျုပ်ပါပဲ . . . ဘယ်သူများလဲ”



“ပြော် . . . ဒီလိုပါ။ ကျွန်တော်က ဒီပြည်နယ်ကြီးရဲ့ အကြီးဆုံး ခရီးသွား စီးပွားရေးလုပ်ငန်းပိုင်ရှင် ဦး . . . ပါ”

“ဆိုပါဦး . . . ဘာကိစ္စများလဲ”

“ကိစ္စကတော့ ဆရာဝန်ကြီးတင်ပြလိုက်တဲ့ စာတစ်စောင်နဲ့ ပတ်သက်နေပါတယ်။ ဆရာကြီးရဲ့စာကို ကျွန်တော်ဖတ်မိချိန်မှာ တကယ်ပဲ ထိခိုက်ခံစားရပါတယ်ဗျာ။ ဝေဒနာရှင်တွေအတွက် စိတ်မကောင်းဖြစ်ရတယ်။ အဲဒါကြောင့် သူတို့တွေကို ကျွန်တော့် တတ်နိုင်သလောက် ကူညီဖို့ လာခဲ့တာပါ”

လိုက်လိုက်လှဲလှဲ ကျေးဇူးတင်ရပါပြီ။ တော်လိုက်တာလေ . . စီးပွားရေးသမားထဲမှာ ဒီလိုလူမျိုးလည်း ရှိသေးရဲ့။ ဆရာဝန်ကြီးခမျာ ဝမ်းသာလွန်းလို့ မျက်ရည်များပင် ဝေသီသွားရကာ . . .

“ပြောစမ်းပါဦး . . . မောင်ရင်က ဘယ်လိုကူညီဖို့များ စဉ်းစားထားလဲ”

“ဆရာကြီးစာထဲမှာ ရေးထားသလိုပါပဲ။ မြို့အနီးဝန်းကျင်မှာ တော့ ဝေဒနာရှင်တွေကြည့်ရှုဖို့ သစ်ပင်၊ ပန်းပင် မကျန်တော့ပါဘူး။ ဒါပေမဲ့ မြို့ကနေ မိုင်နှစ်ဆယ်လောက်အကွာမှာ စိမ်းစိုနေတဲ့ သစ်ပင်တွေ ရှိပါသေးတယ်။ အဲဒီကို သွားကြည့်မယ်ဆိုရင်တော့ ဖြစ်နိုင်ပါတယ်။ ကျွန်တော် စဉ်းစားထားတာက ဒီကဝေဒနာရှင်တွေကို စရိတ်နည်းနည်းနဲ့ နေ့ချင်းပြန်သဘောမျိုး ကျွန်တော် ကားစီစဉ်ပေးပါမယ်။ မနက်သွားကြည့်၊ ညနေပြန်ပေါ့။ အဲဒါကို ဆရာကြီး ဘယ်လိုသဘောရပါသလဲ”

“ဟော . . . ”

မျက်လုံး ပြူးရပါပြီ။ လုံးဝ ထင်မှတ်မထားပါဘူး။ မျက်စိဝေဒနာရှင်တွေအတွက် စဉ်းစားပေးမှု၊ စီစဉ်ပေးမှုက တကယ်ကို ကောင်းမွန်လွန်းနေတယ်လေ။

“ဘယ်လိုသဘောရပါသလဲ . . . ဆရာကြီး”

www.burmeseclassic.com

ပြန်မဖြေနိုင်ပါဘူး။

"ကျွန်တော့်အစီအစဉ်ကို ဆရာကြီး လက်ခံပါသလား"

လူသားချင်း စာနာမှုအားကြီးလွန်းသော ပုဂ္ဂိုလ်ကြီးကို ကြည့်ပြီး ကြောင်နေတုန်းပဲ . . .

"ဆရာကြီး . . . "

" . . . . . . "

"ဆရာကြီး . . . "

နောက်ဆုံးတော့ . . .

"သန်ဘက်ခါ ကျွန်တော် ပြန်လာခဲ့ပါ့မယ်။ ဒီကိစ္စကို ဆရာကြီးတို့ဘက်က သေချာ စဉ်းစားထားစေချင်ပါတယ်"

မုန့်မပေး၍ စိတ်ဆိုးသွားသော ကလေးတစ်ယောက်လို အိမ်ပေါ်မှ ခြေဆောင့်ဆင်းသွားတယ်။ အိမ်ဝရောက်ပြီးကာမှ မကျေချမ်းသလို ပြန်လှည့်၍ . . .

"ဆရာကြီးရဲ့ ဆုံးဖြတ်ချက်ဟာ အတ္တကင်းသော၊ အများအကျိုးအတွက်ရည်ရွယ်သော ဆုံးဖြတ်ချက် ဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းပေးပါတယ်"

ဆရာဝန်ကြီးခမျာ အံ့ဩလွန်းလို့ တစ်နေ့လုံး အ,သွားလိုက်တာ ညရောက်တဲ့အထိ စကားမပြောနိုင်ဘူး။ ဒါပေမဲ့လည်း ရက်ချိန်းက သန်ဘက်ခါဆိုတော့ . . .

နောက်တစ်နေ့မှာပဲ မျက်စိဝေဒနာရှင်တွေကို ခေါ်ယူပြီး တိုင်ပင်ဆွေးနွေးပါတယ်။ ငွေကြေးအနည်းငယ် တတ်နိုင်သူအချို့က ဆရာကြီးကို ယုံလို့ မငြင်းပါဘူး။ ဆင်းရဲသူများကတော့ မတတ်နိုင်ကြောင်း ရိုးသားစွာ ငြင်းရှာတယ်။ ထုံးစံအတိုင်း ဆရာကြီးမှ အိတ်စိုက်ကုဖို့ ဖြစ်လာရပြီပေါ့။



ဒီလိုနဲ့ မကြာခင်အချိန်ပိုင်းတွင်းမှာ ကားကြီးကားငယ် အသွယ်သွယ်နဲ့ သစ်ပင်ကြည့်ခရီးစဉ်သစ်ဟာ မြို့တော်တွင်းမှာ ထူးခြားစွာ ဖြစ်တည်လာပါတော့တယ်။

မနက်ပိုင်း မိုးလင်းတာနဲ့ Air-Con လေအိတ်ကားကြီးတွေ ဆေးရုံရှေ့ ထိုးဆိုက်လာတယ်။ ဆေးရုံမှ မျက်စိဝေဒနာရှင်တွေကို တင်ဆောင်ပြီး သစ်တောရှိရာအရပ်ကို သွားတယ်။ တောစပ်မှာ ကားရပ်ပေးပြီး တစ်နေကုန် ထိုင်ကြည့်ခိုင်းတယ်။ ညနေမိုးချုပ်ကာနီးတော့ ပြန်ခေါ်လာတယ်။

ဘယ်လောက် ပျော်စရာကောင်းလိုက်တဲ့ ခရီးစဉ်ပါလဲ။

ဝေဒနာရှင်တွေမှာ ပျောက်ချင်ဇောနဲ့ တစ်နေကုန် ထိုင်ကြည့်၊ မိုးချုပ်တော့ အိမ်ပြန်နား။ နောက်နေ့မနက် သွားပြန်ကြည့်၊ အလုပ်ဖြစ်ပါတယ်။ တစ်လမပြည့်ခင်ပဲ ဝေဒနာရှင်တွေမှာ ရောဂါတစ်ဝက်လောက် သိသိသာသာ လျော့သွားတယ်။ ဒါပေမဲ့ ပြဿနာ ပေါ်လာပါပြီ။

အဓိကက သွက်လက်လွန်းသော သစ်ခုတ်သမားတွေကြောင့်ပါ။ ကျောင်းပြီးကာစ လူငယ်တွေ၊ လုပ်စရာ အလုပ်မရှိလို့ အိမ်မှာ ထိုင်နေရသူတွေ၊ ခြေရောလက်ရော အားနေသူ လူငယ်ခြေတက်တွေဖြစ်လေတော့ သစ်ခုတ်အလုပ်ပေးပေးချင်း အားကြိုးမာန်တက် ခုတ်လိုက်ကြတာ မျက်စိဝေဒရှင်တို့ နေ့စဉ်လာကြည့်ရသော သစ်တောမှာ တစ်လမပြည့်ခင် ပြုတ်ပြုတ်ပြုန်းသွားတယ်။

ခုတ်တဲ့လူတွေကိုလည်း အပြစ်မဆိုသာဘူးလေ။ နေ့စားသဘောဖြစ်တဲ့အပြင် ခုတ်ပေးတဲ့ အပင်ရေအလိုက် ပိုက်ဆံထပ်ပေးသေးတာဆိုတော့ ဘာဆိုဘာမှ မမြင်တော့ဘူး။ မတ်မတ်မြင်တာနဲ့ ခုတ်ပြီးသားပဲ။ ဒီတော့ ဝေဒနာရှင်များ ငုတ်တုတ်မေ့ရပြီပေါ့။

ကျွတ် . . . ပျောက်ခါနီးကာမှ . . .



www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်ကြီးမှာ လူနာတွေရဲ့ တိုးတက်မှုကို ကြည့်ပြီး ခရီးသွားလုပ်ငန်းရှင်နဲ့ ထပ်မံဆွေးနွေးရပြန်ပါတယ်။

မိုင်ငါးဆယ်အကွာမှာတော့ သစ်တောတွေ ရှိပါသေးတယ်တဲ့။ ဒါပေမဲ့ စရိတ်က နှစ်ဆတိုးသွားမယ်။ လူနာတွေအရေးမို့ မငြင်းသာဘူး။

• • •

နှစ်လကြာတော့ . . .

မိုင်ငါးဆယ်အကွာမှ သစ်တောကြီးလည်း မရှိတော့ဘူး။ ဒါပေမဲ့ မိုင်တစ်ရာအကွာမှာ . . .

• • •

မိုင်နှစ်ရာအကွာမှာ . . .

မိုင်သုံးရာအကွာမှာ . . .

• • •

'သစ်ပင်ကြည့်ခရီးသွားလုပ်ငန်း' ဘယ်လောက် ထွန်းကားသွားသလဲဆို . . .

နှစ်ညအိပ် သုံးရက်။

သုံးညအိပ် လေးရက်လောက်ထိ။

တာဝန်ယူပို့ဆောင်ပေးရတဲ့ စီးပွားရေးလုပ်ငန်းကြီးတစ်ခု ဖြစ်သွားတယ်။

ကားအမျိုးအစား၊ ဝန်ဆောင်မှုအမျိုးအစားပေါ် မူတည်ပြီးလည်း ဈေးအမျိုးမျိုး ကွဲပါတယ်။



ထိုကားပါ စီးနင်းသူတွေအတွက် ပိုက်ဆံ နေ့ချင်းရှင်းရှိသလို၊ သုံးညအိပ်၊ လေးရက် အပြတ်ဘယ်လောက် ဆိုတာမျိုးလည်း ရှိတယ်။

ဝေဒနာရှင်များ နှစ်သက်ရာအမျိုးအစားကို ရွေးချယ်နိုင်ပါတယ်။

**အခန်း (၆)**

**အစာလုပွဲ**

"ကျုပ်ကတော့ ဒါဟာ လုံးဝမတရားတဲ့ကိစ္စလို့ မြင်တယ်"

"ဟုတ်ပါတယ် . . . အမှန်ဆို ဒီလုပ်ငန်းကို ကျွန်တော်တို့လည်း လုပ်ပိုင်ခွင့်ရသင့်တယ်။ အခု ဘယ်သူ့ကိုမှ လွှဲမပေးဘဲ ခင်ဗျားတစ်ယောက်တည်း လက်ဝါးကြီးအုပ်ထားတော့ကြီးက တစ်ကိုယ်ကောင်းဆန်လွန်းတာပါပဲ"

"ဒါကတော့ ကျုပ်ရဲ့ ပါးနပ်မှုပဲလေ။ ဒီခေတ်ကြီးမှာ ဘာအလုပ်ပဲလုပ်လုပ် အိုင်ဒီယာဦးတဲ့လူ စားမှာပဲ။ ဒီခွင်ကို ကျုပ်မြင်လို့ကျုပ်ထွင်တယ်။ အောင်မြင်လာမှ ဈေးကွက်ဝေစု လာတောင်းရအောင်ခင်ဗျားတို့က . . . ဘာလဲ . . . လူမိုက်တွေလား၊ မိုက်ကြေးခွဲတာလား၊ အရှက်နဲ့ ဂုဏ်သိက္ခာရော နည်းနည်းလေးမှ မရှိကြတော့ဘူးလား"

"ဟ . . . စီးပွားရေးလုပ်တာဗျ . . . စီးပွားရေးမှာ ဘာအရှက်တွေ၊ သိက္ခာတွေမှ မလိုဘူး"

"စကားကြီးစကားကျယ်တွေ လာပြောမနေပါနဲ့ဗျာ။ ခင်ဗျားကိုယ်တိုင်ရော အရှက်ရှိလို့လား၊ ခင်ဗျားအလုပ်ကရော သိက္ခာရှိလို့လား။ ခင်ဗျားလည်း ဒီပြည်နယ်ကြီးရဲ့ ထိပ်သီးစီးပွားရေးလုပ်ငန်းရှင်၊ ကျုပ်လည်း (1 to 10) ဝင်ထားတဲ့ စီးပွားရေးလုပ်ငန်းရှင်။ အရှက်မရှိတာချင်း အတူတူပဲ။ သိက္ခာမရှိတာချင်းလည်း အတူတူပဲ။ အတူတူနဲ့ အနူနူကို သူတော်ကောင်းယောင် လာဆောင်မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com

ခရီးသွား စီးပွားရေးလုပ်ငန်းရှင်ကြီး အ... ဟုတ်တယ်လေ . . . သူတို့အားလုံးက လုံးလုံး အရှက်ကင်းမဲ့နေတဲ့ လူတွေဥစ္စာ။ ချက်ကောင်းကိုထောက်တော့ အသံတိတ်သွားရပြီပေါ့။

အဲဒီမှာပဲ တစ်ချိန်လုံးငြိမ်နေတဲ့ လူတစ်ယောက် မတ်တတ်ရပ်လာပါတယ်။ သူ့ကိုတွေ့တော့ ငြင်းခုန်နေသူများ ကိုယ်ရှိန်တန့်သွားတယ်။ အလိုလို ရှိန်သွားတယ်။ အခြားသူ မဟုတ်ဘူးလေ ပြည်နယ်ကြီးတစ်ခုလုံးကို အုပ်စီးထားတဲ့ ကျောက်မျက်လုပ်ငန်းရှင်ကြီး။ နောက်ပိုင်းမှာ ရုပ်/သံ၊ မီဒီယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းတွေလည်း လုပ်ကိုင်လာတယ်။ နာမည်ခံထားတဲ့လုပ်ငန်း၊ နာမည်မခံဘဲ နောက်ကကြိုးကိုင်နေတဲ့ လုပ်ငန်းတွေမှ အများကြီးပဲ။

သူ့ကိုတွေ့တော့ အားလုံးက ရွံ့လည်းရွံ့၊ ကြောက်လည်းကြောက်၊ လေးလည်း လေးစားရတယ်။

ဘာဖြစ်လို့လဲ?

ကိုယ့်ကျင့်တရား ကောင်းလို့လား၊ မှန်ကန်သော နည်းလမ်း၊ သမာသမတ်ကျသော နည်းလမ်းနဲ့ ကြွယ်ဝချမ်းသာလာလို့လား . . . မဟုတ်ပါဘူး။ လုံးဝ မဟုတ်ပါဘူး။ အကွက်ရွှေ့ကောင်းလို့ပေါ့။ ဆေးခါးကြီးကို သကြားဖုံးတတ်လို့ပါ။

ကိုယ်တွင်းမှ ပုပ်သိုးနံဟောင်နေသော စိတ်ယုတ်မာများကို ချိုသာသော စကား၊ စာနာသော အပြုံးလေးများနဲ့ ဖုံးကွယ်နိုင်လို့ပါ။ ပရဟိတလုပ်ငန်းများကို ရှုပ်ရှုပ်ချွံချွံ လုပ်ဆောင်တယ်။ လျှော်လှုပ်လို့၊ ရေကြီးလို့၊ မုန်တိုင်းတိုက်လို့၊ ဒုက္ခရောက်၊ အိုးမဲ့အိမ်မဲ့ဖြစ်နေသော အရပ်တွေကို ကိုယ်တိုင်ကိုယ်ကျသွားပြီး လှူဒါန်းတယ်။ အားပေးစကားပြောတယ်။

သတင်း၊ ဂျာနယ် စသော မီဒီယာစာမျက်နှာထက်တွေမှာ သူ့ပုံကြီးက မမြင်ချင်မှအဆုံး ပါနေတတ်တယ်။



(Green Team) အစိမ်းရောင်အဖွဲ့မှာ အရေးကြီးပုဂ္ဂိုလ်အဖြစ်တာဝန်ယူပြီး ကိုယ်တိုင်က နောက်ကွယ်ကနေ သစ်ပင်ခုတ်တယ်။ လူငယ်လူရွယ်တွေကို မူးယစ်ဆေးဝါးဆိုးကျိုး၊ အရက်သေစာသောက်စားခြင်းရဲ့ အကျိုးအပြစ်များကို တွင်တွင်ဟောပြောပြီး ကိုယ်တိုင်က ဘိန်းစိုက်တယ်၊ အရက်ချက်စက်ရုံ ထောင်တယ်။

လူကုန်ကူးမှု တာကွယ်ရေးဆိုင်ရာ လှုပ်ရှားမှုတွေမှာ ဦးဆောင်ပါဝင်တယ်။ ပြီးတော့ သူကိုယ်တိုင်ပဲ အမျိုးကောင်းသားသမီးတွေကို တစ်ဖက်နိုင်ငံ ရောင်းစားတယ်။

အမျိုးဂုဏ်၊ ဇာတိဂုဏ်တွေ နှုတ်က မနားတမ်းပြောတယ်။ ပြီးတော့ ပိုက်ဆံရှိသူ မည်သည့်နိုင်ငံသားမဆို ကြုံရာမြေကွက်ကို လက်ညှိုးထိုးရောင်းတယ်။

ဒီလို . . . ဒီလို . . . အရည်အချင်းတွေနဲ့ ပြည့်စုံသူကြီး ဖြစ်လေတော့ စီးပွားရေးသမားအချင်းချင်းတောင် ရှိန်ရပြီလေ။ အခု သူထပြောတဲ့ စကားကိုလည်း ကြည့်ဦး။

"အခုလိုသာ ကျုပ်တို့ မညီမညွတ်ဖြစ်နေရင် လူတွေဆီက ပိုက်ဆံကို အကုန်ရယူနိုင်မှာမဟုတ်ဘူး"

အားပါတယ်။ ဩဇာရှိတယ်။ ခြင်္သေ့ကဲ့သို့ ရဲရင့်တယ်။

ငြိမ်သွားပြီ။ စကားတစ်ခွန်းမှ မထွက်နိုင်အောင် ငြိမ်သွားကြပြီ။

"အခုဆို မျက်စိဝေဒနာသည်တွေတင် မဟုတ်ဘူး၊ ပြည်သူတွေတပါ သူတို့အတွက် တတ်နိုင်သလောက် လှူဒါန်းနေကြပြီ။ ပြီးတော့ မြို့တော်ဆရာဝန်ကြီး။ သူ ချမ်းသာတာကို ကျုပ်လည်း သိတယ်။ ခင်ဗျားတို့လည်း သိတယ်။ သူ့ဆီက ပိုက်ဆံတွေကို သိမ်းကျုံးယူနိုင်ဖို့အတွက် ဒါဟာ အခွင့်ကောင်းပဲ။ အဲတော့ ကျုပ်တို့အားလုံး ညီညွတ်မှ ဖြစ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ကျွန်တော်တို့ ဘာလုပ်ရမှာလဲ"

"ကျုပ်အမြင် ပြောရရင်တော့ သူ့ဆီက 'သစ်ပင်ကြည့်ခရီးသွား လုပ်ငန်း' ကို ခင်ဗျားတို့ ဝေစုခွဲဖို့ မလိုပါဘူး"

ခရီးသွားလုပ်ငန်းပိုင်ရှင်မှာ အခုမှ စိတ်သက်သာရာ ရသွားတယ်။

"ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်အလုပ်တွေကို ခင်ဗျားတို့ လုပ်ကိုင်သင့်တယ်"

"ဘယ်လိုအလုပ်တွေလဲ"

"ဥပမာ – လမ်းခရီးတစ်လျှောက် အစားအသောက် ဝန်ဆောင်မှုလုပ်ငန်း၊ ညအိပ်ခရီးဖြစ်နေပြီဆိုတော့ ဟိုတယ်လုပ်ငန်း . . . စသည် ဖြင့်ပေါ့"

ကြည့်စမ်း . . . ဘယ်လောက် မြင်တတ်ပါသလဲ။ ဝေစုခွဲနေတဲ့ လုပ်ငန်းရှင်များ ၎င်း၏ အကြံပေးချက်ကို သဘောကျပြီး လုပ်ငန်းတွေ ခွဲဝေယူလိုက်ကြတာ ချက်ချင်းပဲ သစ်ပင်ကြည့်ခရီးသွားလုပ်ငန်းဟာ ကမ္ဘာ့အဆင့်မီလုပ်ငန်းကြီးတစ်ရပ် ဖြစ်သွားတယ်။

ဆက်စပ်ဖြစ်တည်လာသော ဝန်ဆောင်မှုတွေမှ အများကြီးပေါ့ပဲ။ ဒီလိုဆို မျက်စိဝေဒနာရှင်တို့ သက်သောင့်သက်သာ သွားနိုင်ပြီလေ။ သစ်ပင်လည်းကြည့်ရင်း၊ အပန်းလည်းဖြေရင်း အေးအေးသက်သာ အနားယူနိုင်ပြီ။

ဒါပေမဲ့ မေးစရာမေးခွန်းတစ်ခု လိုလာတယ်။

"နေပါဦး . . . ကျွန်တော်တို့ကျ ပိုက်ဆံဝင်မယ့်လမ်းကြောင်းတွေ ချပေးပြီး ခင်ဗျားက ဘာလုပ်မှာလဲ"

ဟုတ်တယ်လေ . . . ဒါ မေးသင့်တယ်။ အခုဆို 'သစ်ပင်ကြည့်ခရီးသွားလုပ်ငန်း' နဲ့ ဆက်စပ်လုပ်ငန်းမှန်သမျှ ကုန်သလောက် ဖြစ်သွားပြီ။ ဒါဆို သူကရော ဘာလုပ်မှာလဲ။



"ဒီလုပ်ငန်းတွေအားလုံးက ကျုပ်အိုင်ဒီယာ ဖြစ်တဲ့အတွက် ခင်ဗျားတို့ရမယ့် ဝင်ငွေထဲကနေ လုပ်ငန်းတစ်ခုကို ၁၀% စီ ယူမယ်"

ပြီးပြီပေါ့။

## အခန်း (၇)

## ပြဿနာ (သို့) ကြီးပွားရေးလမ်းစ

ဒါပေမဲ့ သူတို့မေ့လျော့နေသော ပြဿနာတစ်ခုရှိပါတယ်။ အဲဒါက တစ်ချိန်မှာ ရှိသမျှ သစ်ပင်အားလုံး မျိုးတုံးပျောက်ကွယ်သွားမယ့် ကိစ္စပါ။

ထိုသို့ ပျောက်ကွယ်သွားပါက မျက်စိဝေဒနာရှင်များ မည်သို့ ဆက်လက်စခန်းသွားရမည်နည်း။ ပြီးတော့ လက်ရှိ နေ့စားအလုပ်ပေးထားသော ဘွဲ့ရပညာတတ်များ၊ အလုပ်လက်မဲ့များကို အဘယ်ကဲ့သို့ အလုပ်ဆက်ပေးမည်နည်း။ ဒါဟာ ပြည်နယ်ကြီးမှာ အကြီးမားဆုံး ကိစ္စတစ်ခု ဖြစ်လာနိုင်ပါတယ်။

ဒီလိုနဲ့ သစ်ပင်တွေ ခုတ်ရောင်းလိုက်၊ ပိုက်ဆံတွေ တနင့်တပိုး ရလိုက်နဲ့ အတ္တဘောကြီးတို့လူတစ်စု ပျော်ပျော်ကြီး နေလာလိုက်တာ အချိန်တစ်ခုကြာတော့ မူးလို့ ရှူစရာတောင် သစ်ပင်မရှိတော့ဘူး။ မြက်ခြောက်ကလွဲပြီး သစ်ပင်နဲ့တူတာ ကန်စွန်းပင်၊ ချဉ်ပေါင်ပင်တောင် မကျန်တော့ဘူး။ အဲဒီမှာ ခုန မေ့နေခဲ့တဲ့ ပြဿနာပေါ်လာပြီ၊ ဘွဲ့ရ၊ အလုပ်လက်မဲ့တွေအတွက် ဘယ်လို စီစဉ်ပေးမှာလဲ။ ထုံးစံအတိုင်း သူတို့အသိဉာဏ်နဲ့ ဘယ်လိုမှ ဖြေရှင်းလို့ မတတ်နိုင်ပါဘူး။ အဲတော့ ဆရာကြီး ဆဌေနသန်ဆီ ပြေးရပြန်ရော ဆိုပါတော့။



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးက အပြောက်၊ အမွှန်းတွေ၊ ကနုတ်ပန်းတွေ၊ ခြူပန်းခြူနွယ်တွေ တန်ဆာဆင်တဲ့ ကျွန်းကုလားထိုင်ကြီးပေါ် ထိုင်ပြီး တင်ပြသော ပြဿနာကို အေးအေးဆေးဆေး နားထောင်တယ်။ ပြီးတော့ တင်ပြသူ အတ္တဘောကြီး၏ ပါးစုံကြီးနှစ်ဖက်ကို မနာမကျင်ရိုက်ရင်း . . .

"ဘာများလဲလို့ ဒီလောက်လွယ်တဲ့ကိစ္စကို ငါ့တပည့်ကြီးတွေ ခေါင်းစားနေကြတယ်ပေါ့။ ဘာမှ စဉ်းစားမနေနဲ့ အဲဒီ ဘွဲ့ရ အလုပ်လက်မဲ့တွေကို တံဆိပ်ကပ်ပြီး နိုင်ငံခြား တင်ပို့လိုက်"

"ဗျာ . . . ဘာအတွက်လဲ"

"ဘာလုပ်ဖို့လဲ"

တစ်ခွန်းတည်း၊ ဆရာကြီးနှုတ်ဖျားမှ ထွက်လာတာက တစ်ခွန်းတည်းပါ။

"အိမ်ဖော်လုပ်ဖို့"

ဂုဏ်ယူလိုက်တော့ . . .

ဒီပြည်နယ်ကြီးမှာ လူဖြစ်လာတဲ့ ပြည်နယ်သားတစ်ယောက် အနေနဲ့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမဆုံး ဖြစ်လိုက်တော့ . . .

## အခန်း (၈)
## တကယ်ကြီးပွားပြီ

နိုင်ငံတကာကို အိမ်ဖော်တွေ တင်ပို့လိုက်တာ ပြည်နယ်ကြီးရဲ့ စီးပွားရေး တော်တော်ချောင်လည်သွားတယ်။ အလုပ်လက်မဲ့ဦးရေကိုလည်း တစ်ဝက်လောက်လျှော့ချပြီးသား ဖြစ်သွားပါတယ်။ ကျန်တဲ့ တစ်ဝက်ကတော့ ထိုကိစ္စကို လက်မခံပါဘူး။

တကယ့်ပြဿနာက အခုမှ စတာပါ။



မျက်စိဝေဒနာရှင်တွေ . . .

သစ်ပင်တွေ မရှိတော့တဲ့အခါ ရာသီဥတုမမှန်၊ ဂေဟာစနစ်ပျက်စီး၊ အပူချိန်လွန်ကဲ၊ အပူချိန်လွန်ကဲတော့ မျက်လုံးကိုထိ၊ နောက်ဆုံးတော့ . . .

မျက်စိဝေသူများ၊ ဝါးသူများ၊ မြင်တစ်ဝက်၊ မမြင်တစ်ဝက် ဖြစ်သူများ၊ တိမ်စွဲသူများ . . . အို . . . အားလုံးအားလုံး ကန်းကုန်ကြပြီ။ လုံးလုံး မမြင်ရတော့ဘူး။ အုံနဲ့ကျင်းနဲ့ကို မျက်ကန်းတွေ ဖြစ်ကုန်ကြတာ။

သူတို့အတွက် ဘာလုပ်ပေးမှာလဲ။

မျက်ကန်းလူထုအတွက် ဘာလုပ်ပေးမှာလဲ။

မေးခွန်းထုတ်စရာတွေ ဖြစ်လာပြီ။

စောင့်ကြည့်စရာတွေ ဖြစ်လာပြီ။

ဘယ်သူသေသေ၊ ငတေမာရင်ပြီးရော လုပ်ရပ်တွေကြောင့် မျက်လုံးတွေ စုံကန်းကုန်ရတဲ့ အောက်ခြေလူတန်းစားတွေကို ဘယ်လို တာဝန်ယူ ဖြေရှင်းပေးမှာလဲ။

ဒီပြည်နယ်ကြီးကို ဘယ်လိုကကြိုးတွေနဲ့ ဆက်ကမလဲ စိတ်ဝင်စားစရာ ကောင်းလာပြီ။

ဒီတစ်ခါတော့ အတ္တဘောကြီးတို့တစ်တွေ ဆရာကြီး ဝေဠုနသန်ဆီ သွားမနေတော့ပါဘူး။

ဆရာကောင်းတပည့် ပန်းကောင်းပန်လေ။

လိမ္မာသောတပည့် ဆရာ့ခြေရာနင်းလေ။

ဆရာထက် တပည့် တစ်လကြီးလေ။

သူတို့ ဖြေရှင်းလိုက်ပုံက ဆရာကောင်းတပည့် ပီသလှတယ်။

"ဘာမှလုပ်မနေနဲ့ ဒီမျက်ကန်းတွေ အကုန် နိုင်ငံခြားတင်ပို့ကြမယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

## ၂၂ ရာစုတွင် တစ်မုဟုတ်ချင်း ချမ်းသာသွားသော ပြည်နယ်ကြီး

ဝယ်ယူလိုက်ကြတာမှ တအားပဲ။ မှာယူလိုက်ကြတာမှ ပို့မနိုင်လောက်အောင်ပဲ။ အမှာများတော့ ဈေးတင်တယ်။ ဈေးတင်တော့ ငွေပိုရတယ်။ ငွေပိုရတော့ ပိုချမ်းသာတယ်။ ဒီလောက် ဈေးတအားကြီးတာတောင် အမှာဘာလို့များလဲဆိုတဲ့ အချက်ကတော့ စဉ်းစားဖို့ ကောင်းပါတယ်။

ဘာဖြစ်လို့ပါလဲ။

နောက်ကြောင်းရှင်းတယ်လေ။ ခေါ်ရကျိုး နပ်တယ်လေ။

ထားရာနေ၊ စေရာသွား

ကျွေးတာစား၊ ခိုင်းတာလုပ်

ပြန်မပြောနဲ့၊ မော်မကြည့်နဲ့

မင်းတို့က နကန်းတစ်လုံးမှ နားမလည်တဲ့

မျက်ကန်းတွေ . . .

• • •

ဒီလိုနဲ့ ၂၂ ရာစုမှာ ပြည်နယ်ကြီးတစ်ခုသည်

ကမ္ဘာ့အချမ်းသာဆုံးစာရင်း ဝင်သွားခဲ့ပါတယ်။

ပညာရှင်တင်ပို့တာ မဟုတ်ဘူး။

ဆရာဝန်တင်ပို့တာ မဟုတ်ဘူး။

မျက်ကန်းတွေ တင်ပို့တာ။

• • •



မျက်ရည်တွေ ကျမိရဲ့

ဝမ်းပန်းတနည်း ငိုမိရဲ့။

ခံပြင်းစိတ်နဲ့ လက်သီးတွေ အကြိမ်ကြိမ် ဆုပ်မိရဲ့။

အတတ်ပညာတည်းဟူသော ကိုယ်ခံအားမရှိလို့

ငါတို့ ခြေလက်တွေသန်မာလျက် ကျိုးရပြီ။

အသိပညာတည်းဟူသော အလင်းရောင်မရှိလို့

ငါတို့ မျက်လုံးတွေ မြင်လျက် ကန်းရပြီ။

• • •

ပညာတည်းဟူသော ဉာဏ်အလင်းကို သယ်ဆောင်လာမည့် မည်သူ၊ မည်သူကိုမဆို . . .

ကျွန်တော်တို့ . . .

ပြီးတော့ . . .

သူတို့ . . . သူတို့တွေ တကယ်ကို မျှော်နေမိပါတော့တယ်။

• • •

အချိန်မီသေး၏။

ပညာရဲရင့်ကြပါစေ။

ပွဲလည်တင့်ကြပါစေ။

ကျွန်တော်တို့ အတူကြိုးစားကြရအောင်ဗျာ



www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

ပရော်ဖက်ဆာကြီး ဒေါက်တာဘမြိုင်၏ စကားများသည် နားထောင်လို့တော့ ကောင်းလှ၏။ ဒါပေမဲ့ သူပြောသမျှအား သတင်းထဲ ထည့်သင့်၊ မထည့်သင့်ဆိုတာတော့ ကျွန်တော် စဉ်းစားရပါဦးမည်။

အဓိကက သူ၏ စိတ်အခြေအနေဖြစ်သည်။

ပရောဖက်ဆာကြီး၏ စိတ်အခြေအနေသည် . . .

သာမန်လား၊

သာမန်မဟုတ်သူလားဆိုတာကို ရှေ့တွင် သူပြုမူခဲ့သော အပြုအမူများကို ကြည့်ပြီး ဆုံးဖြတ်ရပါမည်၊ ချင့်ချိန်ရပါမည်။

ပြီးမှသာ . . .

သိုးဆောင်း

မြန်မာစံတော်ချိန် နံနက်ငါးနာရီ

လေးဆယ်မိနစ် ရှိပါပြီခင်ဗျာ



www.burmeseclassic.com